

ကုလုံ၏ ဟုဝမ်းတောင်း
2006
တက္ကသိုလ်
နေလင်းအောင်
အန္တရာယ်ကြား
တိမ်ဖြူနဂါး
၄ အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၃)
ThiHa Zaw
သိုင်းစာစဉ်များPAGE



တက္ကသိုလ်
အန္တရာယ်ကြား
တိမ်ဖြူနဂါး
စာစဥ် (၃)

တက္ကသိုလ်

# နေလင်းအောင်

---

# အန္တရာယ်ကြားတိမ်ဖြူနဂါး

(စာစဉ်–၃)

## အခန်း(၁)
## စိန်ခေါ်မည့်သူ

လမ်းမကြီးတွင် ဈေးသွားဈေးလာတို့နှင့် ပြည့်နှက်နေ၏။ ဈေးနှင့်မနီးမဝေး၌ တို့ဟူးကြော်ဆိုင်ကလေးရှိသည်။ ထိုဆိုင်ထဲမှာ လူသုံးယောက်ရှိနေလေသည်။ ထိုသုံးယောက်သည် တို့ဟူးကြော် မှာစားနေကြသည်။

ထိုသုံးယောက်မှာ တင်းမိန်၊ ချင်းချင်းနှင့် ဟူတန်ဂိုဏ်းမှ ကျင်းဟို့တို့ပင် ဖြစ်ပါသည်။

ကျင်းဟို့က....

"ကျုပ်တို့ ဆယ့်ငါးရက်လောက်တောင် အချိန်ပိုနေပြီ၊ ဆယ့်ငါးရက် အချိန်ဖြုန်းလို့ရနေတယ်"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒါပေမယ့် သူပြောတဲ့အတိုင်း စောင့်ရမှာပဲ၊ သူလဲ လုပ်ရကိုင်ရဦးမယ် မဟုတ်လား"

ကျင်းဟို့က....

"ဟုတ်တယ်... ဆယ့်ငါးရက်လုံးလုံး အချိန်ဖြုန်းရမယ်ဆို တော့ တော်တော် စဉ်းစားနေရတယ်"

ချင်းချင်း    ပင် ပြောလိုက်လေ၏။

"လွယ်ပါတယ... အချိန်ဖြုန်းတာ သိပ်မခက်ပါဘူး ကျွန်

တို့ မိတ်ဆွေတွေဆီ သွားလည်ကြတာပေါ့"

ကျင်းဟို့ မျက်မှောင်ကုပ်သွားသည်။ တောင်ပင်လယ်ကျွ

မှ လာသူက ပြည်မ၌ မိတ်ဆွေရှိသည်ဆိုသဖြင့် အံ့သြသွားခြင်းဖြ

သည်။

ချင်းချင်းက....

"ကျွန်မမိတ်ဆွေ မဟုတ်ပါဘူး၊ ဖေဖေ့ မိတ်ဆွေပါဘူ

ဝါလင်တောင်ကုန်းမှာ နေပါတယ်"

ကျင်းဟို့က....

"ဝါလင်တောင်ကုန်း ဟုတ်လား"

"ဟုတ်ပါတယ်"

"ဝါလင်တောင်ကုန်းဟာ ဘုန်းကြီးတွေ အများဆုံးနေထိုင်

တဲ့**တောင်ကုန်း**၊ တရားကျင့်နေကြတယ်လေ၊ တရားမထိုင်တဲ့ဘုန်း

**ကြီးတွေ နေလေ့မရှိပါဘူး**"

**ချင်းချင်းက** ရယ်မောလိုက်၏။

"**ကျွန်မက ပြောဖို့** မေ့သွားတယ်၊ ဖေဖေ့ မိတ်ဆွေကဘုန်း

ကြီးတစ်ပါးပဲ၊ **ဟိုးအရင်ကတော့** ဖေဖေနဲ့ပညာသင်ဖက်ပါ"

ကျင်းဟို့**သည် သိုင်းလောကဇဟုသုတရှိသူ** ဖြစ်သည်။

"ကျုပ် သိပါပြီ၊ **မိန်းကလေးအဖေရဲ့ မိတ်ဆွေက** ခြင်္သေ့လုံး

ဓားသမား မဟုတ်လား"

ချင်းချင်းက ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်... သူ ဘုန်းကြီးဝတ်တာ ဆယ်နှစ်မကတော့

ပါဘူး၊ ဖေဖေက ကြုံရင်ဝင်ပြီး ဦးခိုက်ဖို့မှာထားတာ၊ ကျွန်မလဲ တစ်

ခါမှမကြုံဘူး၊ အခု ကျွန်မတို့မှာ အချိန်တွေပိုနေပြီဆိုတော့ ဝါလင်

တောင်ကုန်းကို ဝင်သင့်တာပေါ့"

ကျင်းဟို့က....

"ကောင်းတယ်... ကျုပ်လဲ သူ့ကိုဂါရဝပြုချင်နေတာနဲ့ အ

တော်ပဲ"

တင်းမိန်မှာလည်း သိုင်းလောကဇဟုသုတ နည်းပါးသူမ

ဟုတ်ပါ။ နဂါးလေးကောင်က **သူ့အား သိုင်းလောကဇဟုသုတများ**

ပြောကြားခဲ့သည်။

သူလည်း ခြင်္သေ့လုံးဓားသမားဟူသော**အမည်ကို** ကြားဖူးပါ

သည်။ သို့သော် သူ့အကြောင်း သေချာဂနစ္စာ **မသိပါချေ**။

တင်းမိန်က....

"ကျုပ်က နာမည်တော့ ကြား**ဖူးပါတယ်**၊ သူ့ဘဝဇာတ်

ကြောင်းကိုတော့ မသိပါဘူး"

ကျင်းဟို့က **ပြောလိုက်သည်**။

"သူ့ဘဝဇာတ်ကြောင်းကလဲ စိတ်ဝင်စားဖို့ကောင်းပါ

တယ်"

ချင်းချင်းက....

"ဟုတ်တယ်... ကျွန်မတို့လမ်းသွားရင်းနဲ့ ပြောကြတာပေါ့"

သူတို့သုံးယောက်သည် တို့ဟူးကြော်ဆိုင်တွင်းမှ ထလိုက်

ကြလေ၏။ ကျသင့်ငွေကို ရှင်းပေးလိုက်ပြီး ဝါလင်တောင်သို့ ဦးတည်

သွားကြလေတော့၏။

ခြူငါးလုံးဓားသမား...။

တစ်ချိန်က သိုင်းလောကတွင် ဓားသမားအများအပြား ထွက်ခဲ့၏။ ထိုဓားသမားများအနက် အရှေ့ပိုင်းနယ်တွင် တစ်ပြိုင်တည်း ကျော်ကြားလာခဲ့သော ဓားသမားသုံးယောက်ရှိလေ၏။

ထိုဓားသမားများမှာ ခြူငါးလုံးဓားသမား စီမင်းဝှက်၊ မေတ္တာမဲ့ဓားသမား ကောက်လွီနှင့် ဘွဲ့နာမည်မရှိသော ယင်းဝေယန်း တို့ပင် ဖြစ်ကြပါသည်။

သူတို့သည် **အတူတူတွဲ၍** ထွက်ပေါ်လာခြင်း မဟုတ်ကြပါ။ အရှေ့ပိုင်းပြည်**နယ် ၃နှစ်တွဲ၍ ထွက်**ပေါ်လာခြင်းဖြစ် ပါသည်။

သူတို့**ထဲတွင် ယင်းဝေယန်း၏**အကြောင်းကို အရင်ပြောဆိုပါမည်။ အဘယ့်**ကြောင့်ဆိုသော်** ယင်းဝေယန်း၏အဖြစ်အပျက်သည် အခြားနှစ်ယောက်**ထက်** ထူးဆန်းနေသောကြောင့် ဖြစ်ပါသည်။

ယင်း**ဝေယန်း**မှာ တံငါရွာကလေးမှ ဖြစ်သည်။ သူသည် တံငါသည် မိဘ**နှစ်းပါး**မှ ပေါက်ဖွားလာသည့် တံငါသည်သားသာ ဖြစ်သည်။ တစ်**နေ့တွင် သူသည်** လူထူးလူဆန်းတစ်ဦးနှင့်တွေ့ခဲ့၏။ ထိုသူက သူ၏ကိုယ်**နေဟန်ထားနှင့်** ဉပမိရုပ်ကို သဘောကျသည်။ သူသည် ဓားပညာကို **စတင်သင်ကြား**ရတော့သည်။

သူ သင်ကြားရသည့်ဓားကွက်မှာ စုစုပေါင်း ဓားကွက်ငါး



ကွက်သာ ရှိပါသည်။ တစ်ကွက်လျှင် ကွက်ပြောင်းသုံး**ခုစီပါသဖြင့်** စုစုပေါင်း ကွက်ပြောင်းဆယ့်ငါးခု ပါပါသည်။ အလွန်**နည်းပါး**သည့် ဓားကွက်များသာ ဖြစ်ပါသည်။

သူ့ဓားကွက်ကို မည်မျှအစွမ်းရှိသည်ဟု ယင်းဝေယန်း မသိရှိပါ။ သူ အားသည်နှင့် ထိုဓားသိုင်းကွက်များကိုသာ အပြန်ပြန်အလှန်လှန် လေ့ကျင့်ပါသည်။ ဤသို့ဖြင့် ဤဓားသိုင်းကွက်များကို သူသည် စိတ်ကမသွားဘဲနှင့် လက်က အလိုအလျောက် သွားသည်အထိ ရင်းနှီးကျွမ်းဝင်နေပါတော့သည်။

**တစ်နေ့တွင်** သူတို့၏ တံငါရွာကလေးသို့ ဓားပြများ ရောက်**ရှိလာကြသည်။ ရွာသားများ**ကို ရက်ရက်စက်စက်ရိုက်နှက် နှိပ်စက်**သည်။ မခံနိုင်၍** ပြန်လှန်တော်လှန်သောသူများကိုသတ်ပစ်သည်။ ထိုအခါ တံငါဖမ်း၍ ပြန်လာသောယင်းဝေယန်းနှင့် ဓားပြများ တွေ့ဆုံကြတော့သည်။ ယင်းဝေယန်းက ဓားဆွဲကာ ခုခံသည်။ သူသည် မခံချင်စိတ်၊ နာကြည်းစိတ်များနှင့်သာ ရန်သူများကို ရင်ဆိုင်တိုက်ခိုက်ခြင်းဖြစ်သည်။

သူသည် သေဆုံးမည်ဟု ထင်မှတ်ခဲ့လေ၏။ သို့သော်လက်တွေ့တွင်မူ ဓားပြများသည် သူ၏ဓားကွက်နှစ်ကွက်ကိုပင် မခံနိုင်ကြချေ။ ဓားပြများကို ဒေါသကြောင့် အားလုံးသုတ်သင်ပစ်ခဲ့၏။ ထိုအချိန်မှစ၍ ယင်းဝေယ**န်း၏အမည်မှာ** ကျော်ကြားသွားတော့သည်။

ယင်းဝေယန်းသည် **တိုက်ပွဲကိုအနိုင်**ရပြီးနောက် သူနေထိုင်ရာ ဒေသအနီးတစ်ဝိုက်တွင် ထကြွ**သောင်း**ကျန်းနေသော ဓားပြများ၊ ဒုစရိုက်ဂိုဏ်းသားများကို နှိမ်နင်းတိုက်ခိုက်ခဲ့တော့၏။ နှိမ်နင်းတိုင်း

လည်း အောင်မြင်ခဲ့သည်။

သူ၏ဓားချက်သုံးကွက်အထိ ခံနိုင်သူမရှိဟုပင် အရှေ့ပိုင်း နယ်တစ်ခွင်တွင် ကျော်ကြားသည်ထက် ကျော်ကြားလာတော့၏ ထိုအချိန်က ယင်းဝေယန်းမှာ အသက်သုံးဆယ်ကျော်သာ ရှိပေသေး ၏။

သူ့အကြောင်း ပြောပြီးသော် မေတ္တာမဲ့ဓားသမားကောက် လှီအကြောင်း ပြောရပါမည်။

မေတ္တာမဲ့ဓားသမား ကောက်လှီသည် အသက်**နှစ်ဆယ်** ကျော်ခန့်သာ ရှိပြီး ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်လေသည်။

သူသည် ဓားပညာကို တစိုက်မတ်မတ် လေ့လာခဲ့၏။ သူ အရွယ်ရောက်လာသောအခါ သူ့ထက် နာမည်ကျော်သူများကို တစ် ယောက်ပြီးတစ်ယောက် အနိုင်ယူယှဉ်ပြိုင်ရင်း နာမည်ကျော်လာ သူ ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် နာမည်ကျော်ဓားသမားကို တွေ့သည်နှင့် ယှဉ်ပြိုင်တော့သည်။

သူ၏ဓားကွက်များသည် ရက်စက်ကြမ်းကြုတ်၏။ သူနှင့် ယှဉ်ပြိုင်သူများသည် အနည်းဆုံး ဒဏ်ရာရရှိခဲ့သည်သာဖြစ်ပါသည်။ ထို့ကြောင့် သူ့အား မေတ္တာမဲ့ဓားသမားဟု ခေါ်ခြင်းဖြစ်ပါသည်။ သူသည် တစ်ဘက်ရန်သူအား အသေ သို့မဟုတ် ပြင်းထန်စွာ ဒဏ် ရာရရှိအောင် ပြုမူတတ်သူဖြစ်ပါသည်။

သူသည် ထူးဆန်းသော လူငယ်လူရွယ် ဖြစ်၏။ သိုင်းလော ကတွင် သူသည် ဓားသိုင်းဘုရင်ဘွဲ့ကိုဆွတ်ခူးလိုသူ ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူ့ထက် နာမည်ကျော်သော ဓားသမားတွေ့လျှင်



မရအရ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်တော့သည်။

မေတ္တာမဲ့ဓားသမား ကောက်လှီပြီးလျှင် ခြင်္သေ့လုံး ဓားသ မား စီမင်းဝှက်အကြောင်း ပြောဆိုရပါမည်။ စီမင်းဝှက်သည် ဝါမေ ဂိုဏ်းတွင် ငယ်စဉ်က ဓားပညာသင်ကြားခဲ့ရသူဖြစ်၏။ သို့သော် ကြီး ပြင်းလာသောအခါ ကြုံရာဆရာနှင့် နည်းယူခဲ့သူဖြစ်၏။

သူ၏ဓားမှာ အပြားငါးလက်မခန့်ရှိပြီး ခြင်္သေ့ကလေးငါးလုံး ချိတ်ဆွဲထားသည်။ ထိုထူးခြားချက်ကြောင့် **သူ့အား ခြင်္သေ့လုံးဓားသ** မားဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

သူသည် မာန်မာနကြီး**သူဖြစ်၍ သူ့**အား စိန်ခေါ်လာသူမ ဟုတ်ပါက မတိုက်ခိုက်ချေ။ သူသည် **ချမ်း**သာကြွယ်ဝသည်။ သူနေ ထိုင်ရာ တစ်ပိုက်တွင် သူပိုင် လယ်ယာမြေအမြောက်အမြားရှိသည်။

စီမင်းဝှက်သည် သိုင်းလောကသားဖြစ်ရန် မရည်ရွယ်ပါ။ အကြောင်းမှာ သိုင်းလောကအတွင်း ဖြစ်ပျက်နေသည့်အဖြစ်အပျက် များကို စိတ်ကုန်သောကြောင့် ဖြစ်ပါသည်။

သို့သော် သူသည် ဝါသနာအရ ဓားပညာကို ဆက်လက် ဆည်းပူးလေ့လာခဲ့သည်။

သူသည် သူ၏အရပ်မှ အခြားအရပ်သို့ထွက်ခွာသွားလေ့ မရှိပါ။ သူ့ထံသို့လည်း မည်သည့်ဧည့်သည်မှ ဖိတ်ကြားလေ့မရှိပါ။ မဖိတ်ကြားဘဲရောက်လာသောသူများကိုမူ ဧည့်ဝတ်ကျေစွာ ပြုစု လေ့ရှိပါသည်။

သို့သော် သူ့အား စိန်ခေါ်လာသည့်သိုင်းသမားများ များ ပြားစွာရှိနေပါသည်။ ထို့ကြောင့် ထိုသိုင်းသမားများအား အနိုင်ယူပြီး

နာမည်ကျော်လာသူဖြစ်ပါသည်။

သူသည် ဖြိုင်ဘက်မရှိဘဲ အတော်အတန် ကြာမြင့်စွာ နေခဲ့ရသည့်အတွက် သူ့ကိုယှဉ်ပြိုင်သူမရှိဟု အထင်ရောက်နေခဲ့ပါသည်။ သူသည် ပြိုင်ဘက်ကင်းဟု လက်မထောင်နေခဲ့၏။

အကြောင်းကလည်း ရှိသည်။ သူသည် မေတ္တာမဲ့ဓားသမား ကောက်လှိုနှင့် ကြွားဝါထောင်လွှားမှု မရှိသည့် ယင်းဝေယန်းတို့ထက် ပို၍ နာမည်ကျော်နေသောကြောင့်တည်း။

**ထို့ကြောင့် မေတ္တာမဲ့ဓားသမားနှင့် ယင်းဝေယန်းတို့နာမည်** ကျော်လာသောအခါ သူက ပို၍ဂရုမစိုက်ခဲ့ပါချေ။ ဤကား ခြူငါး လုံးဓားသမား စိမင်းဇုက်၏အတ္တုပတ္တိပေတည်း။

မေတ္တာမဲ့ဓာသမား ကောက်လှိုသည် ယခုရက်ပိုင်းအတွင်း အရက်ကို မကြာခဏ သောက်နေမိ၏။ သူသည် အရှေ့ပိုင်းနယ်တွင် သူကဲ့သို့ နာမည်ကျော်ဓားသမားနှစ်ဦးရှိနေသည်ကိစ္စကို မကျေမနပ် ဖြစ်နေမိသည်။ အဘယ့်ကြောင့်နာမည်ကျော်ဓားသမားနှစ်ဦး ရှိနေရမည်နည်း။ သူသည်သာ နာမည်ကျော်ကြားဆုံးဖြစ်ရမည် မဟုတ် ပါလော။

**သိုင်းလောကတွင်** ပထမ ဓားသိုင်းဘုရင်ဘွဲ့ **ရရန်** မိမိနယ် **မြေတွင် ပထမဆုံး** မိမိတစ်ဦးတည်းသာ **ကျော်ကြားရမည်** မဟုတ်ပါ **လော။ သို့မှသာ** တစ်ပြည်လုံးတွင် မိမိ**တစ်ဦးတည်း ဓားသိုင်းဘွဲ့**ရ



ရန် အခြေခံ လမ်းခင်းပေးခြင်းဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့် ခြူငါးလုံးဓားသမားနှင့် ယင်းဝေယန်းတို့အား ရင်ဆိုင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်လေ၏။

သူသည် ၎င်းတို့နှစ်ဦးထံသို့ ယှဉ်ပြိုင်ရန် ဖိတ်စာများ ပေးပို့ခဲ့သည်။ သို့သော် မည်သူကမျှ တုံ့ပြန်ခြင်းမပြုခဲ့ပါချေ။

အကယ်၍ အခြားအကျိုးအကြောင်းရှိလျှင် ပြန်ကြားစာ တော့ ရေးသင့်သည်ဟု ထင်သည်။ ဤကဲ့သို့ အကြောင်းမပြန်ခြင်း မှာ သူ့အား စော်ကားခြင်းဖြစ်သည်ဟု ယူဆကာ ဒေါသအမျက် ခြောင်းခြောင်း ထွက်ခဲ့လေတော့၏။

**ထို့ပြင် သူ၏ဖိတ်ခေါ်မှုအား** ဂရုမစိုက်သလိုနေခြင်းသည် **သူ့အား အထင်သေးခြင်း**ပင် မဟုတ်ပါလား။

**မေတ္တာဓားသမား** ကောက်လှိုမှာ တွေးလေတွေးလေ ဆွေး မပြေ ဖြစ်နေပါတော့သည်။ တွေးရင်း တွေးရင်း ဒေါသများ ပွားများ **နေမိသည်။** ထို့ကြောင့် ထိုနှစ်ဦးအား မဖြစ်မနေ ယှဉ်ပြိုင်တိုက်ခိုက် **မည်ဟု** ဆုံးဖြတ်လိုက်၏။

ထို့နောက် အရက်အိုးအား ဒေါသဖြစ်ဖြစ်နှင့် ရိုက်ခွဲထွက် **သွားလေတော့၏။**

**နံနက်မိုး**သောက် အလင်းရောက်ချေပြီ။ လှေဆိပ်မှ လှေက လေးများ **တစ်စင်းပြီး** တစ်စင်း ထွက်ခွာသွားကြ၏။ ထိုတံငါလှေ များသည် နံနက်စောစော ထွက်ခွာသွားကြပြီး ညနေဆည်းဆာအ ချိန်မှသာ ပြန်ရောက်လာတတ်ကြသည်။

နံနက်စာ ထမင်းဟင်းကို ဖြစ်သလို ထည့်ယူသွားတတ်ကြ

သည်။ မိုးထဲလေထဲ ဖြစ်သလို စားကြရသည်။ အလွန်တရာ ဆင်းရဲ နုံ့ချာလှသော ဘဝများပါပေ။

သဲသောင်ပြင်တွင် လူတစ်ယောက်ထိုင်နေ၏။ ထိုလူသည် တံငါသည်အများကဲ့သို့ပင် ဖျင်ကြမ်းအင်္ကျီကိုဝတ်ဆင်ထားသည်။ ဘောင်းဘီမှာလည်း နွမ်းရော်ဖြူဖျော့နေလေပြီ။

သူသည် ထွက်ခွာသွားသော နုံ့ချာလှသော **တံငါလှေများ** ကို ငေးကြည့်နေ၏။ သူသည် ဤတံငါသည်များကို **ဆင်းရဲနုံ့ချာလှ သောဘဝမှ** ကယ်တင်လိုပေသည်။ အားလုံးကို **ချမ်းသာစေချင် သည်။ သို့သော်** သူ မကယ်တင်နိုင်ပေ။ အားလုံးသည် **နေထွက်မှနေ ဝင် ပင်ပန်းကြီးစွာ** အလုပ်လုပ်နေကြရသည်သာ ထို**သူမှာ** ယင်းဝေ **ယန်ဆင်** ဖြစ်ပါတော့သည်။

သူသည် တံငါသည်များ၏ခေါင်းဆောင် **ဖြစ်နေပေပြီ။** သူ **သည် ဘဝတူ** တံငါသည်များ၏အကျိုးအတွက် လာရောက်တိုက်ခိုက် **မည့် သူခိုး** ဓားပြရန်များကို ကာကွယ်ပေးရန်အတွက် ခေါင်းဆောင် **ဖြစ်နေ**ရသည်။ တံငါသည်များက ညီညာဖျဖျ ခေါင်းဆောင်တင် မြှောက်ထားခြင်း ဖြစ်သည်။

သူကဲ့သို့ နှိမ့်ချတတ်သူတစ်ဦးကို ခေါင်းဆောင်တင်ထား တံငါရွာကလေးမှာ မများပါ။ သူတို့ရွာသည် ယင်းဝေယန်ကို ခေါင်းဆောင်တင်ပြီးမှ အေးချမ်းသာယာသွားသည်။ ယင်းဝေယန်ရှိ နေသည့်အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ သူတို့ရွာကလေး အား မထိရဲကြတော့ပေ။

ကုန်သည်ပွဲစားများကလည်း ယင်းဝေယန်းကို ကြောက်ရွံ့



**ပြီး** ခေါင်းပုံမဖြတ်ရဲကြတော့ပေ။ ထို့ကြောင့် တံငါသည်များဘဝမှာ ယခင်ကထက် **စိုပြည်**ချောင်လည်လာခဲ့သည်။

ယ**နေ့လည်း** တံငါသည်များ ငါးဖမ်းထွက်သည်ကို စောင့် ကြည့်နေခြင်း **ဖြစ်သည်။** တံငါလှေများက တစ်စင်းပြီး တစ်စင်းထွက် ခွာသွားပေပြီ။ လှေကလေးများသည် တဖြည်းဖြည်း ဝေးကွာသွား လေ၏။

ယင်းဝေယန်းသည် **လှေကလေးများ**ကိုကြည့်ရင်း တဖြည်း ဖြည်း မျက်မှောင်ကုပ်လာ**၏။ အဘယ့်ကြောင့်ဆို**သော် လှေတစ်စင်း သည် နီးနီးလာသောကြောင့်ပေတည်း။

## အခန်း(၂)
## တေးသမားနှစ်ဦး

လေသည် ကမ်းစပ်သို့ တဖြည်းဖြည်း နီးကပ်လာ၏။ လေ
၏ရွက်ကိုကြည့်ခြင်းဖြင့် သူတို့ရွာမှ လေမဟုတ်ကြောင်း ယင်းဝေ
ယန်း သိလိုက်သည်။ မည်သည့်လေနည်း။ မည်သည့်အရပ်မှလာ
သော လေနည်း။ လေဦးတွင် လူတစ်ယောက်ရပ်လျက် လိုက်ပါလာ
ကြောင်း တွေ့လိုက်ရသည်။

နေရောင် ထွက်ပေါ်လာခဲ့ပေပြီ။ နေရောင်ကြောင့် လှိုင်
ကြက်ခွပ်များသည် စိန်ပွင့်ကလေးများနှယ် အရောင်တဖျပ်ဖျပ်
တောက်ပနေ၏။

လှေကလေးမှာလည်း မကြာမီပင် သဲသောင်ကမ်းစပ်သို့
ထိုးနိုက်လာလေတော့သည်။ လှေဦးတွင် အနီရောင်ဝတ်စုံရှည်ကို
ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် လက်နှစ်ဖက်နောက်ပစ်
ကာ ရပ်လျက် ပါလာ၏။

ယင်းဝေယန်း မျက်မှောင်ကုပ်သွားသည်။ အဘယ့်ကြောင့်
ဆိုသော် လှေပေါ်မှလူကို သူ မသိသောကြောင့်ပေတည်း။ သို့သော်
လှိုင်းလေကြောင့် လှုပ်ရှားနေသည့် လှေပေါ်တွင် တည်ငြိမ်စွာ ရပ်
လျက် လိုက်ပါနိုင်ခြင်းက သူသည် သိုင်းပညာတတ်မြောက်ထား



သော လူတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေပေသည်။

သူသည် လှေသမားကို မျက်မှောင်ကုပ်၍ ကြည့်နေ၏။ လှေဦးတွင် ရပ်နေသောလူရွယ်သည် ခြေတစ်ချက်ဆောင့်ပြီး ခုန်ပျံလိုက်ရာ ဝတ်ရုံနီကြီးသည် လေထဲတွင် လွှားခနဲ လွင့်ပျံသွားပြီး သဲသောင်ပြင်ပေါ်သို့ ပျံ့ဝဲကျလာလေ၏။

ယင်းဝေယန်းသည် ထိုမြင်ကွင်းမှာ အလွန်ပင် ကြည့်ကောင်းလှ၏ဟု တွေးနေ၏။ ကြည့်ပါ...။ တပြန့်တပြော ကျယ်ပြောလှသော သဲသောင်ပြင်ကြီးတွင် လှေတစ်စင်း ဆိုက်ကပ်လာပြီး လေထဲ၌ လွှားခနဲခုန်ချလာသော လူရွယ်၏မြင်ကွင်းမှာ ကြည့်မကောင်းပါသလော။ ထွက်ပေါ်စ နေမင်း၏အလင်းရောင်အောက်တွင် လူရွယ်၏အနီရောင်ဝတ်စုံမှာ တောက်ပနေ၏။

ထိုလူရွယ်၏မျက်နှာမှာ ကြည်လင်ဝင်းပနေပြီး ထက်မြက်တက်ကြွသော လူရွယ်၏အားမာန်အပြည့်အဝ ပေါ်နေ၏။ လူရွယ်သည် ဟန်ပန်အပြည့်အဝဖြင့် ယင်းဝေယန်းရှိရာသို့ ရောက်ရှိလာသည်။

လူရွယ်က ဦးညွှတ်ဂါရဝပြုလိုက်သည်။
"ဒါ ခရေကျေးရွာ ဟုတ်ပါသလားဗျာ"
ယင်းဝေယန်းက ခေါင်းညိတ်လိုက်၏။
"ဟုတ်ပါတယ်"
"ဒီမှာ ယင်းဝေယန်းဆိုတဲ့လူ ရှိပါသလားဗျာ"
ယင်းဝေယန်း မျက်မှောင်ကုပ်သွား၏။
"ကျုပ်ပါပဲ... ဘာကိစ္စများ ရှိလို့ပါလဲ"

လူရွယ်၏မျက်လုံးအစုံမှာ တောက်ပသွား၏။ ယင်းဝေယန်းအား နောက်တစ်ကြိမ် ဦးညွှတ်လိုက်ပြီး....

"ယင်းဝေယန်းဆိုတာ ခင်ဗျားကို၊ ကျုပ်ဖြင့် ထင်တောင် မထင်မိဘူး"

ဖျင်ကြမ်းအင်္ကျီဝတ်ပြီး ဖာ်ငါသည်တစ်ဦးပမာ ထင်နေသော ယင်းဝေယန်းကို သိုင်းသမားအဖြစ် မထင်သည်မှာ လူရွယ်၏ အပြစ် မဆိုသာပါ။

"ကျုပ်က ဒီလိုပဲ နေတတ်ပါတယ်"

"ဟုတ်ကဲ့... ကျုပ်က မထင်မှတ်တာကို ပြောတာပါ၊ တကယ်တော့ ခင်ဗျားဟာ တကယ်ကျော်ကြားတာပဲ၊ ခင်ဗျားရဲ့ကျော်ကြားမှုအတွက် ကျုပ်က ရောက်လာတာပါ"

ယင်းဝေယန်း မျက်မှောင်ကုပ်သွားပြန်သည်။

"ကျုပ်က **မကျော်ကြားပါဘူး**"

လူရွယ်က **ရယ်မောလိုက်၏။**

ထို့နောက် **ဓားကို အသားအယာ ဆွဲထုတ်**လိုက်ပြီး....

"ခင်ဗျားရဲ့ဓားဟာ **တကယ်ကျော်**ကြားတာပဲ၊ ခင်ဗျားရဲ့ ဓားပညာကို ကျုပ်ဆည်းပူးလေ့လာ**ချင်**ပါတယ်၊ ဆည်းပူးလေ့လာခွင့်ပြုပါ"

ယင်းဝေယန်း သက်ပြင်းချလိုက်၏။

"မင်းနဲ့ကျုပ် ဘာရန်ငြိုးမှ မရှိတာ၊ ဘာကြောင့် ယှဉ်ပြိုင်ချင်ရမှာလဲ၊ အလကားသက်သက် အချိန်မဖြုန်းပါနဲ့၊ မင်း ပြန်သွားပါကွာ"



လူရွယ်က....

"ခင်ဗျား ဓားထုတ်ပါ"

"ကျုပ်က ဘာဖြစ်လို့ ဓားထုတ်ရမှာလဲ၊ ကျုပ် ဘာ ဓားပညာမှ မတတ်တာဘဲ၊ ဓားပညာမတတ်တဲ့လူကို ဓားထုတ်ခိုင်းနေတာ အပိုပဲပေါ့"

"ဘာလဲ ခင်ဗျား ကြောက်နေပြီလား"

ယင်းဝေယန်းမှာ သက်ပြင်းချလိုက်လေ၏။

လူရွယ်က....

"ခင်ဗျားက ဓားမထုတ်ချင်ဘူးလို့ ပြောနေတယ်၊ ကျုပ် မေတ္တာမဲ့ဓားသမား ကောက်လှိုနဲ့မယှဉ်ပြိုင်ချင်လို့ ဓားမထုတ်ချင်ဘူးလို့ပြောနေတာ မဟုတ်လား၊ ခင်ဗျား ဓားကိုထုတ်ပါ"

ယင်းဝေယန်းက သက်ပြင်းချလိုက်၏။

"မေတ္တာမဲ့ဓားသမား ကောက်လှိုဆိုတာ မင်းကိုး"

ရက်စက်**ကြမ်းကြုတ်**သောဓားပညာဖြင့် ကျော်ကြားနေသော မေတ္တာ**မဲ့ဓားသမားကောက်**လှိုဆိုသူမှာ ဤလူရွယ်ပင်ဖြစ်ကြောင်း သိလိုက်**ရသောယင်းဝေယန်း**မှာ စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရ၏။

သူသည် ကောက်လှိုအကြောင်း ကောင်းစွာ ကြားဖူးထားပေသည်။ ကောက်လှို၏သတင်းသည် ဤတံငါရွာကလေးသို့ပင် ရောက်ရှိခဲ့ပေသည်။ ငယ်စဉ်ကပင် ဓားပညာကိုရက်စက်စွာ အသုံးပြုနေသဖြင့် သူ ကြီးပြင်းလာသောအခါ ပို၍ ရက်စက်စွာ အသုံးချမည်ဟုလည်း တွေးမိသည်။

ယင်းဝေယန်းမှာ မေတ္တာမဲ့ဓားသမား ကောက်လှိုမှန်းသ
သောအခါ ယှဉ်ပြိုင်ရန် ငြင်းပယ်လိုက်လေ၏။

"မင်းနဲ့ ကျုပ်ယှဉ်ပြိုင်ဖို့ ငြင်းတယ်"

သူက ပြတ်သားစွာ ပြောလိုက်လေ၏။

သို့သော် ကောက်လှိုက မလျှော့ချေ။

"ခင်ဗျား ကျုပ်နဲ့ယှဉ်ရဲရင် ယှဉ်၊ မယှဉ်ရဲရင်တော့ သိုင်း
လောကမှာ တစ်သက်လုံး ဓားမကိုင်ပါနဲ့"

**ယင်းဝေယန်း**မှာ ကြမ်းတမ်းမောက်မာလှသောကောက်လှိ
၏**စကားကြောင့်** ဒေါသထောင်းခနဲ ထွက်သွား၏။ သူသည် ထွက်
သွားသော **ဒေါသကို**ထိန်းချုပ်လိုက်သည်။ သူ့ဓားကိုစွန့်လွှတ်၍ မ
ဖြစ်သေးပါ။ **သိုင်းလော**ကကလည်း ခက်သည်။ အကြောင်းမရှိဘဲ
စိန်ခေါ်သူကို **ငြင်းပယ်ခွင့်**မရှိချေ။ သူသည် ဓားကို မစွန့်လွှတ်နိုင်သေး
ပါချေ။

သူ၏တံငါ**ရွာလုံခြုံအေးချမ်းမှု**အတွက် သူသည် ထိုကာလ
ပတ်လုံး ဓားကိုကိုင်နေရ**ဦးမည် ဖြစ်**ပါသည်။

ယင်းဝေယန်းက....

"မင်းက ကျုပ်ကို ဘာကြောင့် **အတင်းယှဉ်ပြိုင်**နိုင်းနေရ
တာလဲ၊ မင်းနဲ့ ငါ ဘာရန်ငြိုးမှမရှိတာ"

ကောက်လှိုက အပြေအလည် ရှင်းပြလေ၏။

"ဒီလိုပါဗျာ... ကျုပ်ရဲ့ဓားပညာနဲ့ ခင်ဗျားရဲ့ဓားပညာဘယ်
သူက သာလွန်တယ်ဆိုတာ သိစေချင်လို့ပါ"

"ဒီအတွက်နဲ့တော့ မယှဉ်ပြိုင်ချင်ပါနဲ့ကွာ၊ သဘာဝလဲ



ကျပါဘူး။ ဘယ်သူသာတယ်ဆိုတာ သိရုံနဲ့ပိုပြီးဘာများ ထူးခြားလာ
မှာမို့လဲ"

ကောက်လှိုက....

"ခင်ဗျား ဘာမှမပြောနဲ့တော့၊ ကျုပ်နဲ့ မယှဉ်ပြိုင်ရဲရင် ဓား
မကိုင်တော့ပါဘူးလို့ ကတိပေးပါ"

ယင်းဝေယန်းက သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ... ဒါဆိုရင်လဲ ပြိုင်ကြတာပေါ့၊ ကျုပ်တို့
ဘယ်မှာယှဉ်ပြိုင်ကြမှာလဲ"

ကောက်လှိုမှာ လက်ယားနေသူဖြစ်သဖြင့် ယင်းဝေယန်းက
ထိုသို့ပြောလိုက်သောအခါ အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။
သူ၏မျက်လုံးအစုံမှာ တောက်ပပြောင်လက်သွားသည်။

ကောက်လှိုက....

"ဒီနေရာပဲ ကောင်းပါတယ်၊ ကျယ်ကျယ်ပြန့်ပြန့် ရှိတယ်၊
လူသူလဲ ကင်းရှင်းတယ်၊ ခင်ဗျားဓားကိုသာ ထုတ်ပါတော့"

ကောက်လှိုက တက်ကြွစွာ ပြောလိုက်သည်။

ယင်းဝေယန်းက သူ၏ခါးတွင် ချိတ်ထားသောဓားကို တစ်
ချက်ငုံ့ကြည့်လိုက်ပြီး....

"မင်းတိုက်ခိုက်တဲ့အခါမှာ **ကျုပ်ဓားက အလိုအလျောက်**
ထွက်လာမှာပါ၊ မင်းသာ တိုက်ပါ"

ကောက်လှိုက ပြုံးလိုက်၏။ သူ့အပြုံး၏နောက်ကွယ်၌
ကြောက်မက်ဖွယ်တစ်ရပ် ရှိနေပါသည်။

သူသည် ဓားကို ရင်ဘတ်ရှေ့တွင် တည့်မတ်စွာ ထောင်

ထား၏။ ထို့ကြောင့် ယင်းဝေယန်းအား လှည့်ပတ်အကဲခတ်လိုက် သည်။ ယင်းဝေယန်းမှာ လက်နှစ်ဖက်ကို ချထားရင်း သက်သာစွာ နေနေလိုက်သည်။

နေရောင်ခြည်မှာ သဲသောင်ပြင်တစ်ခုလုံး ပြန့်ကျက်နေ လေပြီ။ အညာကြ တံငါရွာကလေး၏သဲသောင်ပြင်ပေါ်၌ ပရိသတ်မဲ့ သောတိုက်ပွဲတစ်ပွဲသည် ဖြစ်ပေါ်ပေတော့မည်။

"ချလွမ်း... ချလွမ်း... ချလွမ်း"

ခြူသံလေးများ ထွက်ပေါ်နေ၏။ ထိုခြူးသံများမှာ ဓား လက်ကိုင်တွင်တပ်ထားသော ခြူများက မြည်နေခြင်းဖြစ်ပါသည်၊ ထိုဓားက မြည်နေခြင်းမှာလည်း ခြူငါးလုံး ဓားသမား စီမင်းဝှက် လမ်းလျှောက်လာသောကြောင့် ဖြစ်ပါသည်။

ခြူငါးလုံးဓားသမားစီမင်းဝှက်သည် မင်းလမ်းမအတိုင်း လျှောက်လာနေ၏။ သူသည် အမြဲတစေ ညနေခင်းတိုင်း လမ်း လျှောက်တတ်လေသည်။ သူ၏ပိုင်ဆိုင်သော လယ်မြေများကိုကြည့် ရှုသည့်အခါတွင်တော့ ဤလမ်းသို့မလျှောက်ဖြစ်ချေ။

ဤနေ့တွင် သူပိုင်လယ်မြေများသို့ လျှောက်မကြည့်သဖြင့် လမ်းလျှောက်ဖြစ်သည်။ သူ့ရှေ့တွင် အမူးသမားတစ်ယောက် ယိမ်း ထိုး၍သွားနေသည်။ စီမင်းဝှက် အမူးသမားနှင့်လာတွေ့နေရချေပြီ စီမင်းဝှက် ရှေ့ဆက်လျှောက်လာခဲ့၏။ ထိုစဉ် ရှေ့မှအမူးသမားသည်



လမ်းတွင် ကန့်လန့်ဖြတ် လဲကျသွားလေတော့၏။

စီမင်းဝှက် သက်ပြင်းချလိုက်၏။ အမူးသမားကို ဆွဲထူလိုက် ၏။ သူ့ကိုဆွဲထူပေးချင်၍ မဟုတ်။ လမ်း၌ ကန့်လန့်ဖြတ်လဲကျနေသ ဖြင့် လမ်းပိတ်နေသောကြောင့် ဆွဲထူခြင်းဖြစ်သည်။ အမူးသမား၏ ကိုယ်မှ အရက်နံ့ထောင်းထောင်းထွက်နေ၏။ အမူးသမား၏မျက်နှာ ကိုတွေ့သောအခါ စီမင်းဝှက် အံ့အားသင့်သွား၏။

"ဟင်... ဘာဖြစ်လို့ ဒီလောက် အရက်သောက်ရတာပါ လိမ့်"

သူသည် လူငယ်အား ပစ်ချလိုက်သည်။ သူ့လမ်း သူသွား ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူ့ရင်ထဲတွင် သိလိုစိတ်အချို့ ဖြစ်ပေါ်လာပြန်၏။ ထိုလူငယ်သည် စိတ်ဓာတ်မာကျောသူ ဖြစ်၏။ ယခု အဘယ့်ကြောင့် ရုပ်ပျက်ဆင်းပျက် မူးယစ်နေရပါသနည်း။

စီမင်းဝှက်၏ခြေလှမ်းများသည် ရပ်တန့်သွား၏။ လူငယ် အား ပွေ့ချီကာ သူ့အိမ်သို့ခေါ်ဆောင်ခဲ့လေ၏။

နောက်တစ်နေ့ နံနက်တွင် စီမင်းဝှက်သည် အခန်းတံခါးကို တွန်းဖွင့်ဝင်သွား၏။ ပြတင်းပေါက်၌ရပ်ကာ ငေးကြည့်နေသောလူ တစ်ယောက်ကို တွေ့လိုက်ရသည်။

လူရွယ်မှာ ခြေသံကြောင့် သမင်လည်ပြန်လှည့်ကြည့်လေ ၏။ စီမင်းဝှက်အား တွေ့လိုက်ရသောအခါ အံ့အားသင့်ဟန် ပေါ် သွားလေ၏။ စီမင်းဝှက်က ပြုံးလိုက်ပြီး....

"မင်း အမူးပြေသွားပြီလား"

လူရွယ်က ခေါင်းညိတ်လိုက်၏။ လူရွယ်၏မျက်နှာ၌ အပြုံး

မရှိပါ။ ကြေကွဲဝမ်းနည်းနေဟန် ရှိလေ၏။

စီမင်းဝုက်က....

"ကျုပ်က မင်းကို ဒီလိုပုံစံမျိုးနဲ့ တွေ့လိမ့်မယ်လို့ မထင်ဘူး၊ တစ်နေ့မှာ ကျုပ်ကို ယှဉ်ပြိုင်ဖို့ရောက်လာလိမ့်မယ်လို့ မျှော်လင့်ထားတာ၊ မင်းကို အမှုးသမားလိုတွေ့လို့ ကျုပ် သိပ်အံ့ဩသွားတယ်"

လူရွယ်က သက်ပြင်းချလိုက်၏။

စီမင်းဝုက်သည် လူရွယ်အား တစ်ချက်ကြည့်လိုက်သည်၊

"မင်း ဘာဖြစ်နေတာလဲ၊ ဘာတွေ စိတ်ဓာတ်ကျနေတာလဲ၊ ငါတွေ့ဖူးတဲ့ မေတ္တာမဲ့ဓားသမား ကောက်လို့နဲ့ မင်းဟာ တခြားစီ ဖြစ်နေပါလား"

လူရွယ်မှာ မေတ္တာမဲ့ဓားသမား ကောက်လို့ပင်ဖြစ်ပါတော့သည်။ မေတ္တာမဲ့ဓားသမားကောက်လို့သည် ပြုံးလိုက်ပါသည်။ သူ့အပြုံး၌ ရွှင်လန်းအားတက်မှု လုံးဝမရှိပါ။ ကြေကွဲပြုံးဟုသာ ခေါ်ဆိုရပါမည်။ သူသည် မည့်သည့်အရာကို ကြေကွဲနေပါသနည်း။ သူ့မျက်လုံးအစုံမှာလည်း ရီဝေနေပါသည်။

ကောက်လို့က....

"ကျုပ် အခြေအနေတစ်မျိုးဖြစ်ရင် ဒီနေ့ဟာ ခင်ဗျားကို စိန် ခေါ်မယ်နေ့ ဖြစ်နိုင်ပါတယ်၊ ကျုပ် အခြေအနေက မမျှော်လင့်တာ ဖြစ်သွားတယ်"

စီမင်းဝုက်က....

"ခက်တာက ကျုပ်က အခုတလော ဓားချင်း မယှဉ်ပြိုင်ချင်တာပဲကွ"



ကောက်လို့က မဲ့ပြီး ပြောလိုက်၏။

"အခုအချိန်မှာ ခင်ဗျားက ယှဉ်ချင်ပါတယ်လို့ပြောရင်လည်း ကျုပ်က ယှဉ်ပြိုင်မှာ မဟုတ်ပါဘူး"

စီမင်းဝုက် အံ့ဩသွားသည်။

မေတ္တာမဲ့ဓာသမား ကောက်လို့က အဝေးသို့ငေးကြည့်ရင်း ဆွေးမြည့်သောလေသံဖြင့် ဆက်လက်ပြောလေသည်။

"ကျုပ်ဟာ ဓားပညာကို ငယ်ငယ်ကလေးတည်းက ဆည်းပူးခဲ့ပါတယ်၊ တစ်နေ့မှာ ဓားသိုင်းပညာရှင်ဖြစ်ရမယ်လို့ မျှော်လင့်ခဲ့တယ်၊ သိုင်းလောကရဲ့ ပထမဓားဘုရင်ဘွဲ့ကိုလဲ ရလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်၊ ကျုပ်ရဲ့ရည်မှန်းချက်ပန်းတိုင်ဟာ ပထမဓားသမားဖြစ်ဖို့အရေးပဲ၊ ဒါကြောင့် အချိန်တိုင်းမှာ ဓားပညာကိုပဲ လေ့ကျင့်ခဲ့တယ်၊ ဓားနဲ့အိပ်တယ်၊ ဓားနဲ့စားတယ်၊ ဒါပေမယ့် ခုတော့ ကျုပ်ရဲ့ရည်မှန်းချက်ဟာ သဲထဲရေသွန် ဖြစ်ရပါပြီ"

စီမင်းဝုက်မှာ ဘာမျှမပြောနိုင်ပေ။ ကောက်လို့ကိုသာ ငေးကြည့်နေမိသည်။ ခံစားချက်နှင့်ပြောနေသော ကောက်လို့၏စကားကိုသာ စိတ်ဝင်စားနေမိသည်။ ကောက်လို့ အဘယ့်ကြောင့် စိတ်ဓာတ်ကျနေရသနည်း။

စီမင်းဝုက်က သက်ပြင်းချလိုက်ရင်း....

"မင်း ဘာဖြစ်လို့ ဒီလောက် **စိတ်ဓာတ်ကျနေရတာလဲ**"

ကောက်လို့က စီမင်းဝုက်၏အမေးကို **မဖြေပါ**။ သူပြောလိုရာကိုသာ ဆက်ပြောနေ၏။

"ကျုပ်ဟာ ကျုပ်ရဲ့ဓားပညာကို စိတ်ချရပြီလို့ အထင်ရှိတာ

နဲ့ သိုင်းလောကထဲက နာမည်ကျော်တွေကို ယှဉ်ပြိုင်တော့တာပဲ၊ ကျုပ်ရဲ့ ဒေသထဲမှာတော့ ကျုပ်ရဲ့ဓားပညာဟာ ထိပ်တန်းက ရှိခဲ့တယ်"

စီမင်းဝှက်က ခေါင်းညိတ်သဘောတူလိုက်လေ၏။

ကောက်လှိုက ဆက်ပြောလေသည်။

"ကျုပ်ဟာ ကျုပ်နဲ့ယှဉ်ပြိုင်တဲ့ ဓားသမားတိုင်းကို အနိုင်ယူခဲ့တယ်၊ ဒါပေမယ့် ဓားကွက်တစ်ရာကျော် ယှဉ်ပြိုင်ပြီးမှ အနိုင်ယူနိုင်တာပါ"

စီမင်းဝှက်က ခေါင်းညိတ်လိုက်၏။

ကောက်လှိုက အေးစက်စွာ ဆက်လက်ပြောဆိုနေသည်၊ သူက စီမင်းဝှက်ကို မေးလိုက်၏။

"ခင်ဗျားနဲ့ ကျုပ်နဲ့ယှဉ်ရင် သိုင်းကွက် ဘယ်နှစ်ကွက်လောက်ယှဉ်ရမလဲ၊ ကျုပ်ကို ဘယ်နှစ်ကွက်လောက်မှာ အနိုင်ယူနိုင်မယ်ထင်သလဲ"

စီမင်းဝှက် တွေဝေသွား၏။ သူ စဉ်းစားနေသည်။

အတန်ကြာမှ ပြောသည်။

"မင်းကို ကျုပ်နိုင် မနိုင် မသေချာပါဘူး"

ကောက်လှိုက စိတ်မရှည်စွာ ပြောလိုက်သည်။

"နိုင်မယ်ထားပါတော့ဗျာ... သိုင်းကွက် ဘယ်နှစ်ကွက်လောက် ယှဉ်ပြိုင်ပြီးမှ နိုင်မလဲ"

စီမင်းဝှက် စကားမပြောနိုင်ဘဲ ဖြစ်သွားသည်။ တော်တော်နှင့် စကားမပြောတော့ပေ။ သို့သော် ကောက်လှိုက ပျော့ပျောင်းသောလေသံဖြင့် စကားပြောလာလေ၏။



"ခင်ဗျားစိတ်ထဲရှိတာကိုသာ အမှန်အတိုင်း ပြောပါဗျာ၊ ကျုပ် လုံးဝစိတ်မဆိုးပါဘူး။ အမှန်တရားကို သိချင်လို့ပါ"

စီမင်းဝှက်သည် ထိုအခါကျမှ စကားပြောလေတော့၏။

"မင်းနဲ့ယှဉ်ရင် သိုင်းကွက်တစ်ရာကျော်လောက်တော့ ယှဉ်ပြိုင်ရလိမ့်မယ်လို့ ထင်တယ်၊ သိုင်းကွက်တစ်ရာကျော်ကျရင် ကျုပ်က အသာရလိမ့်မယ်လို့ ကျုပ်ထင်တာပဲ၊ ကျုပ်အထင်ကို ပြောတာနော်"

ကောက်လှိုက....

"ခင်ဗျား နည်းနည်းလျှော့ပြောတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ထားပါတော့လေ၊ ဒါပေမယ့် ကျုပ်ကတော့ သိုင်းကွက်လေးကွက်နဲ့ပဲ လူတစ်ယောက်ကို ရှုံးနိမ့်ခဲ့ရပါတယ်ဗျာ"

သူက ခါးသီးစွာ ပြောနေလေ၏။

စီမင်းဝှက်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

ကောက်လှိုက စီမင်းဝှက်ဖြစ်နေပုံကိုကြည့်၍ ရယ်လေ၏။ သို့သော် သူ့ရယ်သံမှာ ရယ်သံနှင့်မတူချေ။ ငိုသံနှင့် တူနေ၏။

"ကျုပ်က ပထမဓားသိုင်းဘုရင်ဘွဲ့ကို မှန်းနေသေးတယ်၊ ကျုပ်အနေနဲ့ သိုင်းကွက်လေးကွက်တည်းနဲ့ ရှုံးနိမ့်ဖို့ကို အိပ်မက်တောင် မမက်ဖူးခဲ့ဘူးဗျ"

သူသည် ပြောရင်းဆိုရင်း အခန်းအထယ်သို့ လျှောက်သွားလေ၏။ စားပွဲပေါ်တွင်ချထားသော အရက်အိုးကို ကောက်ယူမော့ချလိုက်သည်။ ပြီးနောက် စားပွဲပေါ် အရက်အိုးကိုပြန်ချလိုက်သည်။

လူကလည်း ခုတင်ပေါ်သို့ ခြေပစ်လက်ပစ်လှဲချလိုက်သည်။

စီမင်းဝှက် မျက်မှောင်ကုတ်၍ စဉ်းစားနေ၏။ ကောက်လှိ
သည် ကြိုးစားသည်။ မျှော်လင့်ချက်ကြီးမားသည်။ ထို့ကြောင့်လည်း
စားပညာတွင် ထက်မြက်ပြီး နာမည်ကြီးခဲ့သည်။

ကောက်လှိ၏အဆင့်မှာ အတော်မြင့်သည်။ သိုင်းလောက
အတွင်း ကျော်ကြားနေသူဖြစ်၏။ ကောက်လှိ၏ဓားသိုင်းပညာသည်
ရက်စက်ကြမ်းကြုတ်သည်ဟု သူ ကြားဖူးထားသည်။ မြင်တော့ မ
မြင်ဘူးချေ။

ထိုကဲ့သို့ ရက်စက်ကြမ်းကြုတ်လှသောဓားသမားအာ
သိုင်းကွက်လေးကွက်တည်းဖြင့် အနိုင်ယူလိုက်သည်မှာ မည်သည့်
ဓားသမားနည်း။ ရက်စက်ကြမ်းကြုတ်လှသောသိုင်းသမားအား စိတ်
ဓာတ်ကျသွားအောင် ပြုမူလိုက်သောသိုင်းသမားသည် မည်သည့်
သိုင်းသမားနည်း။



## အခန်း(၃)
## အရက်နှင့်ဂုဏ်သိက္ခာ

မြူငါးလုံးဓားသမား စီမင်းဝှက်သည် စဉ်းစားနေလေ၏။ သူသည်လည်း ဓားသမားတစ်ဦးဖြစ်သည်။ ဓားသိုင်းလေးကွက်တည်းဖြင့် အနိုင်ယူလိုက်သောဓားသမားကို သူသိချင်လာ၏။ သူကိုယ်တိုင်လည်း ထိုဓားသမားနှင့်ယှဉ်ပြိုင်ကြည့်လိုသည့်စိတ်များ ဖြစ်ပေါ်လာလေ၏။

စီမင်းဝှက်သည် နောက်ဆုံးမနေနိုင်တော့သဖြင့် ထုတ်ဖော်မေးမြန်းလိုက်လေ၏။

"မင်း ဘယ်သူ့ကိုရှုံးခဲ့တာလဲ"

"ယင်းဝေယန်း"

"ဘာ..."

စီမင်းဝှက် အံ့အားသင့်သွားလေ၏။ တော်တော်နှင့် စကားမပြောနိုင်တော့ပေ။

ယင်းဝေယန်းသည် သူတို့နှင့်ခေတ်ပြိုင်ဓားသမားဖြစ်၏။ သူသည် တံငါသည်ရွာတစ်ရွာမှ ဓားသမားဖြစ်ကြောင်း သူကြားဖူးထားသည်။ သူ့ခိုး ဓားပြများကို နှိမ်နင်းရင်း နာမည်ကျော်သူဖြစ်၍

သိုင်းလောကသားချင်း ယှဉ်ပြိုင်ကြသည့်သူတို့က ယင်းဝေယန်းအ
အထင်မကြီးခဲ့ချေ။

စီမင်းဝှက်အနေဖြင့် သူ့ကိုယ်သူလည်း **အထင်ကြီး**
သည်။ ခေတ်ပြိုင်ဓားသမားများထဲ၌ ကောက်**လို့သည်** 
ကောင်း။ ယင်းဝေယန်းသည်လည်းကောင်း၊ သူ့အား **မစိန်နိုင်ဟု** 
ထင်ရောက်ခဲ့သည်။ ယခု ကောက်လို့၏စကားကိုကြားသောအခါ သူ
နားပင် သူမယုံနိုင်အောင် ဖြစ်သွားတော့၏။

ထို့ကြောင့် ကောက်လို့အား ထပ်မံ မေးလိုက်မိသည်။

"မင်းဟာက ဟုတ်ရဲ့လားကွာ"

"ကျုပ်က ရှုံးခဲ့ရတဲ့လူပါဗျာ၊ ကျုပ်က ခင်ဗျားကို သက်သက်
မဲ့ လိမ်ပြောနေတယ် ထင်လို့လား"

"လိမ်ပြောနေတယ် မထင်ပါဘူး။ အံ့ဩလွန်းလို့ ထပ်မေး
တာပါ"

"ကျုပ်ပြောတာ မယုံရင် ခင်ဗျား လက်တွေ့သွားစမ်းသ
နိုင်တယ်"

စီမင်းဝှက်သည် ခေါင်းညိတ်လိုက်**၏။**

"ကျုပ် ဘယ်တော့မှ သူတစ်ပါးကို **စိန်မခေါ်**ဖူးဘူး။ ကျုပ်
သူ့ကို စိန်ခေါ်ရကောင်းမလားလို့ စဉ်းစားနေတယ်"

ကောက်လို့က မဲ့လိုက်၏။

"ခင်ဗျားကို ကျုပ် တစ်ခုလောက် ပြောလိုက်ပါရစေ"

"ဘာလဲ"

"ကျုပ်က သူ့ကိုလေးကွက်တည်းနဲ့ ရှုံးနိမ့်ခဲ့တာပါ၊ လေး



ကွက်နော် မမေ့နဲ့ တကယ်လို့ လေးကွက်မရောက်ခင် ခင်ဗျား ရှုံး
ခဲ့ရင်တော့"

စီမင်းဝှက်က အသံမထွက်ဘဲ ကျိန်ဆဲလိုက်၏။ ကောက်လို့
သည် ရှုံးလျှင်ပင် အရှုံးပြိုင်ချင်သေးသည် မဟုတ်ပါလား။

စီမင်းဝှက်သည် မျက်မှောင်ကုပ်ရင်း စဉ်းစားနေသည်။ သူ
၏ရင်ထဲတွင် ယင်းဝေယန်းအား တွေ့ဆုံယှဉ်ပြိုင်လိုစိတ် ဝိုမိုပြင်း
ထန်လာသည်။

လူစိတ်ဆိုသည်မှာ ဆန်းကျယ်လှ၏။ ပထမပိုင်းတွင် ယင်း
ဝေယန်းအား သူ အထင်သေးမိခဲ့သည်။ ဓနပုဒ်က သိုင်းသမားဟု
လူရာမသွင်းခဲ့ပေ။

ယခု ကောက်လို့အား ယင်းဝေယန်းက ဓားကွက် လေး
ကွက်ဖြင့် အနိုင်ယူလိုက်ကြောင်း သိလိုက်ရသောအခါတွင် သူ့စိတ်
ထဲတွင် ယင်းဝေယန်းအား လွန်စွာ ယှဉ်ပြိုင်ချင်လာတော့၏။ လက်
ယားလာ၏။ ယင်းဝေယန်း၏ဓားပညာကို ယှဉ်ကြည့်ချင်လာ၏။ ဓန
ပုဒ်သားသည် ဤမျှ ဓားစွမ်းထက်ရသလောဟု သူ တွေးသည်။ ဤ
သို့ဖြင့် သူသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေတော့၏။

ယင်းဝေယန်းအား သွားရောက်ယှဉ်ပြိုင်မည်ဟု....။

သူသည် သူ့ဘဝထဲ၌ ကြုံသည့်အချိန်အခါကမျှ မလုပ်ဘူး
သော ဓားသိုင်းစိန်ခေါ်မှုတစ်ခုကို သူလုပ်ပေတော့မည်။

ထို့နောက် သူသည် မေတ္တာမဲ့ဓားသမား ကောက်လို့အား
အိမ်အရောက် လိုက်လံပို့ဆောင်ပေးလေသည်။ သူက ပြန်လည်နှုတ်
ဆက်သောအခါ ကောက်လို့က....

"ခင်ဗျား မမေ့နဲ့နော်"

စီမင်းဝှက် အံ့အားသင့်သွား၏။

"ဘာများလဲကွ"

"ကျုပ်ရှုံးတာ လေးကွက်တည်းနော်၊ **လေးကွက်တည်း"**

စီမင်းဝှက်၏မျက်**နှာမှာ သုန်မှုန်သွား၏။ သို့သော်** ချက်ချင်း ကြွေပြန်ဆယ်လိုက်၏။

**"အေးပါကွာ... ငါ မှတ်မိပါတယ်"**

သူက ဒါပဲပြောပြီး လှည့်ထွက်လာခဲ့သည်။ သူသည် ဆယ်ရက်တိတိ ဓားသိုင်းပညာကို လေ့ကျင့်လေတော့သည်။ ဆယ်ရက်တိတိ ဓားသိုင်းပညာကိုလေ့ကျင့်ပြီးနောက် ယင်းဝေယန်းအား တွေ့ဆုံယှဉ်ပြိုင်ရန် ထွက်ခဲ့လေတော့သည်။

သဲသောင်ပြင်ထက်တွင် လူနှစ်ယောက် တည်ငြိမ်စွာ မတ်တတ်ရပ်နေကြ၏။ တစ်ဦးကား စိန်အခေါ်ခံရသူဖြစ်သည့် ယင်းဝေယန်းပင် ဖြစ်ပါသည်။

အခြားသူတစ်ဦးကား ခြုငါးလုံးဓားသမား စီမင်းဝှက်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုရန် မလိုပါချေ။

စီမင်းဝှက်လက်ထဲတွင် ဓားက အသင့်ရှိ၏။ သဲသောင်ပြင်၌ လေက တအားတိုက်လှသည်။

ထိုအခါ ခြုသံလေးတချွမ်ချွမ် မြည်နေတော့သည်။ စီမင်း



ဝှက် ရောက်ရှိလာပြီး ယှဉ်ပြိုင်တိုက်ခိုက်ရန် တောင်းဆိုသောအခါ ယင်းဝေယန်းသည် ကောက်လှိုင်းအား ငြင်းပယ်သကဲ့သို့ ငြင်းပယ်ပါသည်။ စီမင်းဝှက်က ကောက်လှိုင်းငြိမ်းချောက်သကဲ့သို့ သူနှင့်မယှဉ်ပြိုင်လိုလျှင် သိုင်းလောကအတွင်း၌ ဓားမကိုင်တော့ပါဟု ကတိပေးလျှင် သူမယှဉ်ပြိုင်ဘဲ ပြန်မည်ဖြစ်ကြောင်း အတင်းအဓမ္မပြောသဖြင့် ယင်းဝေယန်းမှာ မယှဉ်ပြိုင်လိုဘဲ **ယှဉ်ပြိုင်ရပါတော့**သည်။ ယင်းဝေယန်းမှာ စိတ်ပါလက်ပါ **မရှိလှပါ။**

သူသည် နေရာ၌လျှော့တိလျှော့ရဲ ရပ်နေသည်။

ဓားကလည်း ဓားအိမ်အတွင်း၌သာ ရှိနေပါသည်။

စီမင်းဝှက်က....

"မင်း ဓားမထုတ်ဘူးလား"

ယင်းဝေယန်းက....

"မင်းတိုက်မှာသာ တိုက်ပါ၊ ဓားက သူ့အလိုအလျောက် ထွက်လာပါလိမ့်မယ်"

စီမင်းဝှက်က သေချာစွာ ပြောလေ၏။

"ငါတိုက်ခိုက်ရင် မင်း ဓားထုတ်ချိန်ရမှာ မဟုတ်ဘူး"

ယင်းဝေယန်းက သက်ပြင်းချလိုက်၏။

"ဓားထုတ်ချိန်မရရင်လဲ သေ့သေပေါ့ကွာ၊ မင်း ငါ့ဓားကို တွေ့သင့်ရင် ငါက ဓားကိုထုတ်မှာပါ၊ တိုက်မှာသာ တိုက်ပါကွာ"

"မင်း ကောက်လှိုင်းကို အနိုင်ရလိုက်တယ် မဟုတ်လား"

ယင်းဝေယန်းက ထပ်မံ သက်ပြင်းချလိုက်ပြန်သည်။

"မင်းကို သူ အကုန်ပြောမပြဘူးလား"

"သူက မင်းရဲ့သိုင်းကွက်လေးကွက်ထဲနဲ့ ရှုံးနိမ့်သွားတ
လို့ပဲ ပြောတယ်"

"ငါ **သူနဲ့မယှဉ်ပြိုင်လို့**တဲ့အကြောင်းပဲ ထပ်ခါတလဲလဲ ပြေ
နေတယ်"

"သူ မဆိုးပါဘူး၊ ငါ သူ့ကို**လေးကွ**က်ထဲနဲ့မနိုင်ရင် ငါ့မှ
လက်ကျန်တစ်ကွက်ပဲ ရှိတော့တယ်၊ ငါက **ဓားသိုင်းကွက် ငါးကွက်**
**တတ်ထားတာကိုး**"

**စီမင်း**ဝှက် မျက်မှောင်ကုပ်သွားသည်။ သူဓားသိုင်း ပ
ကွက်**သာ တတ်**မြောက်ထားသည်ဟု ယင်းဝေယန်း ပြောလိုက်ခြ
ကို **သူ နားမလည်**ပါချေ။

**ယင်းဝေယန်းက....**

"ကျုပ်က **ဓားသမား** မဟုတ်ပါဘူး၊ လူဆိုးဓားပြတွေက
ခုခံနိုင်အောင် ကျုပ်**ဆရာက ကျုပ်ကို** ဓားကွက်ငါးကွက်ပဲ သင်ပေး
တာပါ"

စီမင်းဝှက်က ယင်း**ဝေယန်းအား** **ကြည့်လိုက်၏။** ဤလူ
နောက်ပြောင် ပြောနေသလားဟု ထင်**မှတ်၍ ကြည့်ခြင်းဖြစ်သည်**
သို့ရာတွင် ယင်းဝေယန်းအား အတည်ပြော**နေခြင်းဖြစ်**ကြောင်းကို
တွေ့ရှိရသည်။

ရိုးသားပွင့်လင်းစွာ ပြောနေခြင်းဖြစ်ကြောင်း သိရသည်
ဓနပုဒ်သားများသည် ရိုးသားပွင့်လင်းသူများ မဟုတ်ပါသလော၊

ယင်းဝေယန်းက....

"ကဲ... မင်းတိုက်ချင်တယ်လို့ ပြောတယ်၊ ခုချိ ပြ



**တိုက်နိုက်ပါတော့**၊ ငါ စောင့်နေရတာ အချိန်ကုန်တယ်"

**စီမင်း**ဝှက်သည် ရိုးသားပွင့်လင်းလှသော ယင်းဝေယန်းကို ဦးညွှတ်လိုက်၏။ ထို့နောက် ဇင်ယော်တောင်ပံ ဓားကွက်ခင်းကာ ယင်းဝေယန်းအား အကဲခတ်လိုက်လေ၏။

ယင်းဝေယန်းမှာ မူလနေရာတွင်ပင် လျှော့တိလျှော့ရဲ ရပ်နေ၏။ တစ်ကိုယ်လုံးတွင် ဟာကွက် ဆယ်နေရာခန့် တွေ့ရ၏။ ဟာကွက်များပြားလွန်းသဖြင့် မည်သို့မည်ပုံတိုက်ခိုက်ရမည်ကိုပင် မသိအောင် ဖြစ်နေရတော့သည်။

စီမင်းဝှက် သက်ပြင်းချလိုက်သည်။

"ကဲ... တိုက်ပြီ"

သူသည် ပြောပြောဆိုဆို ဓားကိုဝှေ့ယမ်းကာ တိုက်ခိုက်လိုက်တော့သည်။

"ချလွမ်း... ချလွမ်း... ချလွမ်း"

မြူသံများ ဆူညံစွာ ထွက်ပေါ်လာလေ၏။ သို့သော် တိုက်ခိုက်မှုအရှိန်ရလာသော**အခါ** မြူသံပျောက်ကွယ်သွားတော့သည်။ စီမင်းဝှက်မှာ ယင်းဝေယ**န်းအား** အထင်မသေးရဲပါ။ သူသည် အစွမ်းထက်သည့် ဓားကွက်**ဆယ်ကွက်**ကို ဆက်တိုက်ထုတ်လိုက်သည်။

ယင်းဝေယန်းမှာ ထိုဓားကွက်များကို မနည်းပင် ရှောင်တိမ်းလိုက်ရသည်။ သို့ရာတွင် ထိုအစွမ်းထက်သည့် ဓားကွက်ဆယ်ကွက်ကို ယင်းဝေယန်း ရှောင်တိမ်းနိုင်စွမ်း ရှိပေသည်။

ယခုအခါ စီမင်းဝှက် ပို၍ ထိတ်လန့်သွားရတော့၏။ ထိုဓားကွက်ဆယ်ကွက် ကုန်ဆုံးသွားသည်နှင့် ယင်းဝေယန်းသည် ဓားထုတ်

လိုက်ရပါတော့သည်။ စီမင်းဝှက် သတိကြီးစွာ ထားရလေပြီ။

အမှန်မှာ စီမင်းဝှက်၏ဓားကွက်ဆယ်ကွက်သည် အစွမ်း ထက်လှ၏။ သူသည် ဓားမပါဘဲ ဆက်လက်ခုခံ၍မဖြစ်ကြောင်း သိ လိုက်သဖြင့် ဓားကိုဆွဲထုတ်ရခြင်းဖြစ်ပါသည်။

စီမင်းဝှက်သည် တရကြမ်းပင် **တိုက်ခိုက်၏။ ယင်းဝေယန်း** သည် ကောက်လို့အား ဓားကွက်လေးကွက်**တည်းနှင့်** အနိုင်ယူခဲ့ သည်ကို သိထားသောကြောင့် သူ၏အကောင်းဆုံးဓားကွက်များဖြင့် ထုတ်ဖော်တိုက်ခိုက်ခြင်း ဖြစ်ပါသည်။

ယင်းဝေယန်းကလည်း ပြန်လည်ခုခံလိုက်၏။

"ရှမ်း..."

တစ်ခဏအတွင်းမှာပင် စီမင်းဝှက်သည် သိုင်းကွက်ပေါင်း သုံးဆယ်ကို အသုံးပြုလိုက်လေ၏။

ယင်းဝေယန်းသည် တစ်ကွက်တည်းကို**သာ အ**ပြန်ပြန်အ လှန်လှန် အသုံးပြုနေ၏။ ထိုတစ်ကွက်တည်း**ဖြင့် စီမင်းဝှက်**၏ပြင်း ထန်ထက်မြက်သောသိုင်းကွက်သုံးဆယ်ကို **ခုခံနေခြင်း**ဖြစ်တော့ သည်။

ဆိုလိုသည်မှာ စီမင်းဝှက်၏ဓားကွက်သုံး**ဆယ်**သည် ယင်း ဝေယန်း၏သိုင်းကွက်တစ်ကွက်ကို အနိုင်မရသေးပါချေ။ စီမင်းဝှက် မှာ အံ့ကြိတ်လိုက်ပြီး ဆက်လက်တိုက်ခိုက်နေ၏။ သူ့သိုင်းကွက်များ သည် တစ်စထက်တစ်စ ပြင်းထန်လာ၏။ မြူသံလည်း ပြန်လည် ပေါ်ထွက်လာသည်။

ယင်းဝေယန်းမှာ ဓားကွက်တစ်ကွက်တည်းဖြင့် ခုခံ၍ မ



ရသောအခါ နှစ်ကွက်ဖြင့် ခုခံသည်။ နှစ်ကွက်ဖြင့် မရသောအခါ ဆက်တိုက်ပင် သုံးကွက်ဖြင့် ခုခံရလေတော့သည်။

နေမင်းကြီးသည် မြစ်ပြင်ကိုမေးတင်နေချေပြီ။ အလင်း ရောင်သည် ဖျော့တော့လာ၏။

ဆည်းဆာအလှနှင့်သဲသောင်ပြင်သည် ပဏာရလှသော် လည်း သဲသောင်ပြင်ပေါ်မှတိုက်ပွဲက ထိုအလှကို ဖျက်ဆီးနေလေ၏။ ဓားဓားချင်း ထိခတ်သံနှင့် မြူသံများ ကျယ်လောင်စွာ ထွက်ပေါ်နေ ခြင်းက တိုက်ပွဲအရှိန်မြင့်တက်နေခြင်းကို ဖော်ပြနေသည်။

တိုက်ပွဲမှာ အလွန်ပြင်းထန်လာ၏။ လှရိပ်ပင် မသဲကွဲတော့ ချေ။ မကြာမီ လူရိပ်နှစ်ရိပ်သည် ကွဲကွာသွား၏။ တစ်ဦးနှင့်တစ်ဦး ခြေလှမ်းဆယ်လှမ်းမျှစီ ဆုတ်ခွာသွားကြ၏။

စီမင်းဝှက်မှာ တစ်ကိုယ်လုံးချွေးများ စိုရွှဲနေသည်။ သူသည် ဓားကွက်ပေါင်း သုံးရာခန့် အသုံးပြုပြီး ဖြစ်သော်လည်း ယင်းဝေ ယန်းကို အနိုင်မရသေးချေ။

ယင်းဝေယန်းလည်း အနည်းငယ်မျှ မောပန်းနေပါသည်။ ဖြိုင်ပွဲသည် ထင်ထားသည်ထက် ရှည်ကြာနေသည်မဟုတ်ပါလော။ သူသည် စီမင်းဝှက်အား အကဲခတ်လိုက်သည်။ စီမင်းဝှက်မှာ အ တော်ပင် ခြေပျက်နေသည်ကို သူတွေ့ရှိလိုက်ရသည်။ သူသည် ဓား ကွက်လေးကွက်တိတိကို ထုတ်ဖော်တိုက်ခိုက်**ခဲ့ပြီး ဖြစ်၏။** စီမင်းဝှက် ကို အနိုင်မရခဲ့ပါချေ။ ယင်းဝေယန်းက **ဦးညွှတ်လိုက်၏။**

"ငါ မင်းကို **ရှုံး**ပါပြီကွာ"

သူသည် တစ်လုံးချင်း ပြောလိုက်ခြင်းဖြစ်သည်။

စီမင်းဝှက်က ခေါင်းခါလိုက်၏။

"မင်း မ...သေ..ပါဘူး"

ယင်းဝေယ...နက...

"ငါနိုင်မှာမှမဟုတ်တဲ့ ငါရှုံးမှာ သေချာ...နေပြီပဲ"

"မင်းမရှုံးသေးဘူး။ မင်းရဲ့ပဥ္စမမြောက်ဓားကွက် ကျန်ပါ သေးတယ်"

"ငါ အသုံးမပြုချင်ပါဘူးကွာ၊ ဒါကြောင့် မင်းကို အရှုံးပေးပါတယ်၊ မင်းက လူဆိုးဓားပြလဲ မဟုတ်ဘူး"

"ဒီတစ်ကြိမ်မှာတော့ သုံးလို့မရဘူး၊ သုံးကိုသုံးရမယ်"

ယင်းဝေယန်းက သက်ပြင်းချလိုက်တော့သည်။

"ကောင်းပြီလေ... မင်းက အတင်းသုံးခိုင်းမှတော့ ငါရဲ့ပဥ္စမမြောက်ဓားကွက်ကို ထုတ်ရတော့မှာပေါ့၊ ဒီသိုင်းကွက်ဟာ ပထမလေးကွက်ထက် အဆများစွာ ပိုပြီး ပြင်းထန်တယ်ဆိုတာ မင်းကို ကြိုသတိပေးထားပါရစေ"

စီမင်းဝှက်က ခေါင်းညိတ်လိုက်၏။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်"

သူတို့သည် ပြိုင်တူပင် တိုက်ခိုက်ကြလေတော့၏။

စီမင်းဝှက် တစ်သက်တာတွင် အစွမ်းထက်မြက်ဆုံး သူ တတ်ကျွမ်းထားသည့် သိုင်းကွက်မှန်သမျှကို အိတ်သွန်ဖာမှောက် အသုံးပြုရလေတော့၏။ သူ၏ဓားကွက်များသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြင်းထန်နေသည်။ သို့သော် ယင်းဝေယန်း သိုင်းကွက်ကို ထုတ်ဖော်လိုက်သောအခါ သူ၏ဓားကွက်များသည်



ပျက်စီးသွား၏။

စီမင်းဝှက်မှာ ထိတ်လန့်သွားတော့သည်။ ကမန်းကတန်းပင် နောက်ဆုတ်ရှောင်တိမ်းရန် ကြိုးစားရလေတော့၏။ ထိုစဉ် ယင်းဝေယန်း၏ဓားက သူ၏ရင်ဝသို့ရောက်ရှိလာလေ၏။ စီမင်းဝှက်မှာ အကြီးအကျယ် ထိတ်လန့်သွားလေတော့၏။

သို့သော် ယင်းဝေယန်း၏ဓားက ချက်ချင်းပင် ဘေးသို့ချော် ထိုးလိုက်သည်။ စီမင်းဝှက်၏ဓားကမူ ယင်းဝေယန်း၏လက်မောင်း အား ခုတ်ချမိသွားလေ၏။

"အား...."

စီမင်းဝှက်မှာ သူ့ဓားကို ယင်းဝေယန်းကဲ့သို့ ဘေးသို့ချော်မ ထိုးနိုင်ခဲ့ပေ။ သူ တကယ်ခုတ်မိလေပြီ။

ယင်းဝေယန်း၏ဓားချက်သာ ဘေးသို့ချော်မထိုးခဲ့လျှင် သူ သေရမည်သာ ဖြစ်၏။ ယင်းဝေယန်း၏ညှာတာမှုကြောင့်သာ သူ အသက်ရှင်ခဲ့ရသည်။ သို့သော် သူကမူ ယင်းဝေယန်း၏လက်မောင်း ကို ခုတ်ဖြတ်မိပေပြီ။

သူသည် ယင်းဝေယန်းက မညှာတာဘဲ အသေထိုးလိုက် လျှင် ယင်းဝေယန်း၏လက်မောင်းကို ခုတ်မိသည့်အဖြစ်သို့မရောက် နိုင်တော့ပေ။ သူသည် ယင်းဝေယန်းအား ကြည့်လိုက်၏။ ယင်းဝေ ယန်း၏ ဘယ်လက်မှာ လက်မောင်းရင်းမှ ပြတ်ထွက်သွားပြီး သွေး ချင်းချင်း နီရဲနေပေပြီ။

ယင်းဝေယန်းသည် နာကျင်နေသည့်ကြားမှ ပြုံးလိုက်ပြီး....

"ကဲ... မင်းနိုင်သွားပြီ မဟုတ်လား"

စီမင်းဝှက် ဘာမျှ မပြောနိုင်တော့ပါ။

သူ ဝမ်းမသာနိုင်တော့ပါ။ ယင်းဝေယန်း၏သဘောထားကြီးမားမှုအတွက်သာ သူ ရင်နာမဆုံးဖြစ်နေရပါတော့သည်။ သူ့မျက်လုံးအိမ်မှ မျက်ရည်များ ဖိတ်လျှံကျလာလေတော့၏။

ယင်းဝေယန်းက....

"ယှဉ်ပြိုင်မှုရဲ့ ရလဒ်ဟာ ဒါပဲ၊ သေကြမယ်၊ ဒုက္ခိတဖြစ်ကြရမယ်၊ လူတွေဟာ ဘာကြောင့် ယှဉ်ပြိုင်မှုကိုမက်မောနေကြတာလဲ မသိဘူး။ ကဲ... မင်းလဲ ကျေနပ်မှုရသွားပြီ မဟုတ်လား"

သူသည် ပြောပြီးသည်နှင့် ဒယီးဒယိုင် ထွက်သွားတော့၏။ သူသွားရာ လမ်းတစ်လျှောက်၌ သွေးစက်များ ကျကျန်ရစ်ခဲ့ပေသည်။ စီမင်းဝှက်သည် မျက်ရည်များ ထွေထွေကျဆင်းလျက် ကျန်ရစ်ခဲ့သည်။ သူ အနိုင်ရခဲ့သလော။ အနိုင်မရခဲ့ပါ။ သူသည် ယင်းဝေယန်း လက်မောင်းပြတ်မည့်အစား သေရမည့်သူ ဖြစ်ပါသည်။

ဤပွဲတွင် ဂုဏ်သိက္ခာနှင့်အရှက်တို့၏ လွန်ဆွဲပွဲဖြစ်၏။ ယင်းဝေယန်းသည် ဂုဏ်သိက္ခာရှိသောအမှုကို ပြုသွားပါသည်။

ယှဉ်ပြိုင်မှု....။ကျော်ကြားမှု....။

သိုင်းလောကတွင် ယှဉ်ပြိုင်မှုမှ အရှုံးများစွာ ထွက်ခဲ့၏။ လူတော်လူကောင်းများ များစွာသေကြေခဲ့ကြရသည်။ ဒုက္ခိတဖြစ်ခဲ့ကြရသည်။ ယှဉ်ပြိုင်ခြင်းများသည် မည်သည့်အကျိုးကျေးဇူးမျှမရှိကြောင်း သူကောင်းစွာ သဘောပေါက်လိုက်လေပြီ။

မိမိ အနိုင်ရမှသာ ဂုဏ်သိက္ခာရှိသည် မဟုတ်ကြောင်းကိုလည်း ယင်းဝေယန်းက သက်သေပြသွားပေပြီ။ သိုင်းလောကတွင်



မိမိတို့ တိုက်ပွဲကဲ့သို့ ကိုက်ပွဲပေါင်း မည်မျှရှိကြပါသနည်း။

လူငယ်သိုင်းသမားကလေးများသည် ကျော်ကြားမှုအတွက် ဖြတ်လမ်းနည်းကို အသုံးပြုနေကြသည်။ ထိုဖြတ်လမ်းနည်းမှာ နာမည်ကျော်ကြားသူများကိုသာ ယှဉ်ပြိုင်ရန် စိန်ခေါ်ခြင်းပင်ဖြစ်သည်။ နာမည်ကျော်သူများအား အနိုင်ရလိုက်လျှင် မိမိသည် အလိုလို နာမည်ကျော်လာမည် မဟုတ်ပါလား။

သူလည်း ငယ်စဉ်က ထိုနည်းကိုပင် အသုံးပြုခဲ့၏။ ထိုသို့ ဖြတ်လမ်းနည်းကိုလိုက်ရင်း သေဆုံးခဲ့ရသောလူငယ်သိုင်းသမားများ အမြောက်အမြားပင်ရှိခဲ့ကြသည် မဟုတ်ပါလော။

စီမင်းဝှက် မျက်ရည်သုတ်လိုက်၏။ လေ့ပေါ်သို့ပြန်တက်လိုက်၏။ သူ ငယ်စဉ်ကတည်းက ယခုတိုင်အောင် အသုံးပြုခဲ့သော ခြူးငါးလုံးတပ်ဓားကို ကြည့်လိုက်သည်။ ထို့နောက် မြတ်နိုးလှစွာသော ဓားကိုရေထဲသို့ ပစ်ချလိုက်တော့၏။

သူသည် လှော်တက်ကိုကိုင်ကာ လှေငယ်ကလေးအား လှော်ခတ်ကာ ထွက်ခွာလာခဲ့တော့၏။

နောက်သုံးရက်အကြာတွင် စီမင်းဝှက်သည် သူပိုင်ဆိုင်သော လယ်ယာမြေများအား ဝေငှပေးလိုက်သည်။ သူပိုင် ငွေကြေးနေပစ္စည်း ဉစ္စာအားလုံးကိုဝေငှခြင်း ဖြစ်တော့သည်။ ထို့နောက် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ထွက်ခွာသွားလေတော့၏။ သူ မည်သည့်အရပ်သို့ထွက်ခွာသွားကြောင်း မည်သူမျှမသိလိုက်ကြချေ။

## အခန်း(၄)
## ဒါထေယျာဖြစ်ပွယ်ဘုန်းတော်ကြီး

**တင်းမိန်၊ ချင်း**ချင်းနှင့် ကျင်းဟို့တို့သည် ဝါလင်တောင်ကုန်း **ဆီသို့ရောက်လာ**ရင်း ချင်းချင်းက ထိုအဖြစ်အပျက်များကို ပြန်ပြောင်းပြောပြခြင်း ဖြစ်တော့၏။

ချင်းချင်းက....

"ပထမတော့ ခြူငါးလုံးစားသမား ဘယ်ပျောက်သွားမှန်း မသိကြပါဘူး။ နောက် လေးနှစ်လောက်ကြာတော့ ဝါလင်တောင်မှာ လူဝတ်ကြောင်စွန့်ပြီး ဘုန်းကြီးဝတ်သွားတယ်ဆိုတာ သိကြရတယ်၊ သူဟာ ဝါလင်တောင်မှာ တကယ်တရားအားထုတ်နေတာပါပဲရှင်"

တင်းမိန်က သက်ပြင်းချလိုက်၏။

ကျင်းဟို့မှာ ထိုအဖြစ်အပျက်များကိုကြားသိဖူးပြီး ဖြစ်ဟန်တူသည်။ သူက....

"ဒီအကြောင်းတွေဟာ အရှေ့ပိုင်းနယ်တစ်ခွင်မှာတော့ အခုအထိ ထပ်တလဲလဲ ပြောနေကြတာပဲ၊ သိုင်း**လောက**သားတွေအကြောင်း ပြောကြရင် ဒီအကြောင်း**ဟာ** မပါဘဲ **မရှိပါဘူး**။ အခုတော့ ဒဏ္ဍာရီတစ်ပုဒ်လိုတောင် ဖြစ်**နေပါပြီ**"



ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ အခုဆိုရင် မသိတဲ့လူ**တွေဟာဒီအ**ကြောင်းကို ဒဏ္ဍာရီလို့ထင်နေကြတာပဲ"

ကျင်းဟို့က....

"သူတို့အဖြစ်က **အဆန်းတကြယ်ဆိုတော့** ဒဏ္ဍာရီလို့ထင်**ရော ဖြစ်နေတာပေါ့**"

**တင်းမိန်က....**

"**ဒါထက် ခြူငါးလုံးစား**သမား စိမင်းဝုက်နဲ့ ညီမရဲ့ ဖခင်ကြီးတို့ ဘယ်လိုရင်းနှီးခဲ့တာပဲ"

ချင်းချင်းက ရှင်းပြသည်။

"ညီမရဲ့ဖေဖေက သိုင်းလောကအနံ့လျှောက်သွားနေတာဆိုတော့ သူတို့ တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့ဆုံရင်းနှီးခဲ့ပါလိမ့်မယ်၊ ဖေဖေဟာ အရင်က တစ်နှစ်တစ်ခါဆိုသလို ဝါလင်တောင်ကိုသွားတတ်တယ် အစ်ကိုရဲ့၊ အခုတစ်ခေါက်တော့ ညီမက သွားရမှာပေါ့"

ကျင်းဟို့က....

"မင်းကို စိမင်းဝုက်က သိပါ့မလား"

ချင်းချင်းက ရယ်မောလိုက်သည်။

"စိမင်းဝုက်ဟာ ရဟန်းဝတ်နဲ့အရင်က တောင်ပင်လယ်ကျွန်းကို ခဏခဏ လာပါတယ်ရှင်၊ သူ့ဘွဲ့အမည်က 'စုတ'ပါ"

ကျင်းဟို့က....

"ဒီလိုဆိုရင်လဲ ပြီးတာပါပဲလေ၊ ငါက မင်းကို မသိဘဲ ဖြစ်

နေမှာစိုးလို့ပါ"

သူတို့သည် စကားတပြောပြောနှင့် ခရီးဆက်လာခဲ့ကြလေ၏။ ဤသို့ဖြင့် သူတို့သည် ဝါလင်တောင်ခြေသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုတောင်ခြေတွင် ရွာကလေးတစ်ရွာရှိရာ ထိုတောင်ခြေရှိရွာတွင် ကျင်းဟို့က ဦးဆောင်ပြီး ဝင်ရောက်တည်းခိုကြလေ၏။

**ကျင်းဟို့က....**

"**ဒီတစ်ည**တော့ ဒီရွာမှာပဲ အိပ်လိုက်ကြတာပေါ့၊ မနက်ကျမှ ဝါလင်**တောင်**ပေါ် တက်ကြမယ်"

**တင်းမိန်က....**

"ကောင်းတယ်... ဒီမှာပဲ အိပ်ကြတာပေါ့"

သူတို့သည် အိမ်တစ်အိမ်တွင် ဝင်ရောက်တည်းရင်း ထိုသို့ပြောလိုက်ကြသည်။ ဤသို့ဖြင့် သူတို့သည် ထိုရွာကလေးတွင် အိပ်စက်လိုက်ကြသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် သူတို့သည် ဝါလင်တောင်သို့ တက်ကြတော့၏။ နေ့လယ်ခင်းတွင် ဝါလင်ကျောင်းသခ်မ်းသို့ရောက်ရှိလေ၏။

ဝါလင်တောင်တစ်ခုလုံးတွင် ကျောင်းကလေးများဟိုတစ်ဆောင် သည်တစ်ဆောင် ဆောက်လုပ်ထားသည်ဖြစ်ရာ ကျောင်းဆောင်ကလေးများ မြောက်မြားစွာရှိနေလေသည်။

**ချင်းချင်း**သည် ဝါလင်တောင်သို့တက်ရာတွင် **ဦးဆောင်တက်သည်။** သူမသည် စုတကိုယ်တော် မည်သည့်နေရာ၌**ရှိသည်ကို** မေးမြန်း လျှောက်ထားလေ၏။ ကိုယ်တော်တစ်ပါးက **စုတကိုယ်**



တော်ရှိရာသို့ ညွှန်ပြလေ၏။

ချင်းချင်း၊ တင်းမိန်နှင့် ကျင်းဟို့တို့သည် ထိုနေရာသို့ဦးတည်သွားလေ၏။ ထိုနေရာကား ဝါးပင်များ တည်ရှိသောနေရာဖြစ်၍ ကျယ်ဝန်းသာယာလှသည်။ ကျောင်းဝင်းကလေး**ကား အေးချမ်းလှ**၏။ ကျောင်းဝင်းအတွင်း ဝင်မိသည်နှင့် အေး**ချမ်းသွားသလို ခံစား**ကြရသည်။

မည်သည့်အသံဗလံမှ မကြားရသဖြင့် ချင်းချင်းတို့သည့်ပင် စကားမပြောမိကြချေ။ ဝါးပင်ကို လေတိုးသံ တရှဲရှဲမြည်နေသည်။

ချင်းချင်းသည် ကျောင်းပေါ်သို့ဦးဆောင်တက်လိုက်၏။

ကျောင်းပေါ်တွင် ဘုန်းကြီးတစ်ပါးသည် ဗုဒ္ဓရုပ်ပွားတော်အား ဦးချကန်တော့ပြီး တရားထိုင်နေသဖြင့် ထိုင်စောင့်နေမိကြလေ၏။

မကြာမီ ဘုန်းကြီး၏ကျောက်ရုပ်သဖွယ် **ငြိမ်**သက်နေသော ခန္ဓာကိုယ်သည် လှုပ်ရှားလာလေ၏။ **ထို့နောက် တရွေ့ရွေ့**နှင့် နောက်သို့ လှည့်လာလေတော့၏။ ဘုန်းတော်**ကြီး၏မျက်**နှာသည် **ချင်းချင်း**တို့အား တွေ့လိုက်သောအခါ မျက်မှောင်ကုပ်**သွား**လေ၏။

ချင်းချင်းမှာလည်း အံ့သြသွား၏။

"ဒါ... ဒါ... စုတ ကိုယ်တော်လဲ မဟုတ်ပါလား"

ချင်းချင်းက အံ့သြတကြီး ရေရွတ်လိုက်**သည်။ ချင်းချင်း**၏စကားကြောင့် တင်းမိန်သည် ဘုန်းတော်ကြီးအား အသေအချာ အကဲခတ်လေတော့သည်။

ဘုန်းတော်ကြီး၏မျက်နှာ ကြည်လင်သန့်ရှင်းနေ၏။ မျက်

နံရံတွေမှာများ ဖြူနေသော်လည်း ထူထပ်ဆဲရှိနေသည်။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးများမှာလည်း ဖြူဖွေးနေပေသည်။

ရှေ့ကန်ဆောက်မှာ စူးရှထက်မြက်လှပြီး နားထင်တွင် ချိုင့်ဝင်နေသည်ကိုတွေ့ရသည်။ အတွင်းအား အလွန်ကောင်းပြီး သိုင်းပညာ အရာတွင် ထိပ်တန်းအဆင့်ရှိမည့် ကိုယ်တော်မှန်း တင်းမိန် သိရှိလိုက်လေ၏။ ဘုန်းတော်ကြီးက စတင် မေးမြန်းလိုက်သည်၊

"ဒကာလေးတို့က ဘယ်သူနဲ့တွေ့ချင်ကာတုန်း"

တင်းမိန်က လက်အုပ်ချီပြီး လျှောက်ထားလိုက်၏။

"စုတ ကိုယ်တော်ပါ ဘုရား"

ဘုန်းတော်ကြီးက....

"အိမ်း... ဒီကျောင်းမှာ ကျုပ်တို့နှစ်ပါး နေကြပါတယ်၊ စုတ ကိုယ်တော်က မကြာခင် လာပါလိမ့်မယ်၊ ခဏစောင့်ကြပါ"

တင်းမိန်က....

"စုတ ကိုယ်တော်နဲ့ အရှင်ဘုရား တွဲနေကြပါသလားဘုရား"

"ဟုတ်တယ်... ကျုပ်တို့နှစ်ပါးနေကြပါတယ်"

ဘုန်းတော်ကြီး၏အသံမှာ လွန်စွာ အားပါလှသည်။

ထိုစဉ် ပေါ်ပါးသောခြေသံကို ကြားလိုက်ရ၏။ အားလုံးက ခြေသံရှင်ကို လှည့်ကြည့်လိုက်ကြသည်။

ဘုန်းတော်ကြီးတစ်ပါးကို တွေ့လိုက်ကြရသည်။

ချင်းချင်း၏မျက်နှာမှာ ဝင်းပသွား၏။

"ဆရာတော် ဘုရား"



ချင်းချင်းက ပြောပြောဆိုဆို လက်အုပ်ချီကန်တော့လိုက်သဖြင့် တင်းမိန်နှင့်ကျောင်းသားတို့လည်း ဦးချကန်တော့ကြရသည်။ ထိုဘုန်းတော်ကြီးမှ စုတကိုယ်တော် ဖြစ်ပါသည်။

စုတကိုယ်တော်က....

"ဒကာမလေးရဲ့ဖခင် တောင်ပင်လယ်ကျွန်းသခင်ကော နေကောင်းရဲ့လား"

စုတကိုယ်တော်က နှုတ်ဆက်လိုက်၏။

ချင်းချင်းက....

"မှန်ပါဘုရား... နေကောင်းပါတယ်ဘုရား"

ထိုင်နေသည့် ဘုန်းတော်ကြီးသည် အံ့သြသွားဟန်ဖြင့်....

"ဩော်... ဒီဒကာမလေးက တောင်ပင်လယ်ကျွန်းသခင်ရဲ့ သမီးကိုး"

စုတကိုယ်တော်က ထိုဘုန်းတော်ကြီးအား လှမ်းမေးလိုက်၏။

"ကိုယ်တော်က ဒီဒကာမလေးကို သိလို့လား"

"မသိပါဘူး ဘုရား"

"ကျုပ်နဲ့ ဒီဒကာမလေးရဲ့ဖခင်ကတော့ သိပ်ရင်းနှီးတဲ့မိတ်ဆွေတွေပဲ ဆိုပါတော့"

ဘုန်းတော်ကြီး ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

စုတကိုယ်တော်က ချင်းချင်းတို့ဘက် ပြန်လှည့်ပြီး မေးလေ၏။

"ဒကာမလေးတို့က ဘယ်ကလာပြီး ဘယ်ကိုသွားကြမလို့

လဲ၊ တခြား အရေးကြီးတဲ့ကိစ္စတွေများ ပါလာသေးသလား"

သိုင်းသမားဖြစ်ခဲ့သည့် စုတကိုယ်တော်သည် တင်းမိန်နှင့် ကျင်းဟို့တို့အား သိုင်းသမားဖြစ်ကြောင်း မြင်ယုံနှင့် သိသည်။ ထို့ကြောင့် အကြောင်းကိစ္စပါလာသည်ထင်သဖြင့် ဤသို့မေးမြန်းလိုက်ခြင်း ဖြစ်ပေသည်။

ချင်းချင်းက....

"ဖေဖေက တာဝန်နဲ့ခိုင်းလိုက်တဲ့အတွက် **တပည့်တော်မ** ထွက်လာခဲ့ခြင်း ဖြစ်ပါတယ်"

"သြော်... ဒကာမလေးတို့က တာဝန်နဲ့ကိုး"

"မှန်ပါ... ဖေဖေကလဲ အရှင်ဘုရားကို **သိုင်းလောကသ**တင်းဝင်ပြောဖို့ မှာလိုက်ပါတယ်"

စုတကိုယ်တော်က သက်ပြင်းချလိုက်၏။

"ကျုပ် **တောင်ပင်လယ်ကျွန်းကိုသွားတုန်းကတော့ သိုင်း**လောကသ**တင်းများ**တယ်လို့ ကြားရသကို၊ ကျုပ်ကလဲ **သိုင်းလော**ကနဲ့ **အဆက်ပြတ်ပြီ**ဆိုပေမယ့် သိုင်းလောကကို သိ**ချင်တဲ့သဘော**စိတ်က **ကျန်နေသေး**တယ်၊ ပြောစမ်းပါဦး ဘာသ**တင်းများလဲကွယ်**"

**သူမသည်** ချက်ချင်း မဖြေပါ။ သူမအ**ကြည့်သည်** မှတ်ဆိတ်**ဖြူ ဘုန်းတော်**ကြီးဆီသို့ရောက်သွားလေ၏။

**သူမသည်** ထင်းရှုဂိုဏ်းနှင့်ပတ်သက်ပြီး လျှောက်ထားရမည်ဖြစ်ရာ ထင်းရှုဂိုဏ်း၏သတင်းသည် သိုင်းရာဇာကျုံးစန်း၏ပတ်ဝန်းကျင်တွင်သာ သိရှိထားသည့် သတင်းဖြစ်သည်။ အခြားသိုင်းလောကမှ လုံးဝမသိရှိသေးသဖြင့် လျှို့ဝှက်ထားရမည်ကို သူမသိသည်။ ထို့ကြောင့် သူမမှတ်ဆိတ်ဖြူ ထိုဘုန်းတော်ကြီးကို လှမ်းကြည့်ခြင်းဖြစ်သည်။ ထိုအကြည့်ကို စုတကိုယ်တော်ကလည်း ရိပ်စားမိလိုက်၏။

"လျှောက်သာလျှောက်ပါ ဒကာမလေး၊ ဒီကိုယ်တော်ဟာ ကျုပ်နဲ့အရင်းနှီးဆုံးပါပဲ၊ ဒီကျောင်းဆောင်မှာ ကျုပ်နဲ့နှစ်ပါးတည်းနေကြတာကို ကြည့်ပါတော့၊ ဘယ်လို သတင်းမျိုးပဲဖြစ်ဖြစ် ယုံကြည်စိတ်ချစွာနဲ့ ပြောနိုင်ပါတယ်"

စုတကိုယ်တော်ကိုယ်တိုင်က ယုံကြည်စိတ်ချရသည် ပြောဆိုနေမှတော့ ချင်းချင်းတို့ စောဒကတက်ရန် အကြောင်းမရှိတော့ပေ။

ချင်းချင်းက ခေါင်းညိတ်ပြီး....

"တပည့်တော်မ ပြောရမှာတော့ သတင်းဆိုးပါဘုရား"

တင်းမိန်က ချင်းချင်းနားသို့ကပ်ပြီး မေးလိုက်သည်။

"ဘာလဲ ညီမက ထင်းရှုဂိုဏ်းအကြောင်း ပြောမလို့လား"

ချင်းချင်း တိုးတိုးပြန်ပြောလေ၏။

"ဟုတ်တယ်... ဖေဖေက တွေ့ကြုံခဲ့သမျှ အားလုံးကို ဝင်လျှောက်ဖို့မှာလိုက်တယ် အစ်ကိုရ"

တင်းမိန် ဘာမှမပြောနိုင်တော့ပေ။ ပါးစပ်ပိတ်သွားလေ၏။

စုတကိုယ်တော်က....

"ဘာသတင်းဆိုးလဲ ဒကာမလေး"

ချင်းချင်းက....

"လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်က ပျက်စီးသွားတဲ့ ထင်းရှုဂိုဏ်းဟာ

မြန်လည်ရှင်သန်ခဲ့တဲ့အတွက် သိုင်းလောကဒုက္ခရောက်တော့မယ့်
ကိန်း ဆိုက်နေပါတယ်ဘုရား"

စုတကိုယ်တော် မျက်လုံးပြူးသွား၏။

"ထင်းရှုဂိုဏ်း ဟုတ်လား"

ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"မှန်ပါ့ ဘုရား၊ ထင်းရှုဂိုဏ်းပါ ဘုရား"

စုတကိုယ်တော်က ခေါင်းတယမ်းယမ်းဖြင့်....

"မဖြစ်နိုင်ဘူး"

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးကလည်း ဝင်၍ ပြောသည်

"ဟုတ်တယ်... လုံးဝမဖြစ်နိုင်ဘူး"

ချင်းချင်းက....

"ဖြစ်နိုင်တဲ့အပြင် အခု ထင်းရှုဂိုဏ်းရဲ့လက်ထဲမှာ မိုးကြိ
သွားလက်နက်ပုန်းတစ်ခုပါ ရောက်ရှိနေပါတယ်ဘုရား"

"အလို...."

"ဟင်...."

ဘုန်းတော်ကြီးနှစ်ပါးထံမှ အာမေဋိတ်သံများ ပြိုင်တူလိုပ်
ထွက်ပေါ်လာကြသည်။

စုတကိုယ်တော်က....

"အမှန်ပဲလား ဒကာမလေး"

ချင်းချင်းက....

"အမှန်ပါပဲ ဘုရား၊ တပည့်တော်မတို့အဖွဲ့ဟာ ထင်း
ဂိုဏ်းကို လိုက်လံနှိမ်နင်းနေတဲ့အဖွဲ့ပါ၊ ဒါပေမယ့် ထင်းရှုဂိုဏ်းဟာ



အရိပ်ကိုဖမ်းရသလိုဖြစ်နေပါတယ် ဘုရား"

"ခြော်... ဒုက္ခ... ဒုက္ခ၊ ထင်းရှုဂိုဏ်းဟာ မြန်ပြီး သောင်း
ကျန်းလာဦးတော့မှာပဲ"

"မှန်ပါဘုရား... ထင်းရှုဂိုဏ်းကိုဦးဆောင်နေတဲ့လူဟာ တစ်
ချိန်က သေဆုံးပြီလို့ထင်နေခဲ့တဲ့ ထင်းရှုဂိုဏ်းချုပ် ဟူကျန်းစုကိုယ်
တိုင်ပဲ ဖြစ်ပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်မရဲ့ဖေဖေဟာ
ထင်းရှုဂိုဏ်းခေါင်းထောင်ထလာတာကို အလွန်ပဲ စိုးရိမ်နေတာပါ"

"ဟင်...."

"ဟာ...."

ကိုယ်တော်နှစ်ပါးထံမှ ဒုတိယအကြိမ် အာမေဋိတ်သံများ
ပြိုင်တူလိုလိုပင် ထွက်ပေါ်လာကြပြန်တော့၏။

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးမှာ ခေါင်းတယမ်းယမ်းဖြင့်
တစ်ကိုယ်တည်း ပြောနေလေတော့၏။

"မဖြစ်နိုင်ဘူး... လုံးဝမဖြစ်နိုင်ဘူး"

တင်းမိန်သည် ထိုဘုန်းတော်ကြီး တစ်စုံတစ်ခုများ သိရှိ
ထားလေသလားဟူသော သံသယအကြည့်ဖြင့် ကြည့်မိလေ၏။

မုတ်ဆိတ်ဖြူဘုန်းတော်ကြီး၏ခန္ဓာကိုယ်မှာ အနည်းငယ်
တုန်တုန်ယင်ယင် ဖြစ်နေသည်ဟု ထင်မိလေသည်။ မျက်နှာပေါ်တွင်
လည်း မျက်ခုံးနှစ်ဖက်စုနေပြီး အတွေးနက်နေသည့်ပုံသဏ္ဍာန်ပေါ်
လွင်နေသည်။

ချင်းချင်းနှင့် ကျင်းဟို့တို့သည်လည်း ထိုဘုန်းတော်ကြီးမှ
မျက်နေသည်ကို ရိပ်မိကြသည်။ ထို့အတူ မုတ်ဆိတ်ဖြူဘုန်းတော်

ကြီး ဣန္ဒြေပျက်သွားသည်ကို စုတကိုယ်တော်ကလည်း ရိပ်မိလိုက်သည်။

"ဘာများဖြစ်လို့လဲ ကိုယ်တော်"

စုတကိုယ်တော်က မုတ်ဆိတ်ဖြူဘုန်းတော်ကြီးအား မေးမြန်းလိုက်၏။ မုတ်ဆိတ်ဖြူဘုန်းတော်ကြီးသည် ဣန္ဒြေကိုပြန်ဆည်လိုက်၏။ စိတ်ကိုထိန်းချုပ်သွားဟန် ရှိသည်။

သူက စုတကိုယ်တော်အား...

"ဒီလိုပါ အရှင်ဘုရား... တပည့်တော် ကြားဖူးထားတာက ထင်းရှုဂိုဏ်းချုပ် ဟူကျန်းစုဟာ နောက်ဆုံးတိုက်ပွဲမှာ ကျဆုံးသွားတယ်လို့ ကြားဖူးထားတယ်၊ အခုသေသွားတဲ့လူက ရှင်သန်ထမြောက်ပြီး ထင်းရှုဂိုဏ်းကို ပြန်လည်ဦးဆောင်နေတယ်ဆိုတော့ အံ့အားသင့်သွားတာပါ၊ ဒါဟာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

စုတကိုယ်တော်ကလည်း ခေါင်းညိတ်သည်။

"ဟုတ်တယ်... ကျုပ်လဲ ဟူကျန်းစုပြန်ပေါ်လာတယ်ဆိုတာကို လက်မခံနိုင်ပါဘူး"

ထိုအခါ တင်းမိန်က ကြားဖြတ်ဝင်လျှောက်လိုက်၏။

"မှန်ပါ... တကယ့်လက်တွေ့မှာတော့ ဟူကျန်းစုပြန်ပေါ်လာတာ အမှန်ပဲဖြစ်နေပါတယ်ဘုရား"

စုတကိုယ်တော်က....

"ကဲ... ဒကာလေးတို့ ဒီလိုပြောနေတာ အကြောင်းရှိရမယ်၊ ဘာကြောင့်များ ဟူကျန်းစုပဲလို့ စွပ်စွဲနိုင်ရတာလဲ"

ချင်းချင်းက....



"ဟူကျန်းစုကို တောင်ပိုင်းသိုင်းရာဇာကျူးစန်းကိုယ်တိုင် သိုင်းရာဇာစံအိမ်မှာ ကျူးစန်းကိုယ်တိုင်က တွေ့လိုက်ရလို့ပါ"

"မဖြစ်နိုင်ဘူး"

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးက ထပ်မံပြောလိုက်သည်။

ချင်းချင်းက မေးမြန်းလိုက်၏။

"အရှင်ဘုရားက ဘာ့ကြောင့် မဖြစ်နိုင်ဘူးလို့ ပြောရတာလဲဘုရား၊ ဟိုမှာတွေ့ပြီးတဲ့လူက တွေ့ပြီးပြီဥစ္စာ"

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးက ရှင်းပြ၏။

"ဟူကျန်းစုနဲ့သိုင်းရာဇာကျူးစန်းတို့ဟာ သွေးသားတော်စပ်ကြတယ်၊ သိုင်းရာဇာကျူးစန်းရဲ့ အစ်ကိုက ဟူကျန်းစုကို နယ်စားခန့်အပ်မယ့်အချိန်မှာ အကြောင်းမကြားခဲ့တဲ့တွက် ဟူကျန်းစုဟာ နယ်စားရာထူးနဲ့ လွဲခဲ့ရတယ်"

ချင်းချင်း အံ့သြသွား၏။

"အရှင်ဘုရား... ဒီအကြောင်းတွေကို သိနေတယ် ဟုတ်လား"

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးသည် ချင်းချင်း၏အမေးကို မဖြေဘဲ ဆက်လက်ပြောဆိုတော့သည်။

"ဟူကျန်းစုဟာ တောင်ပိုင်းနယ်စားရဲ့ အဆက်အနွယ်တွေနားကို ဘယ်တော့မှမသွားဘူးလို့ ကျိန်ဆိုထားခဲ့လေတော့ သူဟာ တောင်ပိုင်းသိုင်းရာဇာကျူးစန်းရဲ့ အိမ်အနီးအနားကို ဘယ်သွားမလဲ၊ သူဟာ တောင်ပိုင်းသိုင်းရာဇာကို စိတ်နာပေမယ့် သွေးသားဆိုတော့ မရက်စက်နိုင်ပါဘူး။ ဒါ့ကြောင့် မဖြစ်နိုင်ဘူးလို့ ပြောတာ"

တင်းမိန်က....

"အရှင်ဘုရားပြောတာ ဖြစ်နိုင်လောက်ပါတယ်၊ ဒါပေမယ့် တွေ့တဲ့လူက တွေ့လိုက်လေတော့ တပည့်တော်တို့မှာ"

စုတာကိုယ်တော်က....

"သိုင်းရာဇာကျိုးစန်းတွေ့တယ်ဆိုတာ သေချာလို့လား"

တင်းမိန်က ထပ်မံ ဖြေလိုက်ရသည်။

"မှန်ပါ... သိုင်းရာဇာကျိုးစန်းတင် မကပါဘူး၊ သမားတော် သိုင်းသမားလဲ တွေ့လိုက်ရတာပါ"

စုတာကိုယ်တော်က....

"အင်း... ဒါဆို စဉ်းစားစရာပဲ"

ချင်းချင်းက....

"သိုင်းရာဇာကျိုးစန်းနဲ့သမားတော်ကြီးတို့ဟာ လေးစားလောက်တဲ့ သိုင်းသမားကြီးတွေပါ၊ သူတို့က မတွေ့ဘဲနဲ့ တွေ့တယ်လို့တော့ပြောမှာ မဟုတ်ပါဘူး"

မှတ်ဆိတ်ဖြူဘုန်းတော်ကြီးက ခေါင်းညိတ်၏။

"ဟုတ်တယ်... သူတို့မုသားပြောတယ်လို့လဲ ကျုပ် မထင်ပါဘူး"

ထိုစကားသည် ရှေ့နောက် မညီညွတ်သောစကားဖြစ်နေသည်။ ဟူကျန်းစု အစစ်သည် နယ်စားရာထူးလွဲရသည့်အတွက် တောင်ပိုင်းနယ်စား၏အဆက်အသွယ်မှန်သမျှ အိမ်အနီးအနားသို့မသွားဟု ပြောခဲ့သည်။ ယခုတစ်ဖန် ကျိုးစန်းတို့က မုသားစကားပြောသည်မထင်ဟု ပြောပြန်သည်။



တင်းမိန်က ထိုအကြောင်းကို ထောက်မေးလိုက်၏။

မှတ်ဆိတ်ဖြူဘုန်းတော်ကြီးက ပြုံးလိုက်ပြီး....

"ကျုပ်ပြောတာ ရှင်းပါတယ်၊ ဟူကျန်းစုအစစ်ဟာ သိုင်းရာဇာကျိုးစန်းရဲ့အိမ်အနီးအနားကို ဘယ်တော့မှမသွားဘူးမှတ်"

"ဒါ... ဒါဆိုရင်...."

မှတ်ဆိတ်ဖြူဘုန်းတော်ကြီးက သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်... သူတို့တွေ့လိုက်ကြတာ ဟူကျန်းစု အတုပဲ ဖြစ်ပါလိမ့်မယ်"

"ဟာ...."

"ဗျာ...."

"ရှင်...."

အားလုံး အံ့အားသင့်သွားကြလေ၏။

ကျောင်းသခ်မ်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ ရှိရှိသမျှ မျက်လုံးများသည် မှတ်ဆိတ်ဖြူဘုန်းတော်ကြီးထံသို့သာ ရောက်ရှိနေကြသည်။ မှတ်ဆိတ်ဖြူဘုန်းတော်ကြီးမှာလည်း နဖူးရေများ ရှုံ့နေသည်အထိ တစ်စုံတစ်ခုကို စဉ်းစားနေသည်။

တင်းမိန်က....

"ဟူကျန်းစုအတု ပေါ်နိုင်သတဲ့လား၊ ဒါ... ဒါ... ဖြစ်နိုင်ပါ့မလား"

တင်းမိန် တစ်ကိုယ်တည်း ရေရွတ်နေခြင်းဖြစ်သည်။ သူသည် တိုးတိုးရေရွတ်လိုက်ခြင်းဖြစ်သော်လည်း တိတ်ဆိတ်ငြိမ်သက်လွန်းသော ဤဒေသတွင် ကျယ်လောင်လွန်းသည် ထင်မှတ်ရပေ

တော့သည်။

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးက....

"ဒကာလေးတို့မယုံရင် စုံစမ်းကြည့်ပေါ့"

"မှန်ပါ... တပည့်တော်တို့ဟာ ထင်းရှုဂိုဏ်းကိုသုတ်သင်ဖို့လိုက်နေတဲ့သူတွေဆိုတော့ ဒီသတင်းကို စုံစမ်းရမှာပဲဘုရား"

"ဒါထက် ဒကာလေးက ဘယ်သူလဲ"

"တပည့်တော်က တိမ်ဖြူနဂါး တင်းမိန်ပါ ဘုရား"

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးမှာ မျက်မှောင်ကုပ်သွား၏။

သူက တုန်ယင်စွာ မေးလိုက်သည်။

"တိမ်ဖြူနဂါး ဟုတ်လား"

သူ့အသံမှာ တုန်ယင်နေ၏။

တင်းမိန်က....

"မှန်ပါ့ ဘုရား"

"ကျုပ်သိထားတဲ့တိမ်ဖြူနဂါးက တစ်ယောက်ပါလား ဒကာလေးရဲ့"

တင်းမိန်က....

"တပည့်တော်ဟာ ဖခင်ရဲ့အမွေကို ဆက်ခံတဲ့သူပါ။ တပည့်တော်ဖခင်ဟာ တိမ်ဖြူနဂါး ထင်းကျန်ပါ"

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးမှာ ကွက်ခနဲ မျက်နှာပျက်သွား၏။ သို့သော် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ များစွာရှိနေသည့်အတွက်က မသိသာလှပေ။

သို့သော် သူသည် ဣန္ဒြေကိုပြန်ဆည်ရသည်ကတော့ အမှန်



ပင်။

တင်းမိန်သည် မုတ်ဆိတ်ဖြူဘုန်းတော်ကြီးကို အကဲခတ်နေသည်ဖြစ်ရာ မျက်နှာပျက်သွားသည်ကို ချက်ချင်းသိလိုက်၏။ ထို့ကြောင့် ထင်းရှုဂိုဏ်းနှင့်ဘယ်လိုများ ပတ်သက်နေသနည်းဟု သံသယဝင်လာတော့သည်။

စုတာကိုယ်တော်က....

"အင်း... ဒီတစ်ခါတော့ လူငယ်တွေရဲ့အလှည့်ပေါ့လေ၊ ကဲ... မင်းတို့လဲ တိုင်းပြည်ရဲ့ရန်သူ၊ သိုင်းလောကရဲ့ရန်သူတွေကို ချေမှုန်းနိုင်ကြပါစေ၊ ကျုပ်တို့လဲ တရားမှတ်ဖို့ အချိန်ကျရောက်ပြီ၊ ဒကာမလေးတို့ ဒကာလေးတို့လဲ သွားကြပေဦးတော့၊ ဟဲ့... ဒကာမလေး မင်းရဲ့ဖခင်ကြီးကိုပြောလိုက်ကွယ်၊ ကျုပ် သိုင်းလောကသတင်းကိုကြားရလို့ မင်းဖခင်ကြီးကို ကျေးဇူးတင်တယ်လို့"

တင်းမိန်တို့လူစုလည်း ဝတ်ပြုကာထလိုက်ကြရ၏။ တင်းမိန်သည် ကျောင်းပေါ်မှအဆင်းတွင် မုတ်ဆိတ်ဖြူဘုန်းတော်ကြီးအားတစ်ချက်လှမ်း၍ အကဲခတ်လိုက်၏။ မုတ်ဆိတ်ဖြူဘုန်းတော်ကြီးမှာ တွေဝေငေးမောနေသည်ကို တွေ့လိုက်ရတော့သည်။

## အခန်း(၅)
## ပျောက်သွားသောဘုန်းတော်ကြီး

ကြယ်ပြာလမင်း၊လမင်းမသာသော ည....။

လဆုတ်ရက်ဖြစ်သောကြောင့် ကောင်းကင်တွင် လမင်းမသာပါချေ။ ညအမှောင်ကြောင့် လူရိပ်များကို ဝိုးတဝါးတွေ့မြင်ကြရသည်။ သဲသောင်ပြင်တွင် လူရိပ်နှစ်ရိပ်လဲလျောင်းနေကြ၏။

ထိုလူရိပ်များကား တင်းမိန်နှင့်ချင်းချင်းတို့ပင် ဖြစ်သည်၊ သူတို့နှစ်ဦးသည် သဲသောင်ပြင်တင် ပက်လက်လှန်အိပ်ရင်း ကောင်းကင်ပြင်သို့ ငေးမောကြည့်နေကြ၏။ အဓိပ္ပာယ်မရှိ ငေးမောနေကြခြင်းဖြစ်သည်။

သဲသောင်ပြင်တစ်ခုလုံး တိတ်ဆိတ်နေသဖြင့် ရေလှိုင်းကလေးများက သဲသောင်ပြင်ကိုရိုက်ခတ်နေသံကြားရသည်။

ချင်းချင်းက....

"ဒီညဟာ လှတယ်နော်၊ လပြည့်ဆိုရင် ပိုလှမှာပဲ"

"ဟုတ်တယ်... အစ်ကိုလဲ မင်းနဲ့အတူလက်တွဲပြီး တစ်သက်လုံး အေးအေးချမ်းချမ်း နေချင်တယ်ကွယ်"

တင်းမိန်က ချင်းချင်းအား ရွှန်းရွှန်းစားစား ကြည့်ကာ ပြောလိုက်၏။



ချင်းချင်းက....

"ညီမလဲ ဒီသဘောအတိုင်းပါပဲကွယ်"

ချစ်သူနှစ်ဦးမှာ စကားမဆိုမိတော့ဘဲ ပြန်လည်ငြိမ်သက်သွားကြလေ၏။

အတန်ကြာ တင်းမိန် ငေးမောနေသည်။

ထို့နောက် **တင်းမိန်က....**

"ဒီထင်းရှုဂိုဏ်းကိုရှုပြီးသွားရင်တော့ အစ်ကိုတို့ အတူတူနေကြရအောင်၊ ဒီအတွင်းမှာတော့ ထင်းရှုဂိုဏ်းကိုဖြိုဖို့ပဲ စိတ်ကူးနေရမှာပဲ"

ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ဖေဖေ ဘာပြောဦးမလဲ မသိဘူး"

တင်းမိန်က....

"တကယ်လို့ ညီမဖေဖေက သဘာမတူရင်ကော"

ချင်းချင်းမှာ တွေဝေသွား၏။

"ဖေဖေက သဘောတူတယ်၊ သဘောမတူဘူး မရှိပါဘူး၊ ဖေဖေက အတန်းအစားခွဲခြားတတ်တဲ့ စိတ်သဘောလဲ မရှိတော့ သဘောတူမယ်ထင်ပါတယ်၊ နောက်ပြီး အစ်ကို့ကို ညီမက မခွဲနိုင်တဲ့ဥစ္စာ"

တင်းမိန် ပြုံးရွှင်သွားသည်။ ချင်းချင်း၏ခန္ဓာကိုယ်လေးကို ထွေးပွေ့လိုက်သည်။ ချစ်သူနှစ်ဦးသည် ညအမှောင်အောက်၌ နွေးထွေးစွာ ပွေ့ဖက်နေကြတော့သည်။

ချင်းချင်းက....

"ဒါနဲ့ ညီမတို့ မနက်ကျရင် လှေနဲ့ခရီးထွက်မှာလား"

"ဟုတ်တယ်... ဒါမှ အစ်ကိုတို့ ဟိုကို အချိန်မီရောက်မှာပေါ့"

"ချိန်းထားတဲ့ရက် ပြည့်ဖို့ သိပ်မလိုတော့ဘူးနော်၊ ဒီကြားထဲ တစ်စုံတစ်ခုမဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"ဟုတ်တယ်... ရက်အားများတယ်ဆိုပြီး အစ်ကိုတို့ လည်ပတ်တာ များသွားတယ်၊ အချိန်သိပ်မကျန်တော့ဘူး"

"ဒါနဲ့ ကျင်းဟို့တစ်ယောက် ဘယ်များပျောက်သွားတာလဲ"

တင်းမိန်က....

"သူက စုံစမ်းဖို့ကျန်နေရစ်တာပါ၊ အစ်ကိုက သူ့ကိုနေရစ်ခဲ့ဖို့ ပြောထားလို့ သူ နေရစ်တာပါ"

ချင်းချင်းက မျက်မှောင်ကုပ်သွား၏။

တင်းမိန်က....

"ဒါနဲ့ အစ်ကို တစ်ခုမေးရဦးမယ်"

"မင်းရဲ့ ဖခင်ကြီးနဲ့စုတကိုယ်တော်ဟာ မိတ်ဆွေအရင်းကြီးတွေဆိုတာ ဟုတ်ရဲ့လား"

ချင်းချင်းက ရယ်လိုက်၏။

"တကယ်ပါ... စုတကိုယ်တော်ပြောတဲ့စကားတွေလဲ အစ်ကို ကြားသားပဲ"

"မုတ်ဆိတ်ဖြူဘုန်းတော်ကြီးကရော"

"သူ့တော့ ညီမ မသိဘူး၊ စုတကိုယ်တော်ကြီးက ယုံရတယ်၊ ပြောပါဆိုလို့ ညီမက သူ့ရှေ့မှာ ထင်းရှုဂိုဏ်းအကြောင်းကို ပြောတာ"



"အဲဒီဘုန်းတော်ကြီးကို သံသယဝင်စရာ မကောင်းဘူးလား"

"ဘာလဲ သူက ဟူကျန်းစုအကြောင်း ခရေစေ့တွင်းကျသိထားပုံရတယ်၊ ဟူကျန်းစုရဲ့ စစ်မြစ်ကိုပါ သိနေတာပဲ"

ချင်းချင်းမှာ တွေဝေစဉ်းစားသွားရတော့သည်။ တင်းမိန်မှာ ချင်းချင်းကိုစဉ်းစားစေရန် ဤအမေးကို မေးခြင်းပင် ဖြစ်ပါသည်။

ထို့နောက် တင်းမိန်က....

"ဒီတော့ သူဟာ ထင်းရှုဂိုဏ်းမှာ အရေးပါတဲ့လူတစ်ယောက်များ ဖြစ်မလားလို့ တွေးနေမိတယ်"

"ဟင်... ဟုတ်လား"

ချင်းချင်းမှာ လန့်သွား၏။

သူမသည် သက်ပြင်းချလိုက်ပြီး....

"ဒါ... ဒါဆိုရင်...."

တင်းမိန်က....

"ညီမ မပူနဲ့လေ၊ ကျင်းဟို့ဟာ သူ့ကိုအကဲခတ်ဖို့ ကျန်နေခဲ့ပါတယ်"

"သူ လှုပ်ရှားလာလိမ့်မယ်လို့ အစ်ကို ယူထားတယ်ပေါ့"

တင်းမိန် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူဟာ အမှုအရာပျက်နေတယ်၊ ဒါကြောင့် တစ်ရက် နှစ်ရက်အတွင်း ဝါလင်တောင်ကုန်းမှာ နေနေရာက ထွက်

လာလိမ့်မယ်လို့ အစ်ကိုကော နောင်ကြီးကျင်းဟို့ပါ ယူဆထားတယ်၊ ဒါကြောင့် နောင်ကြီးကျင်းဟို့ ကျန်နေရစ်တာပဲ"

"မင်း တွက်ကိန်းမလွဲပါဘူး"

မှောင်ထဲမှ ကျင်းဟို့၏အသံထွက်ပေါ်လာလေ၏။ ချင်းချင်းနှင့် တင်းမိန်တို့သည် လူးလဲထလိုက်၏။ အမှောင်ထုအတွင်းမှ လူတစ်ယောက်ထွက်လာသည်။ သူကား ကျင်းဟို့ပင်တည်း။ ကျင်းဟို့၏ခန္ဓာကိုယ်မှာ ချွေးများစို့ရွှဲနေသည်။

တင်းမိန်က...

"ဆိုပါဦး... နောင်ကြီးကျင်းဟို့"

ကျင်းဟို့က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... မင်းထင်သလိုပဲ"

"သူ တောင်ပေါ်က ဆင်းလာပြီ"

"ဘုရားရေ... သူ ဘယ်သွားတယ်ဆိုတာကော နောင်ကြီးကျင်းဟို့ လိုက်ကြည့်ရဲ့လား"

"ကျုပ်နောက်ယောင်ခံလိုက်လာတာပါ၊ သူ ဒီအထိရောက်လာတယ်၊ ဒီမြို့ရဲ့ တည်းခိုခန်းတစ်ခုထဲဝင်သွားတာ တွေ့လိုက်ရတယ်၊ ကျုပ်လဲ ဒီဘက်ကိုထွက်လာခဲ့တာပဲ၊ မင်းနဲ့ ဖြစ်ပျက်ပုံကို ပြောရဦးမယ်မဟုတ်လား"

"ဟာ... ဒါဆို ကျွန်တော်တို့အခြေအနေကို စောင့်ကြည့်မှ ဖြစ်မှာပေါ့၊ သူသွားတဲ့နောက် ကျွန်တော်တို့ လိုက်ရမယ်"

"မင်းတို့ သူ့ကိုတွေ့ဖတွေ့ချင်း မှတ်မိမှာမဟုတ်ဘူးကွ"

"ဘာဖြစ်လို့လဲ ရုပ်ဖျက်ထားလို့လား"



ကျင်းဟို့က ရယ်လိုက်၏။

"မဟုတ်ဘူး... ရုပ်မဖျက်ပါဘူး၊ သူက လူထွက်လိုက်လို့ပါ၊ လူရုပ်နဲ့ ဘုန်းကြီးရုပ် မတူဘူးလေ၊ ခေါင်းမှာ ဦးထုပ်ဆောင်းထားပြီး ဝတ်ရုံမှုမှုကြီး ဝတ်လိုက်တော့ လူမှားသွားမှာပေါ့"

"ဟုတ်လား"

တင်းမိန် အံ့ဩသွားလေ၏။ သူတို့သည် တည်းခိုခန်းသို့ လိုက်လာကြလေ၏။ တည်းခိုခန်းမှာ နှစ်ထပ်ဖြစ်၏။ အဆောင်အကြပ်လည်း မရှိပါ။ အဆောက်အအုံဟောင်းတစ်ခုကို အနည်းငယ်မွမ်းမံပြင်ပြီး တည်းခိုခန်း ဖွင့်ထားဟန် တူသည်။

တင်းမိန်တို့လာကြသည့်အချိန်မှာ ညကြီးမိုးချုပ် ဖြစ်လေသည်။ ထို့ကြောင့် မှိန်ပြသော မီးအလင်းရောင်သာ ရှိတော့သည်။ သူတို့သည် တည်းခိုခန်းဆီသို့ လျှင်မြန်စွာ ချဉ်းကပ်လာကြလေ၏။

တည်းခိုခန်းပေါ်ရောက်သည်အထိ မည်သည့်အနှောင့်အယှက်မှ မတွေ့ရချေ။ အခန်းငှားရမ်းသော စာရေးမှာလည်း သူ့စားပွဲတွင် အိပ်ပျော်နေသည်။ တောက်တိုမယ်ရနိုင်းသောလူငယ်သုံးယောက်မှာလည်း အိပ်ပျော်နေကြသည်။ အတော်သတိဝီရိယကောင်းသော တည်းခိုခန်းပါပေ။

ချင်းချင်းက လေသံဖြင့်...

"အပေါ်ထပ်မှာ တစ်ယောက်တစ်ခန်းစီ ဝင်ကြည့်ကြရအောင်"

အခန်းဆယ်ခန်းခန့်ရှိ၍ မီးရောင်မှိန်မှိန် ထွန်းထားသည့်အခန်းသုံးခန်း ရှိသည်။ အခန်းသုံးခန်းမှာ ကပ်လျက်သား မဟုတ်ပါ။

မီးရောင်မှိန်မှိန် ထွက်ပေါ်နေသည်။ ဟိုတစ်ခန်းသည် သည်တစ်ခန်း၊ အနေအထားရှိပါသည်။

ကျင်းဟို့က....

"တစ်ယောက်တစ်ခန်း ကြည့်ကြရအောင်"

သူသည် တစ်ဘက်စွန်းအခန်းဆီသို့ သွားသည်။ တင်းမိန့်က အလယ်ခန်းဆီသို့သွားပြီး ချင်းချင်းက သည်မှာဘက်အစွန်းဆုံးအခန်းဆီသို့ ဝင်သည်။ ထို့နောက် သူတို့သုံးယောက်သည် အခန်းတံခါးသို့ကပ်ကာ နားစွင့်နေကြသည်။ ထိုစဉ်....

"ဂျီ...."

တံခါးများသည် အလိုအလျောက် ပွင့်သွားလေ၏။ နားဖြင့်ကပ်၍ နားထောင်သူများမှာ ကသိကအောက် ဖြစ်သွားကြသည်။ အခန်းထဲ၌ ထွန်းထားသောမီးရောင်က မှိန်ပျပျအလင်းရောင်ပင်ဖြစ်သော်လည်း ဖိတ်လျှံကျလာခဲ့သည်။

မီးရောင်အောက်တွင် ခေါင်းစွပ်စွပ်ထားသော ဝတ်ရုံစိမ်းဝတ်ဆင်ထားသူတစ်ယောက် ရပ်နေကြောင်း တွေ့ရသဖြင့် တင်းမိန့်နှင့် ကျင်းဟို့တို့သည် ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြပြီး အခန်းအတွင်းသို့ ခုန်ဝင်လိုက်ကြသည်။

ချင်းချင်းမှာလည်း ဓားကိုဆွဲထုတ်ကာ ခုန်ဝင်လိုက်သည်၊ သူမသည် ပြင်းထန်လှသော ဓားချက်များဖြင့် တိုက်ခိုက်သည်။ ဝတ်ရုံစိမ်းက ကောင်းစွာ ခုခံနိုင်သည်။

ထို့ကြောင့် ဝတ်ရုံစိမ်း၏ဓားပညာမှာ မဆိုးလှကြောင်း ချက်ချင်း သိလိုက်သည်။ သို့သော် သူမ၏တိုက်ကွက်များကို ချေ



ဖျက်ခုခံနိုင်သဖြင့် ချင်းချင်းဒေါသထွက်နေသည်။ သူမသည် သူမဖခင်၏ ဓားပညာကိုထုတ်ကာ တရကြမ်းတိုက်ခိုက်၏။ သူမ၏ဓားချက်များသည် ပြင်းထန်ပြီး လျင်မြန်လှ၏။ သူမ၏ပေျပါးသော ကိုယ်ဖော့ပညာနှင့်ပေါင်းစပ်လိုက်သောအခါ သူမတူအောင် အစွမ်းထက်လာတော့သည်။

ဝတ်ရုံစိမ်းမှာ ချင်းချင်း၏ပြင်းထန်သောတိုက်ခိုက်မှုကြောင့် နောက်သို့ဆုတ်ပေးရတော့သည်။ နောက်ဆုံး နံရံနှင့်ကျောကပ်သွားလေ၏။ ချင်းချင်းက ကျေနပ်စွာ ပြုံးလေ၏။

"ရှင်... ပြေးလို့မလွတ်ပါဘူး"

သူမက တိုက်ခိုက်မှုကို အရှိန်မြှင့်လိုက်၏။

ဝတ်ရုံစိမ်းက....

"ကျုပ် အရှုံးပေးပါပြီ၊ ခဏနေပါဦး"

ချင်းချင်းသည် ဓားနှင့် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်ပြီး ဓားနှင့်ချိန်ရွယ်ကာ ရှေ့သို့တိုးသွားသည်။ သို့သော် မထင်မှတ်သော အဖြစ်က ရုတ်တရက် ဖြစ်ပေါ် လာတော့၏။ ဝတ်ရုံစိမ်းက....

"ဒီမှာ ကြည့်ပါဦး"

ပြောရင်း သူ့ခေါင်းစွပ်ကို ချွတ်ပြလိုက်သည်။

"ဟင်"

ချင်းချင်းမှာ ပါးစပ်ဟိုင်းသွား၏။ မျက်ခုံးနှစ်ခုမှာလည်း အလယ်၌စုသွားသည်၊ မျက်နှာပေါ်၌ အလွန်အံ့အားသင့်သည့်ဟန်များလည်း ပေါ်ထွက်လာခဲ့သည်။ မယုံကြည်နိုင်သောမျက်လုံးအစုံဖြင့် ဝတ်ရုံစိမ်း၏ မျက်နှာကို ငေးကြည့်မိလေ၏။

ထိုစဉ် ဝတ်ရုံစိမ်းသည် နံရံမှခလုတ်ကလေးတစ်ခုကို နှိပ်
လိုက်သည်။ ချင်းချင်း၏ ရင်ထဲတွင် ဟာသွား၏။ အဘယ့်ကြောင့်
သော် သူမ နင်းထားသည့်ကြမ်းပြင်သည် ဟင်းလင်းပွင့်ပြီး သူမ
ကျသွားသောကြောင့် ဖြစ်ပါ၏။

"အား"

သူမ၏အော်သံသည် တည်းခိုခန်းတစ်ခုလုံးပျံ့နှံ့ သွားတော့
သည်။ တင်းမိန်သည် ဓားကိုခုတ်ချလိုက်ပြီး လူကိုတစ်ပတ်လှည့်က
ကန်လိုက်၏။ ထိုအခါ သူ့ဓားသည် ဝတ်ရုံစိမ်း၏ဓားကိုခုတ်ချမိသွား
ပြီး ပတ်ခြေက ဝတ်ရုံစိမ်း၏နားထင်ကို ကန်မိလေ၏။

"ဝုန်း...."

ဝတ်ရုံစိမ်းမှာ ဖွဲအိတ်ပမာ အောက်သို့ပြုတ်ကျသွားသည်
ထိုစဉ် သူ့နားထဲသို့ ချင်းချင်း၏အော်သံလိုလိုကို ကြားမိလိုက်သည်
တင်းမိန် ထိတ်လန့်သွားတော့၏။ ချက်ချင်းပင် အခန်းထဲ
ပြေးထွက်သွားရသည်။ ချင်းချင်း ဝင်သွားသည့်အခန်းကိုတွေ့သော
အခါ ပြေးဝင်လိုက်သည်။ အခန်းအလယ်တွင် ချင်းချင်း ရပ်နေလေ
၏။

"ဟင်... စောစောက ညီမ အော်လိုက်တယ် မဟုတ်လား
ချင်းချင်းက ရယ်လိုက်၏။
တင်းမိန်က....
"ဘာဖြစ်လို့ ရယ်နေရတာလဲ"
ချင်းချင်းက....
"အစ်ကိုဟာ ညီမအပေါ် တကယ်ပဲ စိုးရိမ်စိတ်ရှိသလား



စမ်းသပ်ကြည့်တာပါ၊ စိတ်မဆိုးပါနဲ့နော်"

တင်းမိန်ကို ပြောရင်း မဒိုတရို ကြည့်လေ၏။ တင်းမိန်
သက်ပြင်းချမိလေသည်။ ထိုစဉ် ကျင်းဟို့သည်လည်း အခန်းအတွင်း
သို့ ရောက်ရှိလာလေ၏။

ကျင်းဟို့က....

"ဘာများ ဖြစ်သွားကြသေးသလဲ၊ ထိခိုက်များ သွားကြ
သေးသလား၊ ငါ့နားထဲမှာ ချင်းချင်း အော်သံလိုလို ကြားလိုက်ပါ
တယ်"

တင်းမိန်က ပခုံးတွန့်ပြီး ပြောလိုက်၏။

"ဟုတ်တယ်... ချင်းချင်းအော်သံကြားလိုက်ရတာ မှန်ပါ
တယ်၊ ကျွန်တော့်စိတ်ကို စမ်းတာတဲ့ဗျာ"

ကျင်းဟို့သည် စိတ်သက်သာရာရသွားပြီး ရယ်မောလေ
တော့၏။

"ချင်းချင်းကတော့ လုပ်ရှော့မယ်၊ သေရေး ရှင်ရေးတိုက်
ခိုက်နေရတဲ့ကြားထဲများ၊ ငါလဲ အော်သံကြားတော့ စိတ်ပူသွားပြီး
ရန်သူကို အမြန်ဆုံးရှင်းနိုင်အောင် ကြိုးစားရတယ်၊ အခု ဟိုမှာ ဒဏ်
ရာနဲ့လဲကျနေပြီ"

တင်းမိန်က....

"ကျွန်တော်လဲ ပတ်ခြေနဲ့ကန်လိုက်တာ ရန်သူ လဲကျသွား
တယ်၊ ဒါနဲ့ ညီမရဲ့ရန်သူရော"

ချင်းချင်းက နှုတ်ခမ်းစူပြီး ပြောလေ၏။

"ဟောဒီ ပြတင်းပေါက်ကနေပြီး ထွက်ပြေးသွားပြီ၊ ညီမက

အစ်ကိုတို့လောက် သိုင်းပညာမကောင်းတော့ လိုက်မသွားရဲဘူး"

တင်းမိန်က....

"လိုက်မသွားတာ ကောင်းပါတယ်၊ တော်ကြာ မှားခေါ် သွားလို့ ဒုက္ခရောက်နေမယ်၊ ညီမကို လိုက်ကယ်ရတာ အလုပ်ပို တစ်ခု ဖြစ်နေဦးမယ်"

ကျင်းဟို့က....

"ကဲ... ငါတို့ သဲလွန်စလေး ရလိုရငြား ငါတို့ရှင်းခဲ့တဲ့ကောင် တွေကိုသွားပြီး စစ်ဆေးဦးမှ"

တင်းမိန်၊ ချင်းချင်းနှင့် ကျင်းဟို့တို့သည် အခန်းထဲမှထွက်ခွာ လာခဲ့ကြတော့၏။ တင်းမိန်က သူဝင်ရာ အခန်းသို့ပြန်ဝင်လိုက်သည်။ သူ့မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။ အခန်းထဲ၌ ဝတ်ရုံစိမ်းမရှိ တော့ပါ။ မည်သူမျှ မရှိတော့ပါ။ သူ့ခြေကန်ချက်ဖြင့် လဲကျနေသော ဝတ်ရုံစိမ်းသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။ သု တွေး မရပါ။ အံ့အားသင့်မှုသာ ရှိနေပါသည်။

ထိုအခါ ကျင်းဟို့လည်း ပြေးထွက်သွား၏။ တင်းမိန်လည်း ကျင်းဟို့နောက်မှ ပြေးလိုက်သွား၏။ ကျင်းဟို့သည် သူဝင်ခဲ့သည် အခန်းတွင်းသို့ကြည့်ကာ ပြောလိုက်တော့သည်။

"သွားပြီ... မရှိတော့ဘူး"

တင်းမိန်က သက်ပြင်းချလိုက်၏။

ချင်းချင်းက....

"သူတို့ မသေသေးလို့ လွတ်သွားတာထင်တယ်"

ကျင်းဟို့က....



"ငါ့ဗေးချက် ငါသိတယ်၊ ဒီလူဟာ စစ်မေးရုံလောက်ကလေး အသက်ရှင်နေတာ၊ နို့မို့ဆိုရင် ဘယ်လိုမှ အသက်ရှင်စရာ လမ်းမရှိပါ ဘူး"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျွန်တော့်ရန်သူဟာလဲ ကျွန်တော့်နဂါးပတ် ခြေထောက်ထိသွားတယ်၊ ဘယ်လိုမှ အသက်ရှင်စရာလမ်း မရှိပါ ဘူး"

ချင်းချင်းက သက်ပြင်းချလိုက်သည်။

"ဒါဆို အလောင်းတွေက ဘယ်ရောက်သွားတာလဲ"

တင်းမိန် စကားမပြောနိုင်တော့ပါ။ ပါးစပ်ပိတ်သွားပါ သည်။

ကျင်းဟို့က ရယ်မောလိုက်ပြီး....

"အလောင်းတွေက ထပြီးလမ်းလျှောက်လို့ ဖြစ်မှာပေါ့"

တင်းမိန်က လိုက်မရယ်ပါ။

"ကျွန်တော်တို့ရဲ့ မုတ်ဆိတ်ဖြူဘုန်းတော်ကြီးကိုလဲ မတွေ့ ရပါလား၊ ဒီတည်းခိုခန်းထဲဝင်တာ သေချာရဲ့လား၊ နောင်ကြီးကျင်းဟို့ ညကြီးမင်းကြီးမို့ မျက်စိမှားတာ ဖြစ်နေဦးမယ်"

ကျင်းဟို့က....

"ညမို့လို့ပိုပြီး သတိထားတယ်ကွ၊ ဒီတည်းခိုခန်းကိုဝင်တာ ပါ"

တင်းမိန်၊ ချင်းချင်းနှင့် ကျင်းဟို့တို့သည် တည်းခိုခန်းကို တစ်ခန်းချင်း လိုက်လံစစ်ဆေးတော့၏။ ခရီးသည်အချို့ အိပ်ပျော်နေ

သည်မှအပ မည်သူမျှ မတွေ့ရတော့ချေ။

သူတို့သုံးယောက်သည် ပြန်၍တိုင်ပင်ကြ၏။ ကျင်းဟို့က မုတ်ဆိတ်ဖြူ ဘုန်းတော်ကြီးသည် ဤတည်းခိုခန်းသို့ဝင်ကြောင်း အခိုင်အမာဆို၏။ သူ့အပြောမှာ မှန်ကန်နိုင်ပါသည်။ တည်းခိုခန်းဆို၍ ထိုတစ်ခန်းသာရှိသောကြောင့်တည်း။

"မုတ်ဆိတ်ဖြူဘုန်းတော်ကြီး လူဝတ်လဲထားတာမှန်တယ်၊ အခုအိပ်နေတဲ့ခရီးသွားအချို့ဟာ ဘုန်းတော်ကြီးရဲ့ပုံသဏ္ဌာန်နဲ့အတော် ခြားနားတယ်၊ ဘယ်နည်းနဲ့မှ ဘုန်းတော်ကြီးမဖြစ်နိုင်ဘူး ဘုန်းတော်ကြီး ဘယ်ရောက်သွားသလဲ"

သူတို့သုံးဦးသည် အဖြေမရှိသော ပဟေဠိကိုတွက်သည့်နှယ် တွက်ချက်နေကြသည်။ မုတ်ဆိတ်ဖြူဘုန်းတော်ကြီးကို မည်သည့်အရပ်သို့ထွက်သွားသည်ကိုတော့ မသိကြပါချေ။



## အခန်း(၆)
## ပြဿနာအထွေထွေ

မြစ်ပြင်တွင် ရွက်လှေကြီးတစ်စင်း သွားနေသည်။ လေကြောင်း ရေကြောင်းသင့်သဖြင့် ရွက်လှေကြီးသည် လျင်မြန်စွာဖြင့် သွားနေသည်။ ရွက်လှေကြီးနောက်တွင် လှိုင်းဂယက်များ ဖြစ်ပေါ်ကျန်ရစ်ကြသည်။

လှေဦးတွင် တင်းမိန်နှင့် ချင်းချင်းတို့ရပ်နေကြသည်။ သူတို့သည် မနက်ခင်းမှစ၍ ရွက်လှေနှင့်လိုက်ပါသွားရာ ကျင်းဟို့မှာ ရေကြောင်း သွားလာရာတွင် အကျင့်မရှိသဖြင့် မူးပြီးအိပ်နေခဲ့သည်။

တင်းမိန်လည်း လှေစီးကျင့်မရှိသဖြင့် ခေါင်းမူးနေသည်။ ထို့ကြောင့် လှေဦးတွင် လေကောင်းလေသန့် ရှူနေခြင်းဖြစ်၏။

ချင်းချင်းကတော့ ဘာမှမဖြစ်ချေ။

တင်းမိန်သည် သာယာလှပသောရှုခင်းများအား ငေးမောကြည့်နေမိသည်။ နီရဲသောနေလုံးကြီးသည် အနောက်ဘက်မြစ်ပြင်၌ မေးတင်နေသည့်မှာ အလွန်ကြည့်ကောင်းသောရှုကွင်းပင် ဖြစ်သည်။ အလင်းရောင်မှာ တဖြည်းဖြည်းနည်းပါးလာသည်။ နေမင်းကြီးနစ်မြုပ်သွားလျှင် အလင်းရောင်ပျောက်သွားပေတော့မည်။

တင်းမိန်သည် ချမ်းစိမ့်စိမ့်ခံစားလာရသဖြင့် ချင်းချင်းအား လှမ်းပြောလိုက်သည်။

"ကဲ... ညီမ၊ အခန်းထဲဝင်နေကြရင် ကောင်းမယ်၊ အေးလာပြီ"

သူတို့သည် အခန်းတွင်းသို့ တစ်ယောက်စီ ဝင်ကြလေ၏။

တင်းမိန်မှာ ကွပ်ပျစ်ပေါ်လဲလျောင်းလိုက်သည်။ သူသည် ခေါင်းမူးနေသော်လည်း တွေးနေပေသည်။

မုတ်ဆိတ်ဖြူဘုန်းတော်ကြီးသည် မည်သူဖြစ်မည်နည်း။ သူသည် အဘယ်ကြောင့် ဟူကျန်းစု၏စစ်မြစ်အား သိရှိနေရပါသနည်း။ သူသည် အဖြေမရှိသောမေးခွန်းကို မေးနေခြင်းသာ ဖြစ်တော့သည်။

သူသည် မုတ်ဆိတ်ဖြူဘုန်းတော်ကြီးအား နောက်ယောင်ခံလိုက်ရန် ကျင်းဟို့အား တာဝန်ပေးလိုက်၏။ ကျင်းဟို့ကလည်း နောက်ယောင်ခံလိုက်ပါသည်။ သို့သော် တည်းခိုခန်း၌ ခြေရာပျောက်သွားနိုင်ခဲ့သည်။

ချင်းချင်းသည် လင်ပန်းတစ်ခုကိုကိုင်ကာ ဝေး၌ရပ်လာ၏။ လင်ပန်းပေါ်တွင် အရက်အိုးနှင့်စားသောက်ဖွယ်ရာများကိုတွေ့သောအခါ တင်းမိန် အံ့အားသင့်သွားတော့သည်။

တင်းမိန်က...

"ဘယ်သူ့အတွက်လဲ"

"အစ်ကို့အတွက်လေ"

"အံ့ဩစရာပဲ"



"ဘာ အံ့ဩစရာရှိလို့လဲ"

"အရင်ကဆို အစ်ကိုအရက်သောက်ရင် အမြဲတားတဲ့လူက အခု အရက်အိုးယူလာလို့ပါ"

ချင်းချင်းက ပြုံးလိုက်သည်။

"အစ်ကို တလွဲထင်မနေနဲ့ အစ်ကိုက ရေလမ်းခရီးကိုသွားဖူးတာ မဟုတ်ဘူး။ လှိုင်းမူးတဲ့ဒဏ်ကိုခံနိုင်အောင် ညီမက ယူလာခဲ့တာ နှိမ့်ဆိုရင် ဝေးသေးတယ်"

သူတို့သည် စကားပြောရင်း သောက်ကြစားကြတော့သည်။ ချင်းချင်းသည် တင်းမိန်အတွက် အရက်တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးသည်။ တင်းမိန်မှာလည်း ချစ်သူနှင့်အတူ စားသောက်ရသည်ကို ကြည်နူးသဖြင့် တစ်ခွက်ပြီးတစ်ခွက်သောက်နေတော့သည်။ နောက်ဆုံး အရက်တစ်အိုးလုံး ကုန်သွားလေတော့၏။

တင်းမိန် မဟန်နိုင်တော့ပါ။ စားပွဲပေါ် ခေါင်းစိုက်ကျသွားတော့သည်။ ချင်းချင်းသည် တင်းမိန်အား ကွပ်ပျစ်ပေါ် ဆွဲတင်လိုက်၏။ တင်းမိန်မှာ မူးနေသဖြင့် ဘာမှမသိတော့ပါ။ တစ်ခဏအတွင်းမှာပင် ဟောက်သံပေါ်လာလေတော့၏။

ချင်းချင်းသည် ပြုံးလိုက်၏။ သူမ၏အပြုံးမှာ လျှို့ဝှက်ပေသည်။ ချင်းချင်းသည် ခါးကြားမှဓားမြှောင်ကိုဆွဲထုတ်လိုက်၏။ မိန်ပျပျတွန်းထားသော မီးရောင်ကြောင့် ဓားမှာ ဝင်းလက်သွားသည်။ ချင်းချင်း လေထဲသို့လက်ကို မြှောက်လိုက်၏။ ဓားသည် တင်းမိန်၏ ခန္ဓာကိုယ်ပေါ်သို့ ကျလာလေ၏။

တင်းမိန်၏ရင်ဝသို့ ထိုးစိုက်တော့မည့်ဆဲဆဲတွင် သူမ၏

မျက်လုံးများသည် တင်းမိန်၏ရင်ခွင်ကြား၌ တစ်စွန်းတစ်စထွက်နေသော အရာဝတ္ထုတစ်ခုကိုတွေ့သောအခါ ရင်ဝသို့ထိုးစိုက်လုဆဲဆဲ ဓားသွားသည် ရပ်တန့်သွား၏။ သိုင်းပညာထက်မြက်သောသိုင်းသမားတိုင်း ထိုကဲ့သို့ အရှိန်သတ်တတ်ပေသည်။

ချင်းချင်းသည် ထိုအရာကိုနှိုက်ထုတ်လိုက်၏။ အပြာရောင်ပဝါကလေးတစ် စ။ သူမ၏ပဝါကလေး ဖြစ်သည်။ သူမသည် ပဝါကလေးကို ရင်မှာပိုက်လိုက်သည်။

"ညီမ... ညီမ... ညီမကို တောင်ကုန်းကလေးပေါ်မှာ တွေ့ရကတည်းက အစ်ကို စွဲလမ်းခဲ့ရတာပါ"

မှုန်အိပ်ပျော်နေသော တင်းမိန်ထံမှ ဗလုံဗထွေးအသံများကြားရသဖြင့် ချင်းချင်းလှမ်းကြည့်လိုက်သည်။ တင်းမိန်ယောင်နေခြင်းသာ ဖြစ်တော့သည်။ ချင်းချင်း၏ခန္ဓာကိုယ်မှာ တုန်သွား၏။

"အစ်ကို... အစ်ကိုမြင်ကတည်းက ညီမကို စွဲလမ်းခဲ့တယ်ဆိုတာ တကယ်ပဲလားရှင်"

ချင်းချင်း ပြောနေမိသည်။ သူမသည် ပဝါလေးကို တင်းမိန်၏အင်္ကျီကြားသို့ ပြန်ထိုးထည့်ပေးလိုက်သည်။ ထို့နောက် အံကြိတ်ကာ ပြောလိုက်သည်။

"ရှင့်ကိုလဲ ကျွန်မ ချစ်ပါတယ်၊ ဒါပေမယ့်...."

သူမသည် တင်းမိန်၏ရင်ဝသို့ထိုးစိုက်ရန် ဓားကိုမြှောက်လိုက်၏။ တင်းမိန်မှာ အိပ်ပျော်နေဆဲဖြစ်သည်။ ချင်းချင်း၏စိတ်အပြောင်းအလဲများကို မသိချေ။

သူမ ထိုးစိုက်ချလိုက်လျှင် တင်းမိန် သေသွားမည်သာ ဖြစ်



၏။ သို့သော် မြှောက်ထားသည့်လက်ကို နောက်က တစ်စုံတစ်ယောက်က ဆွဲထားသည့်နှယ် ထိုးစိုက်မရဘဲ ဖြစ်နေသည်။

သူမ၏ရင်ထဲတွင် တစစ်စစ် နာကျင်နေသည်။ သူမရင်ထဲမှ မေတ္တာဓာတ်များက သူမ၏လက်ကို ဆွဲထားသည်။ နောက်ဆုံး ချင်းချင်းသည် ပင်ပန်းနွမ်းလျစွာ မြှောက်ထားသည့်လက်ကို ဖြည်းညင်းစွာချပြီး ဓားမြှောင်ကိုခါးစည်းကြိုးအတွင်းသို့ ပြန်ထည့်လိုက်တော့၏။ သူ့မျက်ဝန်းအိမ်မှ မျက်ရည်များစီးကျလာတော့သည်။

တင်းမိန်သည် အသက်သေဘေးမှ လွတ်မြောက်သွားပေပြီ။ ချင်းချင်းသည် တင်းမိန်၏နဖူးအား ညင်သာစွာ နမ်းလိုက်၏။ မျက်ရည်စက်များသည် တင်းမိန်၏မျက်နှာပေါ်သို့ ကျသွားသည်။

"ညီမရင်ထဲမှာ ဘယ်လိုခံစားရသလဲဆိုတာ အစ်ကို မသိဘူးနော်"

ချင်းချင်း ရင်ထဲမှပြောမိလေ၏။ နောက်ဆုံး သည်းမခံနိုင်တော့သည့်အဆုံး သူမ၏နှုတ်မှ....

"ညီမ အစ်ကို့ကို မသတ်ရက်တဲ့အတွက် ညီမအပြစ် ညီမခံရမှာပဲ၊ အစ်ကိုမသေတဲ့အတွက်လဲ ညီမတို့အတွက် အန္တရာယ်ပိုကြီးလာမှာပဲ၊ ဒါပေမယ့် အစ်ကို့ကို ညီမချစ်တယ်၊ ဒီတော့ ဘယ်မှာသတ်ရက်တော့မှာလဲ၊ ဒါပေမယ့် အစ်ကိုသာ အဖြစ်မှန်သိရင်တော့ ညီမကို သတ်ပစ်ချင်မှာ အမှန်ပါပဲ"

တီးတိုး ရေရွတ်ရင်း ထွက်သွားလေတော့သည်။

တည်းခိုခန်း၏အခန်းတစ်ခုတွင် နဂါးချိုစန်းသည် ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက် ကြည့်နေလေ၏။ သူ၏ခန္ဓာကိုယ်ကတော့ မျက်လုံးနှင့်လုံးဝမတူပါ။ လွန်စွာ တည်ငြိမ်လှပါသည်။ သို့သော် သူ့မျက်နှာ၌ကား စိုးရိမ်ပူပန်သောအမူအရာများ ဖြစ်ပေါ်လျက်ရှိလေ၏။

အခန်းတွင်း၌ နဂါးချိုရောင်အား သမားတော်သိုင်းသမားက ဆေးကုသပေးလျက် ရှိလေ၏။ ရှင်းရှင်းဆိုရလျှင် လောင်စိမ်းကြောင့် နဂါးချိုရောင်မိနေသော အဆိပ်များကိုအပ်စိုက်ကာ ကုသပေးနေခြင်းဖြစ်သည်။ နဂါးချိုရောင်၏မျက်နှာမှာ ဖြူရော်နေရာမှ တစ်စထက်တစ်စ သွေးရောင်လွှမ်းလာလေ၏။

သမားတော်ကြီးသည် နဖူးမှ ချွေးကိုသုတ်ရင်း ထရပ်လိုက်၏။ စိုက်ထားသည့်အပ်ကလေးများကိုလည်း နုတ်လိုက်၏။ ထို့နောက် ကုလားထိုင်တွင်ဝင်ထိုင်ကာ အရက်ခွက်ကိုင့်သောက်လိုက်တော့သည်။

အခန်းဝ၌ ပူပန်စွာ စောင့်ကြပ်နေသော နဂါးချိုစန်းသည် သမားတော်ကြီး၏ကုသပြုစုမှုပြီးသွားသောအခါမှ သက်ပြင်းချလိုက်မိ၏။ နဂါးချိုစန်းသည် အခန်းတွင်းသို့ဝင်လာပြီး သမားတော်ကြီးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။



"အခြေအနေကောင်းတယ် မဟုတ်လား"

နဂါးချိုစန်းက သမားတော်ကြီးအား မေးလိုက်ခြင်းဖြစ်သည်။

သမားတော်ကြီးက....

"ကောင်းသွားပါပြီ၊ အဆိပ်လက်ကျန် မရှိတော့ပါဘူး၊ အဆိပ်လက်ကျန်ရှိနေရင်တော့ မလွယ်ဘူး"

နဂါးချိုရောင်သည် ခုတင်ပေါ်မှထလိုက်၏။ သူသည် သမားတော်ကြီးအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

"သမားတော်ကြီးရဲ့ကျေးဇူးကို ကျုပ်တို့နဂါးညီနောင်က ဘယ်တော့မှမမေ့ပါဘူး၊ အမြဲ သတိရနေပါ့မယ်"

သမားတော်ကြီးက ရှင်းပြလိုက်၏။

"လောင်စိမ်း အသုံးပြုတဲ့အဆိပ်က တကယ်ကြောက်စရာကောင်းတယ်၊ အဆိပ်မကုန်သရွေ့ အတွင်းအားကို အသုံးပြုလို့မရဘူး"

နဂါးချိုစန်းက ပြောလိုက်၏။

"လောင်စိမ်းကိုတော့ တစ်သက်မကျေဘူး၊ ဒီကောင်ဟာ ကျုပ်တို့ညီအစ်ကိုအပေါ် ဒုက္ခရာအနာတရဖြစ်အောင် လုပ်တာ နှစ်ခါရှိပြီ"

သမားတော်ကြီးက ပြောလိုက်သည်။

"လောင်စိမ်းနဲ့တွေ့ရင် သတိထားရတယ်၊ ဒီကောင်က အဆိပ်ကိုအသုံးပြုတဲ့သိုင်းသမား ဟုတ်လား၊ အောက်လမ်းသိုင်းသမားတိုင်းဟာ အဆိပ်ကို အသုံးပြုတာပါပဲ"

ချီရောင်က....

"ဒါပေမယ့် သူ့ရဲ့သိုင်းပညာအဆင့်က မနိမ့်ကျလှဘူ

တော်ရုံတန်ရုံ ထိပ်သီးတွေနဲ့ယှဉ်ပြိုင်နိုင်တယ်"

သမားတော်ကြီးက ပြောလိုက်သည်။

"အဲဒါ ဆိုးတာပေါ့၊ ထိပ်သီးတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့အဆင့်

တော့ ပိုဆိုးတာပေါ့၊ ဒီအခါမှာ ဒီကောင်က အဆိပ်လက်နက်ပုန်း

သုံးပြီး အနိုင်ယူလေ့ရှိတယ်"

နဂါးချီစန်းက....

"ဒါထက် ကျုပ်တို့ ဘာဆက်လုပ်ကြမှာလဲ"

သမားတော်ကြီးက ပြောလိုက်သည်။

"ကျုပ်တို့ အရှေ့ပိုင်းကို ခရီးဆက်ကြမယ်"

"တင်းမိန်နဲ့ ဆုံဖို့လား"

"ဟုတ်တယ်... ဒါပေမယ့် ကျုပ်က ဒီလိုစီစဉ်ထားတာ

သမားတော်ကြီးက အစီအစဉ်ကို ရှင်းပြလိုက်လေ၏။ န

ချီစန်းက....

"သမားတော်ကြီးရဲ့အစီအစဉ်က တကယ်အန္တရာယ်ြ

တာပဲ"

"ကြီးတယ်... ဒါမှ ဒီကောင်တွေကို ရှင်းနိုင်မှာ၊ မင်းတို့

ယောက်ဟာ ဒီအစီအစဉ်ထဲမှာ အဓိက တာဝန်ယူရမယ့်လူတွေ

"စိတ်ချပါ... ကျုပ်တို့က ဘာမှမကြောက်ပါဘူး၊ ထင်

ဂိုဏ်းပြုတ်ရင် ကျုပ်တို့ အသက်သေချင်သေပါစေ"

"ကဲ... အချိန်ရှိတုန်း ခရီးဆက်ကြစို့"



သူတို့ ထရပ်လိုက်သည်။ တည်းခိုခန်းခကို သမားတော်ကြီးက ရှင်းလင်းပေးပြီးနောက် သူတို့သည် တည်းခိုခန်းအတွင်းမှ ထွက်ခွာသွားလေတော့သည်။

အရှေ့ပိုင်းအကျဉ်းထောင်တွင် ထောင်ဖောက်ထွင်းမှု တစ်ကြိမ်ပေါ်ပြီးသဖြင့် ဗိုလ်မှူးကလေးသည် လုံခြုံရေးအင်အားကို တိုးမြှင့်လိုက်သည်။ လုံခြုံရေးအင်အားမှာ လေးဆယ့်ငါးယောက်အထိ ဖြစ်သွားလေ၏။ တော်တော်တန်တန် လူစုလာရောက်တိုက်ခိုက်ရန် မလွယ်တော့ချေ။

ယနေ့လည်း သမားတော်စင်းတုံသည် ဗိုလ်မှူးကလေးနှင့်အတူ အကျဉ်းသားများကို လှည့်ပတ်စစ်ဆေးနေသည်။ သမားတော်စင်းတုံသည် နာမကျန်းသူ အကျဉ်းသားများကို ဆေးဝါးတိုက်ကျွေးခဲ့သည်။ အကျဉ်းထောင်အတွင်း အရာအားလုံးသည် ငြိမ်သက်တိတ်ဆိတ်နေသည်။ မည်သည့် အပြောင်းအလဲမျှ မရှိပါချေ။

ဗိုလ်မှူးကလေးသည် တာဝန်ကျေရုံ ဆောင်ရွက်တတ်သူမဟုတ်ပါ။ အကျဉ်းထောင်ကိုသေချာဂနစွာ စစ်ဆေးပြီး သူ စိတ်ကျေနပ်သောအခါမှ အကျဉ်းထောင်အတွင်းမှ ထွက်ခွာသွားသည်။

သူ ထွက်ခွာသွားပြီး သူ့အိပ်ဆောင်တွင် ဗိုလ်မှူးကလေးသည် အိပ်မပျော်သေးပါချေ။ ထိုစဉ် စစ်သည်တော်တစ်ဦး လာရောက်ခွင့်တောင်းလေ၏။

ဗိုလ်မှူးကလေး ရင်ထိတ်သွားသည်။ အချိန်အခါမဟုတ် သ
စောင့်တစ်ဦးဦးလာလျှင် အကျဉ်းထောင်၌ပြဿနာတစ်ခုခု ပေါ
တတ်သည်မဟုတ်ပါလော။

"ဟော... ဘာဖြစ်လာတာလဲ၊ အကျဉ်းထောင်ကို ရန်သူဝ
စီးတာလား"

ဗိုလ်မှူးကလေးက အရေးတကြီး မေးလိုက်သည်

အစောင့်စစ်သည်က....

"မဟုတ်ပါဘူး... အကျဉ်းသားတစ်ယောက်သေလို့ သတင်
လာပို့တာပါ"

ဗိုလ်မှူးကလေး မျက်မှောင်ကုပ်သွား၏။

"ဘယ်အကျဉ်းသားလဲ"

"ခုံးမင်ပါ ဆရာ၊ ဒါကြောင့် ချက်ချင်း သတင်းလာပို့တာပ

"သေချာရဲ့လားကွာ၊ ဒီကောင်က အရေးကြီးတယ်ကွ"

"သေချာပါတယ်၊ ညနေက အောင့်တယ် အောင့်တယ်
ပြီး လဲကျသွားတာ၊ အခုအထိ မလှုပ်ရှားပါဘူး"

"သူက ဉာဏ်များတယ်၊ သတိထားမှ တန်ကာကျမယ်"

"ဟုတ်ကဲ့... ဒါကြောင့် ဗိုလ်မှူးကလေးဆီ သတင်းလာ
တာပါ"

ဗိုလ်မှူးကလေးသည် သူဖတ်မည့်စာအုပ်ကို စားပွဲပေါ်တ
လိုက်သည်။ ထို့နောက် ထိုင်ရာမှထကာ ရဲမက်နှင့်အတူ လိုက်သွ
လေ၏။ အကျဉ်းထောင်ရောက်သောအခါ အစောင့်စစ်သည်တ
ယောက်အား သမားတော်ကြီးစင်းတုံအား အခေါ်ခိုင်းလိုက်လေ၏



ဗိုလ်မှူးကလေးသည် သေမှုသေခင်းဖြစ်သောအခါ သမားတော်ကြီး
စင်းတုံအား မမေ့ချေ။ သမားတော်ကြီး ရောက်လာသည်။

"ကဲ... သမားတော်ကြီး၊ ခုံးမင်ကတော့ အောင့်တယ်၊
အောင့်တယ်ပြောပြီး သေသွားပြီ၊ သမားတော်ကြီး ဝင်ရောက်စစ်
ဆေးပါ"

အမိန့်ပေးသံအဆုံးတွင် သမားတော်ကြီးသည် အကျဉ်း
ထောင်အခန်းအတွင်းသို့ ဝင်သွားလေ၏။ ဗိုလ်မှူးကလေးက အပြင်မှ
အကျဉ်းခန်းတံခါးသော့ကို သော့ခတ်လိုက်စေပြီး လေးသည်တော်
နှစ်ဦးကိုခေါ်၍ လေးဖြင့် ချိန်ရွယ်ထားစေသည်။

ခုံးမင်ကား မှောက်လျက် သေဆုံးနေ၏။ သမားတော်ကြီး
စင်းတုံက ဆွဲလှန်လိုက်သည်။ ခုံးမင်မှာ မျက်လုံးပြူးထွက်နေသည်။

သမားတော်ကြီးစင်းတုံသည် လက်ကောက်ဝတ် သွေး
ကြောကိုစမ်းသပ်သည်။ ရင်ဘတ်ကိုစမ်းသပ်သည်။ သွေးတိုးခြင်း၊
ရင်ခုန်ခြင်း မရှိတော့ပါ။ ခုံးမင်သည် အဆိပ်မိသောဝေဒနာမရှိဘဲနှင့်
သေဆုံးသွားပြီဖြစ်ပါ၏။ သမားတော်ကြီးစင်းတုံက အချက်ပြလိုက်
သဖြင့် အစောင့်စစ်သည်တော်များက အခန်းတံခါးဖွင့်ပေးသည်။

သမားတော်ကြီးသည် အကျဉ်းခန်းထဲမှထွက်လာသည်။
ဗိုလ်မှူးကလေးက....

"ဘယ်လိုလဲ သမားတော်ကြီး"

သမားတော်ကြီးက ဖြေလိုက်သည်။

"သေသွားပြီ"

"ဘယ်လိုဖြစ်တာလဲ"

"မသိဘူးဗျ၊ ပုလိပ်ရောဂါမျိုးပဲ၊ ကူးစက်ရောဂါတခ
တာကတော့ သေချာတယ်၊ သူက ရောဂါရင့်မှ ကျုပ်ကိုပြော
ရောဂါပိုးက နလုံးလမ်းကြောင်းထဲရောက်သွားတော့ ချက်ချင်း
ဆုံးသွားတော့တာပေါ့ဗျာ"

ဗိုလ်မှူးကလေး မျက်မှောင်ကုပ်သွား၏။

"ကူးစက်ရောဂါမျိုး ဟုတ်လား"

သမားတော်ကြီးစင်းတုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သမားတော်ကြီးက အပိုမပြောချေ။ ဗိုလ်မှူးကလေး
မျက်နှာ၌ စိုးရိမ်သောအမူအရာပေါ်လာ၏။

"တခြားအကျဉ်းသားတွေကိုကော ကူးနိုင်သလား"

"ကူးနိုင်တာပေါ့၊ တကယ်ကူးစက်ရောဂါ ဖြစ်နေရင်
လေ၊ သူ့အသုံးအဆောင်တွေအားလုံး မီးရှို့ပစ်မှဖြစ်မှာ"

"သူ့အလောင်းကိုရော ဘယ်လိုလုပ်ရမလဲဗျ"

"အဲဒါက ပြဿနာပဲဗျ၊ သူ့အလောင်းသယ်နိုင်းတဲ့ လူ
ကို ခုံးမင်သေရတာ ကူးစက်ရောဂါကြောင့် မဟုတ်ဘူးလို့ပြော
ဖြစ်မှာ၊ နို့မို့ဆိုရင် ဘယ်သူမှသယ်ကြမှာ မဟုတ်တော့ဘူး၊
ကြာ ကျုပ်နဲ့ ဗိုလ်မှူးကလေး သယ်နေရလိမ့်မယ်၊ ညတွင်းချင်း
မြှုပ်လိုက်တာ အကောင်းဆုံးပါပဲ"

"ဒီခုံးမင် သေသွားတာလဲ အေးတာဗျ၊ ဒီကောင်က ပြ
နာကောင်ဗျ၊ အကျဉ်းသားအားလုံးထဲမှာ သူ့ကိုဂရုအစိုက်ရဆုံး
သူ့ကိုသိုင်းလောကထဲက ထင်းရှုဂိုဏ်းက အလိုရှိနေတာဗျ"



"ဟုတ်လား"

သမားတော်ကြီးစင်းတုံက ထိုမျှသာ ပြောသည်။

"အခု ခုံးမင်သေသွားတာ ကျုပ်ခေါင်းကိုက်ရ သက်သာ
သွားတာပေါ့"

"ဗိုလ်မှူးကလေးအတွက် တစ်မီးငြိမ်းသွားတာပေါ့"

"ဟုတ်တယ်... တစ်မီးငြိမ်းသွားတာပဲ၊ တခြားအကျဉ်းသား
တွေကို မကူးစက်ခင် ခုံးမင်ကို မြန်မြန် မြေမြှုပ်ပစ်လိုက်ဗျာ"

"ဗိုလ်မှူးကလေး သဘောပါပဲ၊ ကျုပ်အပြန်မှာ သချိုင်း
စောင့်တစ်ယောက်ကို လွှတ်လိုက်မယ်"

ဗိုလ်မှူးကလေးသည် ခုံးမင်၏အလောင်း မြေမြှုပ်သည်ကို
ပင် စောင့်မကြည့်တော့ချေ။ သူ၏အိပ်ဆောင်သို့ ပြန်သွားတော့
သည်။

သမားတော်ကြီးကသာ မြေမြှုပ်သည့်ကိစ္စကို ဦးဆောင်ရ
လေ၏။

## အခန်း(၇)
## ခေါင်းတလားလုယူခြင်း

သုံးရက်လသည် မိန်းကလေးများ၏မျက်ခုံးမွေးကဲ့သို့ ကွေ ကွေးဝိုက်ဝိုက်ကလေး ရှိတတ်သည်။ ထိုလရောင် မသဲမကွဲအောက် အုတ်ဂူများ မှတ်တိုင်များကို တွေ့ရှိရသည်။

ထိုသချိုင်းတွင် အနီရောင်မီးပုန်းတစ်ပုန်းကို တွေ့ရှိရသည် ထိုအနီရောင်မီးပုန်းကား သချိုင်းရှိ ဇရပ်မှထွက်ပေါ်နေခြင်းဖြ တည်း။ ဇရပ်တွင် သချိုင်းမီးပုံးကိုချိတ်ဆွဲထားသည်။

လေတိုက်သောကြောင့် အနီရောင်မီးပုံးမှာ လှုပ်ယမ်းနေ သည်။ ထို့ကြောင့် မီးပုံးအလင်းရောင်အောက်၌ရှိသော မှတ်တိုင်များ ၏အရိပ်များသည်လည်း ယိမ်းထိုးနေ၏။

ဇရပ်အိုရှေ့ အုတ်ဂူများကြားတွင် မြေကြီးတူးဆွသံများ ထွက်ပေါ်နေသည်။ အလင်းရောင်ဖြင့် သေချာစွာ ကြည့်ပါက လူ တစ်ယောက် မြေတွင်းတူးနေသည်ကိုတွေ့ရပေမည်။ ထိုလူ၏အဝတ် အစားများမှာ စုတ်ပြတ်နေသည်။ ခါးကုန်းကြီးတစ်ဦးဖြစ်ကြောင်း တွေ့ရပေမည်။ သချိုင်းစောင့်ကြီးပင်တည်း။

ခါးကုန်းကြီးသည် မြေတွင်းကိုဖြေးညင်းစွာ တူးနေသည်။



အတန်ကြာသောအခါ ခြောက်ပေသုံးပေခန့်ကျယ်ဝန်းသော မြေ တွင်းတစ်ခု ဖြစ်ပေါ်လာတော့သည်။ တော်သင့်သောအနက်သို့ ရောက်သောအခါ ခါးကုန်းကြီးသည် မြေတွင်းတူးခြင်းကို ရပ်နား လိုက်၏။

လင်းနို့များသည် ဝူးဝူးဝါးဝါး ပျံသန်းသွားကြသည်။ ထိုစဉ် မြင်းခွာသံများ ကြားလိုက်ရသည်။ ခါးကုန်းကြီးသည် အသံလာရာ သို့လှမ်းကြည့်လိုက်၏။ သချိုင်းအဝင်လမ်းအတိုင်း မောင်းချလာ သော မြင်းလှည်းတစ်စီးကို တွေ့လိုက်ရသည်။

မြင်းလှည်း၌အမိုးအကာများ မပါချေ။ မြင်းလှည်းထီးထီး ကြီး မောင်းလာခြင်းဖြစ်သည်။ မြင်းလှည်းသည် ဇရပ်ရှေ့သို့ ရောက် သောအခါ တုန့်ခနဲရပ်သွားလေ၏။ မြင်းလှည်းပေါ်၌ပါလာသော လူသုံးယောက်သည် လွှားခနဲ ခုန်ဆင်းလိုက်ကြသည်။

ခါးကုန်းကြီးသည် လွှားခနဲခုန်ဆင်းလာသော လူသုံးဦးအား တွေ့လိုက်ရသောအခါ အံ့သြသွား၏။ ထိုသုံးယောက်မှာ တင်းမိန့် ချင်းချင်းနှင့် ကျင်းဟို့တို့ပင် ဖြစ်ကြတော့သည်။ ခါးကုန်းကြီးသည် ချင်းချင်းကိုကြည့်နေ၏။ တင်းမိန့်က ခါးကုန်းကြီးအား မေးလိုက်၏။

"ခေါင်း ဘယ်မှာလဲ"

ခါးကုန်းကြီးက တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်၏။

ခေါင်းအနက်ကြီးတစ်လုံး။

ကျင်းဟို့သည် ခေါင်းအဖုံးကိုဖွင့်၍ ကြည့်လိုက်၏။ ခေါင်းထဲ တွင် အလောင်းတစ်လောင်းရှိနေပါသည်။ ခုံးမင်၏အလောင်းပင် ဖြစ်ပါသည်။ ကျင်းဟို့က ခေါင်းညိတ်လိုက်၏။

တင်းမိန်က ငွေထုပ်တစ်ထုပ်ကို ခါးကုန်းကြီးအား ပေးလိုက်၏။

"ရော့... ကျုပ်တို့လိုချင်တာရတဲ့အတွက် ကျေးဇူးပါပဲ"

ခါးကုန်းကြီးက ရယ်မောလိုက်၏။

"ဒီလို ခဏခဏသာ ရနေရင် သိပ်ကောင်းမှာပဲ"

တင်းမိန်က...

"ရပါစေဗျာ... ရပါစေ၊ သူက ရာဇဝတ်သားဆိုတော့ ကျုပ်တို့ကလဲ သူ့အလောင်းကို ပြောင်ယူမသွားဝံ့ဘူးလေ"

ခါးကုန်းကြီးက...

"ကိစ္စမရှိပါဘူးလေ၊ ယူသွားကြပါ၊ ကျုပ် အလုပ်ရှင်ကလဲ ခင်ဗျားတို့လာယူရင် ပေးလိုက်လို့ မှာထားပါတယ်"

တင်းမိန်နှင့်ကျင်းဟို့တို့သည် ခေါင်းကိုနှစ်ယောက်မကာ မြင်းလှည်းပေါ်သို့တင်လိုက်၏။ ခါးကုန်းကြီးကမူ ချင်းချင်းကိုသာ စိုက်ကြည့်နေသည်။ ချင်းချင်းကလည်း တင်းမိန်တို့တင်နေသည့် ခေါင်းသို့စိတ်ဝင်စားနေသည်။

တင်းမိန်တို့ လှည်းပေါ်သို့ခေါင်းကိုတင်ပြီးသောအခါ ချင်းချင်းသည် ခါးကုန်းကြီးကို ကြည့်မိသည်။ ထိုအခါ ရုပ်ဆိုးလှသော ခါးကုန်းကြီး၏မျက်လုံးများကိုမြင် လိုက်ရသောချင်းချင်းမှာ ကျောရိုးစိမ့်တက်သွားသည်။

ခါးကုန်းကြီးမှာ ပါးစပ်ဖြဲပြလိုက်၏။ နီရဲသောသွားများ ပေါ်လာသည်။ ချင်းချင်းမှာ ထိတ်လန့်ပြီး နောက်သို့ဆုတ်သွားလေ၏။

ခါးကုန်းကြီး မျက်မှောင်ကုပ်သွားသည်။ ခါးကုန်းကြီးသည်



လက်ညှိုးထောင်က စက်ဝိုင်းပုံ ဝိုင်းလိုက်၏။ ညာဘက်လက်ကို အဖြားဖြန့်လိုက်၏။ သူလှုပ်ရှားမှုသည် ခေါင်းကဟန် ပေါ်လွင်သွားသည်။

ချင်းချင်းမှာ ပါးစပ်အဟောင်းသား ဖြစ်နေလေ၏။ ခါးကုန်းကြီးမှာ ဝိုး၍ အံ့အားသင့်သွားသည်။ ချင်းချင်းက သူ့လှုပ်ရှားမှုများကို ငေးကြည့်နေသည်မဟုတ်ပါလော။

ခါးကုန်းကြီးသည် ထပ်မံ၍ တစ်ကြိမ်လှုပ်ရှားလိုက်သည်။ သူ့လက်များသည် ယခင်ကအတိုင်းပင် လှုပ်ရှားပြသသည်။ ဤတစ်ကြိမ်တွင်တော့ ချင်းချင်းက မရယ်ချင့် ရယ်ချင်ဖြင့် ရယ်ပြီး...

"ဘယ်ဆိုးလို့တုန်း အဘိုးကြီးက သချိုင်းစောင့်သာဆိုတယ်၊ လက်ထိုးအကလဲ ကတတ်တာပဲလား"

သူမသည် ပြောပြောဆိုဆို မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်၏။ တင်းမိန်သည် ခုံးမင်၏ခေါင်းကို လှည်းပေါ်တင်ပြီးပြီဖြစ်၍ ကျင်းဟို့နှင့်အတူ မြင်းလှည်းပေါ်တက်လိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ခင်ဗျားရဲ့အလုပ်ရှင်ကို ပြောလိုက်ပါ၊ မစ္စည်းကို ကျွန်တော်တို့ ယူသွားပြီလို့"

တင်းမိန်က ပြောရင်း နှုတ်ဆက်လိုက်သည်။ ခါးကုန်းကြီးသည် တွေးတွေးဆဆလေသံဖြင့် ပြောသည်။

"ကောင်းပါပြီကွယ်... ပြောလိုက်ပါ့မယ်"

တင်းမိန်က ကျင်းဟို့ဘက်သို့လှည့်၍ ပြောလိုက်၏။

"ကဲ... နောင်ကြီးကျင်းဟို့၊ ကျွန်တော်တို့ အချိန်ရှိတုန်း သွားကြရအောင်"

ကျင်းဟို့သည် မြင်းကိုမောင်းနှင်ရန် ဟန်ပြင်လိုက်၏။

"မင်းတို့ကို သွားခွင့်မပြုနိုင်ဘူး"

သချိုင်းဂူများကြားမှထွက်လာသော လူရိပ်များကြာ လှုပ်ရှားလာသောလူရိပ်များကို တွေ့လိုက်ရသောအခါ တင်းမိန် ည ညြသွားသည်။ စုစုပေါင်း လူဆယ်ယောက်ခန့်ဖြစ်ကြသည်။ တခ ဏအတွင်း တင်းမိန်တို့အား ဝိုင်းရံလိုက်ကြသည်။

ဝတ်ရုံစိမ်း ဝတ်ဆင်ထားသူများဖြစ်၍ ထင်းရှုဂိုဏ်းသာ များဖြစ်ကြောင်း သိရှိလိုက်ရသည်။ ထင်းရှုဂိုဏ်းသားများသည် အ လွန် အန္တရာယ်ကောင်းပါကလားဟု တင်းမိန် တွေးလိုက်၏။

ဝတ်ရုံစိမ်းခေါင်းဆောင်ကို ကြည့်လိုက်၏။

လောင်စိမ်း....။

လောင်စိမ်းကိုပင် ဝတ်ရုံစိမ်းခေါင်းဆောင်အဖြစ် တွေ့ သည်။ ဝတ်ရုံစိမ်းများ လှုပ်ရှားရာတွင် လောင်စိမ်းပါဝင်နေသည် လောင်စိမ်းတစ်ဦးတည်းသာ အဓိက လှုပ်ရှားနေသည်ကို သူ သတ် မြုမိလေသည်။ ထင်းရှုဂိုဏ်းတွင် အဓိက ခေါင်းဆောင်သိပ်ရှိဟန်မ တူပါ။ တင်းမိန် တွေးတောစဉ် လောင်စိမ်းသည် ရယ်မောလိုက်လေ ၏။

"ကျုပ်တို့က နှုံးမင်ရဲ့လူတွေပါ၊ ဒီတော့ ကျုပ်တို့ကပဲ နှုံး မင်ကို ယူဆောင်သွားခွင့် ရှိပါတယ်၊ ကျုပ်တို့ယူသွားမယ်နော်"

တင်းမိန်က....

"ခက်တာက ကျုပ်တို့လဲ ယူသွားဖို့ ဆုံးဖြတ်ပြီးသားဗျ နောက်ပြီး ဒီအစီအစဉ်တွေကို ကျုပ်တို့က လုပ်တာ"



လောင်စိမ်းက....

"မင်း အစီအစဉ်ကိုပြောင်းလိုက်ရင် ကောင်းမယ်၊ မင်းယူ သွားမယ့်အစား ကျုပ်တို့ယူသွားမယ့် အစီအစဉ်ကိုပေါ့"

"ခင်ဗျား ကျုပ်ရဲ့အစီအစဉ်ကို ပြောင်းလဲသွားအောင် လုပ် နိုင်စွမ်းရှိရင်တော့ ပြောင်းလဲရတာပေါ့ဗျာ"

လောင်စိမ်းက မဲ့ပြုံးပြုံးလိုက်၏။ သူ၏မျက်နှာပေါ်တွင် ကောက်ကျစ်သောအရိပ်အယောင်များ ထွက်ပေါ်လာ၏။

လောင်စိမ်းက....

"ကောင်းပြီလေ၊ မင်းတို့က နှုံးမင်ကို ငါတို့နဲ့ အသာတကြည့် မထည့်တော့လဲ ငါတို့အကြောင်း ပြရတာပေါ့ကွာ"

သူသည် ပြောပြီးသည်နှင့် လက်တစ်ဖက်နှင့် အချက်ပြ လိုက်လေ၏။ ထိုအခါ ဝတ်ရုံစိမ်းများသည် တင်းမိန်တို့လူစုအား ဝင် ရောက်တိုက်ခိုက်လေတော့၏။ မုန်တိုင်းတိုက်သကဲ့သို့ တိုက်ခိုက်ခြင်း ဖြစ်၍ ပြင်းထန်သောတိုက်ပွဲသည် ဖြစ်ပေါ်လာလေတော့၏။

သချိုင်း၏တိတ်ဆိတ်ငြိမ်သက်မှုမှာလည်း ပြိုကွဲသွားသည်။ ဓားချင်းထိခတ်သံ၊ မာန်သွင်းသံများက အစားထိုး ဝင်ရောက်လာကြ တော့သည်။

တင်းမိန်က ဓားကိုထုတ်လျက် ခုခံရ၏။ သူ့ဓား၏လှုပ်ရှား မှု မည်မျှမြန်သနည်းဆိုသော် အဖြူရောင်အလင်းတန်းသာ ထွက် ပေါ်နေတော့သည်။ သူ၏ပြင်းထန်သောဓားချက်ကြောင့် ဝတ်ရုံစိမ်း များ တစ်ယောက်ပြီးပြောတစ်ယောက် ကျဆုံးကုန်၏။

သို့သော် အုတ်ဂူများကြားမှ ဝတ်ရုံစိမ်း(၁၅)ယောက်ခန့်

ထပ်မံ ထွက်ပေါ်လာသည့်အခါတွင်မှု တင်းမိန် ခေါင်းနပမ်းကြီးသွားတော့သည်။ သချိုင်းထဲမှ နံ့မင်၏အလောင်းကို သူတို့အချိန်ကိုက် သယ်ဆောင်ရသည် မဟုတ်ပါလော။ ကျင်းဟို့ကလည်း ဓားစွမ်းထက်ပါသည်။ ဟူတန်းဂိုဏ်း၏တပည့်ကြီးဖြစ်၍ အဘယ်မှာလျှင် ဓားစွမ်းမထက်ပါမည်နည်း။ သူတို့လည်း သူ့ရန်သူများကို ဟောတစ်ယောက် ဟောတစ်ယောက် ကျဆုံးအောင် တိုက်ခိုက်နိုင်စွမ်းရှိသည်။

သို့သော် ရန်သူအယောက်နှစ်ဆယ်ခန့်နှင့် ကျင်းဟို့တို့မှာ လက်မလည်နိုင်ပါ။ ထိုရန်သူများ ကျဆုံးကုန်သည့်အချိန်ဆိုလျှင် နံနက် မိုးလင်းသည်အထိ ဖြစ်ပေတော့သည်။

ခါးကုန်းကြီးမှာ မတရားသဖြင့် တိုက်ခိုက်နေသောတိုက်ပွဲကို မကြည့်နိုင်တော့ပါ။ တိုက်ပွဲအတွင်းသို့ လွှားခနဲခုန်ဝင်ပြီး ဝတ်ရုံစိမ်းများအား ပြင်းထန်စွာ တိုက်ခိုက်တော့၏။

"ဝုန်း... ဝုန်း..."

"အား..."

"အား..."

ဝတ်ရုံစိမ်းများမှာ လွင့်စဉ်ကုန်၏။ ထို့ကြောင့် တင်းမိန်၊ ကျင်းဟို့နှင့် ခါးကုန်းကြီးတို့၏ တိုက်ခိုက်မှုကြောင့် ဝတ်ရုံစိမ်းများ အတုံးအရုံးဖြစ်ကုန်ကြသည်။ တင်းမိန်သည် တိုက်ပွဲအတွင်းသို့ကြည့်လိုက်၏။ လောင်စိမ်းကို မတွေ့ရချေ။

လောင်စိမ်း ဘယ်ပျောက်သွားနေသည် မသိချေ။ ထိုစဉ်...

"ရွမ်း..."



ကျာပွတ်ရိုက်သံတစ်ချက် ကြားလိုက်ရသည်။

ချင်းချင်းသည် မြင်းလှည်းအနီးသို့ကပ်လာသော ဝတ်ရုံစိမ်းများကိုတိုက်ခိုက်ပြီး မြင်းလှည်းကို မောင်းနှင်ထွက်နေလေသည်။

"ချိန်းထားတဲ့နေရာကို လိုက်ခဲ့ကြ"

ချင်းချင်းသည် မြင်းလှည်းကို အတင်းမောင်းထွက်ပြီး သချိုင်းမြေမှ မောင်းထွက်သွား၏။ မြင်းလှည်းကိုလိုက်လံတိုက်ခိုက်သော ဝတ်ရုံစိမ်းအချို့ လွင့်စဉ်ကျကျန်ရစ်ခဲ့သည်။

တင်းမိန်၊ ကျင်းဟို့နှင့် ခါးကုန်းကြီးတို့သည် တဝုန်းဝုန်းဖြင့် တိုက်ခိုက်ကြရာ ဝတ်ရုံစိမ်းနှစ်ဆယ်ခန့်တို့ ကျဆုံးကုန်၏။ ကျန်ငါးယောက်မှာလည်း အုတ်ဂူများအကြား ဝင်ပြေးပျောက်ကွယ်သွားတော့သည်။ တင်းမိန်သည် ဓားတွင် ပေကျံနေသောသွေးများကို သုတ်သင်ပြီးနောက် ခါးစည်းကြိုးအတွင်းပြန်ထည့်လိုက်၏။

ကျင်းဟို့လည်း သူ့ဓားကို ပြန်သိမ်းလိုက်သည်။ တင်းမိန်သည် ခါးကုန်းကြီးအား ကြည့်လိုက်၏။ ခါးကုန်းကြီးသည် သူတို့ဘက်မှဝင်ရောက်တိုက်ခိုက်ပေးသူ ဖြစ်၏။ ထို့မျှသာ မကသေး ခါးကုန်းကြီး၏သိုင်းပညာသည် မိမိထက် မြင့်မားနေကြောင်း သူသိသည်။

ဝတ်ရုံစိမ်းများကို ဝင်ရောက်တိုက်ခိုက်သည့်အခါ ခါးကုန်းကြီးသည် အင်အားမထုတ်ဘဲ အသာကလေး တိုက်ခိုက်ခဲ့သည်မဟုတ်ပါလော။ ကျင်းဟို့ကလည်း ခါးကုန်းကြီး၏သိုင်းပညာအဆင့်မြင့်မားလှသည်ကို သိရှိရိပ်မိ၏။

တင်းမိန်သည် ခါးကုန်းကြီးကိုဦးညွှတ်လိုက်ပြီး...

"ဘဘရဲ့သိုင်းပညာကို ကျွန်တော်တို့မချီးကျူးဘဲ မနေနိုင်ပါဘူး။ အခု ဘဘကူညီလို့သာ ကျွန်တော်တို့ သက်သာတာပါ၊ ကျွန်တော်တို့ချည်း တိုက်နေရင် မနက်မိုးလင်းမှ ပြီးမှာပါပဲ"

ခါးကုန်းကြီးက ထိုစကားကို အလေးထားမနေပါ။

"မင်းတို့ ဘာကြောင့် ဟိုမိန်းကလေးနောက်ကို လိုက်မသွားကြတာလဲ၊ ပစ္စည်းက ဟိုမိန်းကလေးနောက်ကို ပါသွားပြီမဟုတ်လား"

"တင်းမိန်က ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်တို့ ပြန်ဆုံဖို့ ချိန်းထားပါတယ်၊ ဒါကြောင့် အေးအေးဆေးဆေး လုပ်နေတာပါ"

ခါးကုန်းကြီးက....

"အဲဒီမိန်းကလေးက ဘယ်သူလဲ"

တင်းမိန်က ပြန်ဖြေလိုက်၏။

"တောင်ပင်လယ်ကျွန်းသခင်ရဲ့သမီးပါ၊ သူ ပြည်မကို ရောက်နေတာ ကြာပါပြီ"

"ဘာ...."

ခါးကုန်းကြီးက အံ့အားသင့်သွားသည်။ ထို့နောက် ခေါင်းကို ခါယမ်းလိုက်ပြီး....

"သမီးလေးက ကျုပ်ကို မသိပါလား"

ဤတစ်ကြိမ် အံ့အားသင့်သွားသူမှာ တင်းမိန်နှင့်ကျင်းဟို့တို့ပင် ဖြစ်ပါတော့သည်။

"ဗျာ...."

တင်းမိန်နှင့်ကျင်းဟို့တို့မှာ အာမေဋိတ်သံပြိုင်တူထွက်သွား



ကြတော့သည်။

ခါးကုန်းကြီးမှာ ခါးမကုန်းတော့ပါ။ ရုပ်ဆိုးလှသောမျက်နှာကြီးသည်လည်း ကွာကျသွားပြီဖြစ်ပါသည်။ ခန့်ညားသော မျက်နှာအသွင်အပြင်သည် ပေါ်လွင်လာ၏။ လူကြီးက လက်ဝါးဖြန့်ပြလိုက်သည်။

ခေါင်းရုပ်ကလေး....။ တင်းမိန်သည် လူကြီး၏လက်ဝါးပေါ်မှ ခေါင်းရုပ်ကလေးကို ငေးစိုက်ကြည့်နေလေ၏။ အတန်ကြာမှ....

"ဦးက တောင်ပင်လယ်သခင်ကြီးကိုး"

ကျင်းဟို့ကလည်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။ တောင်ပင်လယ်သခင်ကြီးက....

"ကျုပ်ရဲ့အမှတ်အသားကို အတုလုပ်နိုင်တဲ့လူများ ရှိနေသလားကွာ"

တင်းမိန်က....

"ရှိနိုင်မယ် မထင်ပါဘူးဗျာ"

"ခက်တာက ကျုပ်သမီးက ကျုပ်ဖြစ်ကြောင်းမသိတာဘဲ ဘာကြောင့် မသိရတာလဲ"

တင်းမိန်မှာ ဘာမျှမပြောနိုင်ပါ။

ကျင်းဟို့က....

"သူက သခင်ကြီး ရုပ်ဖျက်ထားတာ မမှတ်မိတာဘဲ ဖြစ်နိုင်ပါတယ်"

တောင်ပင်လယ်သခင်ကြီးသည် ခေါင်းတယမ်းယမ်း ဖြစ်နေသည်။

"ကျုပ်ရဲ့အမှတ်အသားကို နှစ်ကြိမ် နှစ်ခါတောင် လုပ်ပြ တာပဲ၊ ကျုပ်သမီးလေးဆိုရင် တစ်ကြိမ်လုပ်ပြတာနဲ့သိတယ်"

တောင်ပင်လယ်သခင်ကြီးသည် အဝေးသို့ငေးမျှော်ကြ လိုက်၏။ မှောင်နှင့်မည်းမည်းသာ တွေ့ရသည်။ သူသည် မှောင်န မည်းမည်းကို စိတ်မဝင်စားပါ။ သူတွေးတောနေခြင်း ၁ ဖြစ် သည်။

ထိုအချိန်လောက်တွင် ဆိပ်ကမ်းတစ်ခုတွင် ငြိမ်သက်နေ သည်။ မုန်တိုင်းမလာခင် ငြိမ်သက်ခြင်းမျိုးဖြစ်ပါသည်။ ထိုဆိပ်ကမ် တွင် ရွက်လှေကြီးတစ်စင်း ဆိုက်ကပ်ထားပါသည်။ ထိုရွက်လှေကြ ၏လက်ဝဲတွင် လှေကလေးများအစီအရီ ဆိုက်ကပ်ထားပါသည်၊

ထိုဆိပ်ကမ်း၏မလှမ်းမကမ်း ကျောက်ဆောင်များအကြ တွင် လူနှစ်ယောက်ရှိနေပါသည်။ ထိုလူနှစ်ယောက်မှာ တစ်စုံတစ် ကိုချောင်းမြောင်းစောင့်နေသောလူများ ဖြစ်ပုံရသည်။ သူတို့သည် တစ်စုံတစ်ခုကိုစောင့်နေကြဟန် ရှိပါသည်။

ထိုစဉ် မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရတော့သည်။ ထို နှစ်ဦးသည် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ကျောက်ဆောင်နောက် ကွယ်မှထကာ ချောင်းကြည့်ကြသည်။ မကြာမီ မြင်ကွင်းထဲသို့ မြင်း လှည်းတစ်စီး မောင်းချလာတော့သည်။

မြင်းခွာသံကြောင့် ရွက်လှေကြီးပေါ်မှ မီးလင်းလာသည် ရွက်လှေကြီးပေါ်မှ လူတစ်ယောက်ဆင်းလာသည်ကို ကျောက် ဆောင်များအကြားမှချောင်းနေသော လူနှစ်ယောက်က တွေ့ရှိလိုက် သည်။



ထိုလူအား တွေ့လိုက်ရသောအခါ လူတစ်ယောက်ကထွက် တွေ့မည်ဟန်နှင့်ရှေ့သို့သွားသဖြင့် နောက်တစ်ယောက်က ဆွဲလိုက် ရသည်။

"မင်း ဒေါသမကြီးပါနဲ့ ငါလဲ ဒေါသထွက်တာပဲ၊ ကိစ္စတွေက စဉ်းစဉ်းစားစားလုပ်ရမယ့် ကိစ္စတွေ"

တစ်ယောက်က ပြောလိုက်သဖြင့် ထွက်မည့်လူသည် နောက်ဆုတ်လိုက်ရသည်။ သူသည် အံကြိတ်ပြီး ကြည့်နေသည်။ ရွက်လှေပေါ်မှဆင်းလာသောသူကား လောင်စိမ်းပင် ဖြစ်တော့ သည်။ ထိုစဉ် မြင်းလှည်းသည် ဆိပ်ကမ်းသို့ရောက်ရှိလာလေ၏။

မြင်းလှည်းမောင်းလာသူကိုတွေ့လိုက်ရသောအခါ ချောင်း ကြည့်နေသူနှစ်ယောက်သည် အံ့ဩသွားကြလေတော့၏။ မြင်း လှည်းမောင်းလာသူမှာ တောင်ပင်လယ်ကျွန်းသခင်ကြီး၏ သမီးဖြစ် သော ချင်းချင်းပင်တည်း။ တင်းမိန်နှင့်ကျင်းဟို့တို့ မည်သည့်နေရာ တွင် ကျန်ရစ်သနည်းဟု ထိုသူနှစ်ယောက်တွေးနေသည်။

ချင်းချင်းသည် လောင်စိမ်းအနီးတွင် ရပ်ပြီး တီးတိုးပြောနေ ကြ၏။ ချောင်းကြည့်နေသောလူနှစ်ယောက်မှာ အံ့ဩပြီးရင် အံ့ဩ နေကြသည်။ ထို့နောက် လောင်စိမ်းလက်ခုပ်နှစ်ချက် တီးလိုက်သည် ကိုတွေ့ရသည်။ ရွက်လှေကြီးပေါ်မှ ဝတ်ရုံစိမ်းလေးယောက်ဆင်း လာပြီး မြင်းလှည်းပေါ်မှခေါင်းကြီးကိုထမ်းကာ ရွက်လှေပေါ်သို့တင် သွားကြတော့၏။ ချင်းချင်းနှင့်လောင်စိမ်းလည်း တက်လိုက်သွား၏။ ထို့နောက် မကြာမီ ရွက်လှေကြီးလည်း ဆိပ်ကမ်းမှထွက်ခွာသွားလေ တော့၏။

ကျောက်ဆောင်နောက်မှ ချောင်းမြောင်းနေသူမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မင်တက်အံ့ဩနေကြလေ၏။ ထိုနှစ်ယောက်ကား နဂါးညီနောင်တို့ပင် ဖြစ်ပါတော့သည်။

နဂါးအကြီးချစ်နီးက....

"ဘယ်လိုဖြစ်တာလဲကွာ"

နဂါးအငယ်ချိုရောင်ကလည်း....

"ငါလဲ မပြောတတ်ပါဘူးကွာ"

"တစ်ခုခုတော့ မှားနေပြီကွ"

"မှားတာက အကြောင်းမဟုတ်ဘူး၊ ခိုးမင် ပါသွားတာက အကြောင်းကွ"

နဂါးအကြီးချစ်နီးက....

"မင်း လူစုပြီး နောက်က လိုက်ခဲ့၊ ဒီကောင်တွေ တောင်ဝိုင်းကိုသွားတာ ဖြစ်မှာပဲ၊ ငါနောက်က ခြေရာခံလိုက်မယ်"

နဂါးချိုရောင်က....

"ကောင်းပြီ... မင်း အရမ်းမစွန့်စားနဲ့နော်၊ မင်းက တစ်ယောက်တည်းသမား"

"အေးပါ"

နဂါးချစ်နီးသည် ထိုမျှသာပြောပြီး လှေဆိပ်သို့ဆင်းသွားတော့သည်။ တံငါသည်တစ်ဦးနှင့်စကားပြောဆိုပြီး လှေတစ်စင်းပေါ်သို့တက်လိုက်သည်။ တံငါသည်က လှေကိုလှော်ခတ်လေတော့၏။ သူတို့သည် ရွက်လှေကြီးနောက်သို့ လိုက်လေပြီတည်း။



အခန်း(၈)
## အန္တရာယ်စက်ကွင်း

တောင်ပင်လယ်သခင်ကြီးသည် ဝတ်ရုံစိမ်းများ၏ဖွပ်ထားသော ခေါင်းစွပ်များကို ချွတ်ကြည့်လိုက်သည်။

"အင်း... ကြေးစားစားသမား ပေါက်စတွေပဲ၊ ဒီကောင်တွေကို ဒီအဖွဲ့က ခေါ်သုံးတယ်ဆိုတော့ အံ့ဩစရာပဲ"

တင်းမိန်က....

"ကျွန်တော်တို့ တွေ့တိုင်း ကြေးစားစားသမားတွေနဲ့ချည်းပါပဲ၊ သူတို့ဟာ ဂိုဏ်းသားအင်အား သိမ်မစုဆောင်းမိသေးဘူးနဲ့တူတယ်၊ သူတို့ ဒါကြောင့် ကြေးစားတွေကို ငှားသုံးတာပေါ့"

ကျင်းဟို့က....

"ငါတို့ ဘာဆက်လုပ်ကြမလဲ၊ ချင်းချင်းနောက်ကို ဆက်လိုက်ဖို့ အချိန်တော်ပြီကွ"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ချင်းချင်းနောက် လိုက်ကြရမယ်"

ထိုစဉ် သချိုင်းထဲသို့ အပြေးအလွှား ဝင်ရောက်လာသံကို ကြားလိုက်ရလေ၏။ တင်းမိန်နှင့်ကျင်းဟို့တို့သည် ဝင်လာသူကို လှမ်း

ကြည့်လိုက်ကြ၏။ နဂါးအငယ်ချိုရှောင် ဖြစ်နေသည်ကိုတွေ့ရ၏

"တော်ပါသေးရဲ့... မင်းတို့ကို တွေ့လို့"

နဂါးချိုရှောင်က မောပန်းတကြီး ပြောလိုက်၏။

တင်းမိန်က....

"ခင်ဗျားတို့ ချင်းချင်းနဲ့တွေ့ဖို့ ချိန်းထားတယ်မဟုတ်လား"

"ဟုတ်တယ်လေ... ပြီးတော့ လောင်စိမ်းတို့လာလုရင် မည်
ဟန်ဆောင်ပြီး ထည့်ပေးလိုက်ဖို့ပဲ၊ ဒါပေမယ့်...."

တင်းမိန် မျက်မှောင်ကုပ်သွား၏။ ချိုရှောင်၏ ဒါပေမယ့်
ကြီးကို မကြိုက်ပေ။

"ဒါပေမယ့် ဘာဖြစ်သလဲ"

နဂါးချိုရှောင်က....

"ချင်းချင်းဟာ လောင်စိမ်းနဲ့ ပူးပေါင်းသွားပြီ"

"ဗျာ"

"ဘာ"

တင်းမိန်နှင့်ကျင်းဟို့တို့မှာ အာမေဋိတ်သံများ ထွက်သွားရ
လေ၏။

ကျင်းဟို့က....

"ပြောစမ်းပါဦး... အဖြစ်အပျက်က ဘယ်လိုလဲ"

နဂါးချိုရှောင်က သူတို့မြင်တွေ့သမျှကို ပြောပြလိုက်သည်။

တင်းမိန် အံ့ကြိတ်လိုက်သည်။

"တောက်... သူဟာ ဒီလိုသစ္စာဖောက်ဖြစ်လိမ့်မယ်လို့ ထင်
ကို မထင်ခဲ့ဘူး"



တောင်ပင်လယ်သခင်ကြီးက ဝင်၍ ကန့်ကွက်လိုက်၏။

"ကျူပ်သမီးကို သစ္စာဖောက်လို့ မပြောပါနဲ့ ကျူပ်သမီးဟာ
ဘယ်တော့မှသစ္စာဖောက် မဟုတ်နိုင်ဘူး"

တင်းမိန်က နာကျင်စွာ ပြုံးလိုက်၏။

"ကျွန်တော်ကလဲ သူ့ကိုသစ္စာဖောက် မဖြစ်စေချင်ပါဘူး။
ဒါပေမယ့် အခု သူဟာ သစ္စာဖောက်ဖြစ်နေတယ်၊ အခုအဖြစ်အပျက်
က သူဟာ သစ္စာဖောက်ဖြစ်ကြောင်း ဖော်ညွှန်းနေတယ်"

တောင်ပင်လယ်ကျွန်းရှင်သခင်ကြီးက....

"သူဟာ ကျူပ်သမီးအစစ် မဟုတ်ဘူးကွ"

ကျင်းဟို့က မေးလိုက်၏။

"ချင်းချင်းဟာ ခင်ဗျားသမီး မဟုတ်ဘူးလား"

"မဟုတ်ဘူး... ကျူပ်တို့မှာ အမှတ်အသားရှိတယ်၊ ဒီအမှတ်
အသားကိုပြတော့ သူ ဘာမှမသိဘူး။ ဒီအထဲက ကျူပ်သံသယဝင်
နေတာ၊ အခု မင်းတို့ပြောမှ အကျိုးအကြောင်းသိရတာ၊ ကျူပ်သမီး
ဟုတ်ကို မဟုတ်ဘူး"

တင်းမိန်က....

"သူဟာ ရွှေခေါင်းအရုပ်ကလေးနဲ့ ရောက်လာတာပါ"

တောင်ပင်လယ်ကျွန်းသခင်ကြီးက ခေါင်းတယမ်းယမ်းနှင့်
ပြောလိုက်၏။

"ကျူပ်သမီး မဟုတ်နိုင်ပါဘူး။ ဒါပေမယ့် ကျူပ်သမီး ဖြစ်
နေရင် ဒီလိုသစ္စာဖောက်ဖြစ်နေရင် ကျူပ်ကိုယ်တိုင် အပြစ်ပေးပါ့
မယ်"

တင်းမိန် ဘာမျှပြန်မပြောတော့ပါ။ သူ့ရင်မှာ နာကျင်နေ သည်။ သူသည် ချင်းချင်းအပေါ် လွန်စွာချစ်ခင်၏။ ယခုမှ ချင်းချင် သည် သူ၏ရန်သူဖြစ်နေချေပြီ။

ကျင်းဟို့က....

"ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

နဂါးချိုရှောင်က....

"သမားတော်သိုင်းသမားကို ခေါ်ကြမယ်၊ ကျုပ် အစ်ကို နောက်ယောင်ခံလိုက်သွားပြီ၊ အခုချင်းချင်းက သစ္စာဖောက်သွား တော့ ကျုပ်အစ်ကိုအတွက် ရန်မအေးဘူးဗျ၊ သူက စိတ်ဆတ်တယ် လောင်စိမ်းကိုဝင်တိုက်နေရင် သူပဲခံရမယ်"

တင်းမိန်တို့လူစုသည် နဂါးချိုစန်း၏နောက်သို့ လှေတစ် စင်းဖြင့် လိုက်ခဲ့ကြတော့၏။ ရေလမ်းခရီးလိုက်ရသည်မှာ အခက်အခဲ ရှိသော်လည်း နဂါးချိုစန်းသည် ဆိပ်ကမ်းတိုင်းတွင်အမှတ်အသား ထားခဲ့သဖြင့် သူတို့ ဆက်လက်လိုက်နိုင်ခဲ့သည်။

နောက်ဆုံး ဆိပ်ကမ်းတစ်ခုသို့ရောက်သော ချိုစန်းစီးသွား သော လှေငယ်နှင့်ရွက်လှေကြီးကိုတွေ့ရသဖြင့် သူတို့သည် အမှတ်အ သားများနောက်သို့ လိုက်ကြတော့သည်။ သူတို့သည် တောင်ပိုင်း ပြည်နယ်အတွင်း ပြန်လည်ရောက်ရှိခဲ့ကြတော့သည်။

သူတို့သည် ဆက်လက်လိုက်လာခဲ့ကြရာ ကျောက်ဆောင် တစ်ခုပေါ်တွင် အိပ်ပျော်နေသော ချိုစန်းကိုတွေ့ကြလေတော့၏။ လူစုစုအုပ်အုပ်သံများကိုကြားသောအခါ နဂါးချိုစန်းသည် နိုးလာ တော့၏။



သမားတော်ကြီးက....

"သူတို့ ဘယ်ရောက်သွားကြပြီလဲကွ"

နဂါးချိုစန်းက....

"ကျုပ်လဲ သူတို့နောက်ကို အဆက်မပြတ်လိုက်လာနိုင် တယ်ဗျ၊ ဒီနေရာရောက်တော့ မျက်ခြေပြတ်သွားတယ်"

သမားတော်ကြီးသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက် တော့သည်။ တောင်ကုန်းလေးတစ်ခုနောက်တွင် သစ်တောအုပ်က လေးရှိပြီး ထိုသစ်တောအုပ်နောက်တွင် တောင်ကုန်းကြီးတစ်ကုန်း ရှိသည်။

နဂါးချိုစန်း အိပ်နေသည့်နေရာမှာ သစ်တောအုပ်ရှေ့ရှိ ကျောက်ဆောင်ကျောက်တုံးများပေါ်တွင် ဖြစ်သည်။

ချိုစန်းက....

"သူတို့ဌာနချုပ်ဟာ ဒီအနားတစ်ဝိုက်မှာ ရှိမယ်လို့ ကျုပ်လဲ ယူဆတာပဲ"

တောင်ပင်လယ်သခင်ကြီးသည် မြေအနေအထားကိုကြည့် လိုက်သည်။ ဤနေရာသည် သူ၏တောင်ပင်လယ်ကျွန်းနှင့် မဝေး လှသည့်နေရာဖြစ်နေသည်ကို တွေ့ရှိရလေ၏။ နေ့ဝက်ခရီးနှင့်ပင် တောင်ပင်လယ်ကျွန်းသို့ ရောက်ရှိပေသည်။

တောင်ပင်လယ်သခင်ကြီးက....

"ကဲ... ခင်ဗျားတို့လဲ ထင်းရှုဂိုဏ်းနောက်ကို လိုက်နေကြရ တာ ပင်ပန်းလှပါပြီ၊ ကျုပ်တို့အနားယူရင်း ထင်းရှုဂိုဏ်းကို ဘယ်လို ဆက်လိုက်မလဲလို့ ဆွေးနွေးတိုင်ပင်ရအောင် ကျုပ်ရဲ့တောင်ပင်လယ်

ကျွန်းဆီကို လိုက်ခဲ့ကြပါ"

အားလုံးမှာ နဂါးချိုစန်း အမှတ်အသားပြရာနောက်သို့ လိုက်ခဲ့ကြရသဖြင့် ပင်ပန်းနေကြလေပြီ။ တောင်ပင်လယ်သခင်ကြီး က ဖိတ်ခေါ်လိုက်သောအခါ အားလုံးကပင် ကြည်ကြည်သာသာ လက်ခံလိုက်ကြလေ၏။

တောင်ပင်လယ်ကျွန်းသို့ရောက်သောအခါ တောင်ပင်လယ် ကျွန်းသခင်ကြီးက....

"ရောက်တုံးရောက်ခိုက် ပျော်ပျော်ပါးပါးနေကြပါ၊ အစား အသောက်အတွက် ဘာမှမပူပါနဲ့၊ အားလုံး အဆင်သင့်ရပါတယ်"

အားလုံးပင် ကိုယ်ချမ်းသာစွာ နေကြရသည်။ စိတ်ကတော့ မချမ်းသာကြပါ။ အားလုံး ထင်းရှုဂိုဏ်းကြီးစိုးလာမည့်ကိစ္စကို ရိမ်ပူပန်နေကြပါသည်။

ညဘက်ရောက်သော်လည်း တင်းမိန်မှာ အိပ်မပျော်သေး ပါချေ။ တောင်ပင်လယ်ကျွန်းရှင်သခင်ကြီး၏ဂေဟာရှေ့ရှိ ပန်း ယျာဉ်အတွင်းသို့ ဆင်းသက်ခဲ့တော့သည်။

သူ့ထက် အရင်ဦးစွာ ရောက်ရှိနေသူတစ်ဦးကို တွေ့ရှိရ သည်။ ထိုသူကား တောင်ပင်လယ်ကျွန်းသခင်ကြီးတည်း။ တင်းမိ သည် တောင်ပင်လယ်ကျွန်းသခင်ကြီး သူ့ကြောင့် အနှောင့်အယှက် ဖြစ်မည်စိုးသဖြင့် လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

"လာပါ... မင်းရောက်လာလို့ ကျုပ် အနှောင့်အယှက်မဖြစ် ပါဘူး"

တောင်ပင်လယ်ကျွန်းသခင်ကြီးက ဖိတ်ခေါ်လိုက်သဖြ



တင်းမိန် ဆက်လက်လျှောက်လာခဲ့ရတော့သည်။

တောင်ပင်လယ်ကျွန်းသခင်ကြီးက....

"ကျုပ် တစ်ခုမေးပါရစေ"

"မေးပါ"

"ချင်းချင်း ရောက်လာတာ ရွှေခေါင်းရှပ်နဲ့လား"

"ဟုတ်ပါတယ်"

"အင်း... ကျုပ်ကိုယ်တိုင်လွှတ်ခဲ့တာပဲ၊ ဒါပေမယ့် ကျုပ်သ မီးကို သစ္စာဖောက်လို့ မင်းယုံသလား"

"အခုအခြေအနေက မယုံကြည်လို့ဖြစ်မတဲ့လား၊ သူက လက်ရှိလောင်စိမ်းတို့နဲ့ ပူးပေါင်းနေပြီပဲ"

"ခက်တာပဲ... ကျုပ်ကလဲ ကျုပ်သမီးသစ္စာဖောက်လို့ လုံး ဝမယုံကြည်ဘူး။ သူ ကျုပ်ပြတဲ့အမှတ်အသားကို မသိဘူး"

"ဒါနဲ့ချင်းချင်းမှာ အမြွာညီအစ်မများ ရှိနေသလားခင်ဗျာ"

"မရှိပါဘူး... ဒါ့ကြောင့် ကျုပ်လဲ တွေးရခက်နေတာပေါ့"

တင်းမိန် သက်ပြင်းချလိုက်၏။

တောင်ပင်လယ်သခင်ကြီးက....

"နေပါဦး... မင်းတို့က ခုံးမင်နဲ့မှုားပြီး ဟူကျန်းစုကိုနောက် ယောင်ခံလိုက်ဖို့ ဘယ်လိုအကြံရတာလဲ၊ ဒီအလုပ်ဟာ တကယ်အန္တ ရာယ်ကြီးတယ်ဆိုတာ မင်းတို့မသိကြဘူးလား"

တင်းမိန်က ပြောလိုက်သည်။

"ကျွန်တော်တို့အကြံရတာ မဟုတ်ပါဘူး။ ဒါဟာ လိပ်ပြာ မယ်ရှောင်ဝမ်းဝမ်းရဲ့ အကြံအစည်ပါ"

"ရှောင်ဝမ်းဝမ်း ဟုတ်လား"

"ဟုတ်ပါတယ်... သိုင်းရာဇာကျိုးစန်းနဲ့ မကြာမီ လက်ထ
တော့မယ်သူပါ"

တောင်ပင်လယ်သခင်ကြီးက....

"ဖြစ်ပျက်ခဲ့တာတွေဟာ တစ်ခုမှယုံချင်စရာမကောင်းဘ
ဘူး။ ဒဏ္ဍာန်ရီဆန်နေတယ်"

တင်းမိန် စဉ်းစားနေသည်။ သူလုပ်ကိုင်သမျှ အားလုံးအ
လွဲအချော်ချော် ဖြစ်နေသည်။ အားလုံးထောင်ချောက်များသဖွ
ဖြစ် နေတော့သည်။ ထင်းရှကိုဏ်းကို သူတို့ကူညီသလိုဖြစ်သွားသည်
ထင်းရှကိုဏ်းသည် သူတို့အကူအညီဖြင့် ခုံးမင်ကိုလွယ်ကူစွာရရှိသွ
ပြီ မဟုတ်ပါလား။ တင်းမိန်မှာ တစ်ချက်တုန့်သွား၏။

တောင်ပင်လယ်သခင်ကြီးက....

"မင်း ဘာတွေးမိလို့လဲ"

"ကျွန်တော်တို့ ထင်းရှကိုဏ်းအတွက် လုပ်ပေးသလိုဖြစ်
တာ တွေးမိလို့ပါ"

တင်းမိန်သည် ထရပ်လိုက်သည်။ သူသည် တစ်စုံတစ်ခု
တွေးလိုက်မိပြီဖြစ်သည်။

"ကျွန်တော် သွားမယ်၊ သူတို့ဌာနချုပ်ကိုတွေ့ရင် အ
ကြောင်းကြားလိုက်မယ်၊ အချိန်က အတော်နည်းနေပြီ၊ သူတို့ခုံးမင်
ရသွားတဲ့အတွက် မိုးကြိုးသွားလက်နက်ကို အသုံးပြုနိုင်မှာ သေ
တယ်"

တောင်ပင်လယ်သခင်ကြီးက....



"နေဦး၊ မင်းတစ်ခုခုကို သိသွားသလိုပဲ၊ ဘာများလဲကွ၊ တို့ သိအောင် ပြောခဲ့ပါဦး"

တင်းမိန် ပြေးထွက်သွားလေပြီ။ တောင်ပင်လယ်ကျွန်းသခင်ကြီး၏မေးမြန်းချက်များကို မကြားတော့ပါ။

တင်းမိန်သည် ညတွင်းချင်းပင် တောင်ပိုင်းနယ်မြေသို့ ကူးသွားလေ၏။ တောင်ပင်လယ်ကျွန်းသခင်ကြီးက သူ့ညီသည်များကို တံခါးရှိ စားမရှိဝင်ထွက်ခွင့်ပြုထားသဖြင့် တင်းမိန် ညတွင်းချင်းပင် ကူးတို့လှေဖြင့် ကူးသွားနိုင်သည်။

သူသည် တောင်ပိုင်းနယ်မြေသို့ရောက်သောအခါ နဂါးချိုစန်းအိပ်နေသည့် ကျောက်တောင်ရှိရာသို့ ရောက်ရှိလာတော့သည်။ ဤအနီးအနားတစ်ဝိုက်၌ ရန်သူ့စခန်းဌာနချုပ်ရှိရပေမည်။

သူသည် တောထဲမှာ စောင့်နေသည်မှာ နှစ်ရက်ရှိပြီ ဖြစ်သည်။ ဤနေ့အထိတော့ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့သေးချေ။ သူသည် ထင်းရှကိုဏ်းဝင်များကိုမတွေ့မချင်း ဤနေရာမှ စောင့်မည်ဟု သန္နိဋ္ဌာန်ချထားလေ၏။

သူ့စောင့်ဆိုင်းမှုမှာ အကျိုးမမဲ့ပါ။ နှစ်ရက်ကြာသောအခါ အရောထင်လာလေ၏။ ညဘက်တွင် ဝတ်ရုံစိမ်းဝတ်ဆင်ထားသူသုံးယောက် သစ်တောအုပ်ထဲသို့ဖြတ်သန်းလာကြောင်း တွေ့လိုက်ရတော့သည်။

ဝတ်ရုံစိမ်းဝတ်ထားသူများသည် တစ်ဦးနှင့်တစ်ဦး ဆယ်လှမ်းမျှ ခွာ၍ လျှောက်ကြကြောင်းတွေ့ရသည်။ တင်းမိန် ကျေနပ်သဘောကျသွား၏။ သူ ပုန်းအောင်းနေသောနေရာအနီးမှ ဖြတ်သန်း

လျှောက်လာသောအခါ တင်းမိန်သည် ပုန်းအောင်းနေလိုက်ရသည်။ နောက်ဆုံး၌ လျှောက်လာသောသူအား မအော်နိုင်အောင်ခုန်အုပ်ပြီး အကြောပိတ်လိုက်လေ၏။ ဝတ်ရုံစိမ်းမှာ လဲကျသွား၏။

တင်းမိန်သည် သစ်ပင်များအကြားသို့ ထိုလူကိုဆွဲယူပြီး ဝတ်ရုံကြီးကိုချွတ်ကာ သူဝတ်ဆင်လိုက်သည်။ သူသည် ခေါင်းစွပ်ကို စွပ်လိုက်သောအခါ ထင်းရှူးဂိုဏ်းဝင်ဖြစ်သွားလေတော့၏။ ထို့နောက် ဝတ်ရုံစိမ်းနှစ်ကောင်နောက်သို့ အမြန်လိုက်သွားရလေတော့၏။

ဝတ်ရုံစိမ်းဝတ်ထားသူများသည် တောအုပ်ကိုကျော်ဖြတ်ပြီး တောင်ကုန်းအခြေသို့ရောက်ရှိလာကြလေ၏။ ရှေ့ဆုံးမှဝတ်ရုံစိမ်း ဝတ်ထားသူသည် တောင်နံရံ၌ ကပ်မြှုပ်ထားသောမောင်းတက်ကို ဆွဲချလိုက်၏။

"ဝီး... ဟီ... ဟီ...."

အော်ညည်းသံကဲ့သို့ အသံကြီးမြည်ဟည်းသွားပြီး တောင်နံရံ၌ အပေါက်ကြီးတစ်ပေါက် ပေါ်လာတော့၏။ တင်းမိန်သည် လျှို့ဝှက်ခလုတ်တည်ရှိရာနေရာကို လျင်မြန်စွာ မှတ်သားလိုက်၏။

သူသည် ရှေ့မှဝင်သွားသော ဝတ်ရုံစိမ်းနှစ်ယောက်နောက်သို့ တန်းစီပြီး လိုက်သွား၏။ သူတို့သုံးယောက်ဝင်ပြီးသည်နှင့် လျှို့ဝှက်တံခါးလည်း ပြန်ပိတ်သွားတော့၏။

အတွင်း၌ ဂူလမ်းများဖြစ်ပေသည်။ လိုဏ်ဂူဖောက်ထားခြင်းဖြစ်ပေသည်။ မူလရှိပြီးသောဂူကို ပြုပြင်ထွင်းဖောက်ထားခြင်း ဖြစ်ပါသည်။ အတွင်းသို့ရောက်သောအခါ တစ်ဖက်တစ်ချက်၌ ဝတ်ရုံစိမ်းနှစ်ယောက်ရပ်နေသည်ကိုတွေ့ရသဖြင့် တင်းမိန် သတိထား



လိုက်သည်။ သူတို့သုံးဦးသည် ဝတ်ရုံစိမ်းနှစ်ဦးကို ဖြတ်ကျော်သွားကြရပေ၏။ ပထမနှစ်ယောက်သည် သည်အတိုင်းဖြတ်ကျော်သွားသဖြင့် တင်းမိန်လည်း သည်အတိုင်းပင် ဖြတ်ကျော်လိုက်သည်။

ထိုစဉ် ရပ်နေသောဝတ်ရုံစိမ်းတစ်ယောက်က လျှပ်တပြက်ပင် တင်းမိန်၏သွေးကြောကို ထိုးပိတ်လိုက်၏။

"ဝုန်း...."

တင်းမိန်မှာ လဲကျသွားရလေ၏။ မမျှော်လင့်သောလုပ်ရပ်ဖြစ်၍ တင်းမိန်မှာ အကြောပိတ်ခံလိုက်ရသည်။ သူ့ရှေ့မှလူနှစ်ဦး လွန်မြောက်သွားသည်ကိုကြည့်ပြီး သူလည်း အေးအေးဆေးဆေးပင် ဖြတ်ကျော်လိုက်ခြင်းဖြစ်သည်။

အစောင့်များ မရှိပ်မိတော့ဟု ထင်ခဲ့သည့် သူ့အထင်မှားခဲ့လေပြီ။ သူ၏ပေါ့ဆမှုပင် ဖြစ်ပါတော့သည်။

ဝတ်ရုံစိမ်းများက သဘောကျစွာ ရယ်လေ၏။

"မင်းက ငါတို့ဌာနချုပ်ထဲကို ဒီလိုအယောင်ဆောင်ဝင်လို့ရမယ်များ ထင်နေသလား၊ ဟား... ဟား... ဟား"

အခြားဝတ်ရုံစိမ်းတစ်ယောက်က....

"ငါတို့ ဌာနချုပ်ထဲမှာ လျှို့ဝှက်အမှတ်အသားတွေ ရှိတယ်၊ အဲဒါကို မင်း ဘယ်လိုလုပ်သိမလဲ"

ဝတ်ရုံစိမ်းများသည် တင်းမိန်အား ထိုးကြိတ်ကန်ကြောက်ကြတော့၏။ တင်းမိန်မှာ နောက်ဆုံး မေ့မျောသွားသည်အထိ နှိပ်စက်ခြင်းကို ခံလိုက်ရတော့သည်။

## အခန်း(၉)
## အန္တရာယ်တွင်းမှနဂါး

ချင်းချင်းမှာလည်း ထင်းရှဂိုဏ်း၏အကျဉ်းခန်းအတွင်း ရောက်ရှိနေလေ၏။ ကျောက်သားထုနံရံ သုံးဘက်နှင့် သံတိုင်ရိုက်ထားသော တစ်ဖက်မျက်နှာရှိသည့်အခန်း ဖြစ်၏။

သူမသည် သတိမေ့ပြီး ဤအခန်းထဲသို့ရောက်ရှိနေခြင်းဖြစ်၍ သူမ ဤအခန်းတွင်းရောက်နေသည်ကို မည်မျှကြာပြီဟု မသိတော့ချေ။

ချင်းချင်းသည် အံ့ကြိတ်မိလေ၏။ သူမသည် ထင်းရှဂိုဏ်း၏ လက်တွင်းကျရောက်နေသည်ကိုတော့သိ၏။ ယခုအထိ အစားအသောက်လာပို့သည့် ဝတ်ရုံစိမ်းဝတ်ထားသူတစ်ဦးမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသေးချေ။

ချင်းချင်းသည် တင်းမိန်အတွက် စိတ်ပူမိသည်။ တင်းမိန်သည် သူမနှင့်တူသော အမျိုးသမီး၏ထောင်ချောက်အတွင်းရောက်ရှိသွားသည်ဟု တွေးမိ၏။ ချင်းချင်း ဘာမျှမတတ်နိုင်ပါ။ တင်းမိန်အား သတိပေးရန်လည်း မဖြစ်နိုင်တော့ပါ။ တင်းမိန်တစ်ယောက် ထောင်ချောက်အတွင်း မသက်ဆင်းမိပါစေနှင့်ဟုသာ ဆုတောင်းရ



တော့သည်။

သူမသည် တွေးရင်း အားငယ်လာပြီး ငိုကျွေးလိုက်မိ၏။ ထို့နောက် ခြေသံသဲ့သဲ့ကြားရပြီးနောက် သူမနှင့်အလွန်တူလှသော မိန်းကလေးအား တွေ့လိုက်ရလေတော့သည်။

ချင်းချင်းက အံ့ကြိတ်ပြီး မေးလိုက်၏။

“မင်း ဘယ်သူလဲ၊ ဘာကြောင့် ငါနဲ့တူနေရတာလဲ”

ထိုမိန်းကလေးကလည်း ပြန်မေးသည်။

“မင်းကကော ဘယ်သူလဲ၊ ဘာကြောင့် ငါနဲ့တူနေရတာလဲ”

သူတို့နှစ်ယောက်သည် မှန်ထဲကြည့်ပြီး စကားပြောနေကြသည်နှင့် တူလှသည်။

ချင်းချင်းက....

“မင်းဟာ ငါနဲ့တူတယ်၊ ဒါပေမယ့် စိတ်ဓာတ်တော့မတူဘူး၊ မင်းဟာ ယုတ်မာတယ်”

မိန်းကလေးက ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

ချင်းချင်းသည် ဒေါသလွန်စွာ ထွက်လေသည်။

“အခု... တင်းမိန် ဘယ်မှာလဲ၊ သူ့ကို ဘာလုပ်ပစ်လိုက်သလဲ”

မိန်းကလေးက ပြန်မေးလေ၏။

“တင်းမိန်နှင့်မင်း ဘာဆိုင်လို့လဲ”

ချင်းချင်းက မဲ့လိုက်၏။

“တင်းမိန်ဟာ ငါ့ရဲ့ခင်ပွန်းလောင်းပဲ၊ မင်း သူ့ကိုထိတာနဲ့ ငါက မင်းကိုအသတ်ပဲ”

မိန်းကလေးက ရယ်မောလိုက်၏။

"မင်းက သေခါနီးတောင် ဒီစကားပြောနေနိုင်ပါကလား၊ နေပါဦး မင်းနဲ့ငါ ဘာမှမတော်တာ သေချာရဲ့လားမသိဘူး"

ချင်းချင်းက....

"ငါ့အမေက ငါတစ်ယောက်တည်းကို မွေးခဲ့တာပဲ၊ နင့်လို အယုတ်တမာမကို အမြွှာမွေးခဲ့တာ မဟုတ်ဘူး"

ထိုမိန်းကလေးက....

"ငါ့အမေလဲ ငါတစ်ယောက်တည်းကိုပဲ မွေးခဲ့တာပဲ၊ ဘာကြောင့် မင်းနဲ့ ဒီလောက်တူနေရတာလဲ မသိဘူး၊ ငါ့ကို ဦးလေးလောင်စိမ်းက မင်းအယောင်ဆောင်ခိုင်းတော့ ခက်မယ်မှတ်နေတာ၊ လွယ်လိုက်တာ လွန်ပါရောပဲ"

ချင်းချင်းက မေးလိုက်၏။

"မင်းရဲ့မိဘတွေဟာ ဘယ်သူတွေလဲ"

မိန်းကလေးက....

"လောင်ဝမ်ကျိုတဲ့... အခုတော့ ဦးလေးလောင်စိမ်းနဲ့အတူနေတယ်၊ ငါ့နာမည်က ဝမ်းစုကို့တဲ့"

ချင်းချင်းက သက်ပြင်းချပြီး ပြောလိုက်သည်။

"မင်းက ဘာဖြစ်လို့ ဒီလောက်ရက်စက်တဲ့ ထင်းရှုဂိုဏ်းထဲမှာ ပါနေရတာလဲ"

ဝမ်းစုကို့က ပြန်မေးသည်။

"ထင်းရှုဂိုဏ်းကို ဘယ်သူက ရက်စက်တယ်လို့ပြောသလဲ"

ချင်းချင်း ဘာမှမပြောနိုင်တော့ပေ။ အမြင်ချင်းမှ မတူဘဲ



ကိုး။ အတန်ကြာမှ....

"ဒါထက် မင်းက ငါ့အယောင်ဆောင်ပြီး ဘာလုပ်တာလဲ၊ နှံမင်ကိုဖြတ်ယူဖို့ပဲ မဟုတ်လား"

ဝမ်းစုကို့က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"မင်း တင်းမိန်ကို ဘာလုပ်ပစ်ခဲ့သလဲ"

ဝမ်းစုကို့မှာ တွေဝေသွားသည်။ သူ့စိတ်ထဲတွင် မနာလိုဖြစ်နေမိသည်။ ချင်းချင်းသည် စတွေ့ကတည်းက တင်းမိန်အကြောင်းကိုတစ်မေးတည်း မေးနေသည်။

"မင်း တင်းမိန်အတွက် ပူမနေပါနဲ့ မင်းအတွက်ပဲ မင်းပူပါဦး"

ဝမ်းစုကို့သည် သက်ပြင်းချလိုက်သည်။

"ငါသတ်ချင်ရင် အလွယ်ကလေးပါ၊ ဒါပေမယ့် ငါ သူ့ကိုမသတ်ရက်ပါဘူး"

ချင်းချင်းမှာ မျက်လုံးပြူးသွားတော့၏။ ဝမ်းစုကို့သည် တင်းမိန်ကိုများ ချစ်နေမိပြီလား။

ဝမ်းစုကို့က....

"မင်း ကံကောင်းပါတယ်၊ တင်းမိန်နဲ့ ပထမဆုံး ဆုံရတာက ငါပါ၊ တင်းမိန် ပထမဆုံး စွဲလမ်းခဲ့တာကလဲ ငါ့ကိုပါပဲ၊ သူနဲ့ငါ ပထမဆုံး တောင်ကုန်းကလေးထက်မှာ ဆုံခဲ့ရတာပါ"

သူမသည် စကားဆုံးသည်နှင့်လှည့်ထွက်သွားတော့၏။ ချင်းချင်း တွေးနေသည်။ ဝမ်းစုကို့ပြောသည်မှာ မှန်ကန်သည်ဟုသူ

ယုံကြည်သည်။ တင်းမိန်သည် ဝမ်းစုကို့နှင့် အလျင်ဦးစွာတွေ့ဆုံခဲ့ဖူးသည်ကို တင်းမိန်က ပြောခဲ့သည်မဟုတ်ပါလော။

ချင်းချင်းသည် သက်ပြင်းချလိုက်သည်။ ဝမ်းစုကို့သည် စိတ်ကောင်းရှိပြီးရိုးသားသော မိန်းကလေးဖြစ်ကြောင်း အကဲခတ်ခဲ့လိုက်မိတော့သည်။ ထို့ပြင် သူမနှင့်ဝမ်းစုကို့သည် ထပ်တူနီးပါးမျှတူကြသည်။ အမြွာညီအစ်မ မဟုတ်ပါဘဲ ဤမျှတူနေခြင်းအတွက် အံ့အားသင့်မိသည်။

ဤအတိုင်းဆိုပါက ခုံးမင်သည် ထင်းရှကိုက်ဖ်းသို့ရောက်သွားပြီဖြစ်ကြောင်း သူသိရတော့သည်။ တင်းမိန်တို့အုပ်စုသည် ခုံးမင်နောက်မှ မူလအစီအစဉ်အတိုင်း နောက်ယောက်ခံလိုက်နိုင်ကောင်းမှလိုက်နိုင်တော့မည်။

ဝမ်းစုကို့သည် ချင်းချင်းကိုထားရစ်ပြီး ထွက်လာခဲ့သည်။ သူမသည် ခန်းမရှိရာဘက်သို့ထွက်လာတော့သည်။ ခန်းမတွင်းမြင်ရသောမြင်ကွင်းကြောင့် သူမ အသက်ရှူရပ်သွားမလို ဖြစ်ခဲ့ရသည်။

အခန်းအလယ်တွင် တင်းမိန်အား ဖောက်ထိုးဆွဲထားသည့်မြင်ကွင်းကို မြင်ရခြင်းပေတည်း။ ခန်းမအလယ်တွင် လောင်စိမ်းနှင့် ခုံးမင်တို့ ထိုင်နေကြ၏။ သူတို့အနောက်တွင် ဝတ်ရုံစိမ်းဝတ်လေးယောက် တန်းစီရပ်နေ၏။ တင်းမိန်မှာ အပေါ်ပိုင်း ဗလာကျင်းနေသည်။ တစ်ကိုယ်လုံးဖူးရောင်ပြီး လူရုပ်ပင် မပေါ်တော့ချေ။

တင်းမိန်သည် ဝမ်းစုကို့ကို ချင်းချင်းဟုပင် ထင်မှားမိလေ၏။ တင်းမိန်သည် ဖောက်ထိုးဆွဲခံရသော်လည်း ဝမ်းစုကို့ကို မှတ်မိသည်။



"မိန်းမယုတ်...."

ဝမ်းစုကို့က ဣန္ဒြေဆည်လိုက်သည်။ တင်းမိန်ကိုကြည့်ပင်မကြည့်တော့ပါ။ လောင်စိမ်းအနီးတွင် ဝင်ထိုင်လိုက်သည်။

လောင်စိမ်းက ပြောလိုက်၏။

"ကျုပ်က ရန်သူဆိုတော့ ဘယ်သူများလဲလို့ ကျုပ်က တခြားလူလို့ ထင်နေတာ၊ မင်းဆိုတော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုဏ္ဍား ဖြစ်သွားတာပေါ့"

တင်းမိန်သည် မီးတောက်သောမျက်လုံးများဖြင့် လောင်စိမ်းကို ကြည့်နေသည်။

လောင်စိမ်းက....

"ကျုပ်တို့ဆီကို လွယ်လွယ်နဲ့ ဝင်နိုင်မယ်လို့ မင်းထင်တာ မင်းအမှားပဲ၊ ဂူဝမှာ မင်းဝင်လိုက်တဲ့အခါ လျှို့ဝှက်အမှတ်အသားပြရတယ်၊ မင်းက ပြမှ မပြနိုင်ဘဲ၊ မင်း လူစိမ်းဆိုတာ ကျုပ်တို့ချက်ချင်းသိတာပဲပေါ့"

ခုံးမင်က ဝင်ပြောလိုက်၏။

"ဘာပဲပြောပြော မင်းကိုတော့ ငါက ကျေးဇူးတင်ပါတယ်ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကိုဘေးမသီရန်မခဘဲ ဒီအထိရောက်အောင် ဆောင်ကျဉ်းပေးတဲ့အတွက်ပဲဆိုပါတော့၊ မင်းတို့ရဲ့အစီအစဉ်က တကယ်ကောင်းတာကို"

ခုံးမင် အတည်ပြောခြင်းမဟုတ်ပါ။ သူက လှောင်ပြောင်နေခြင်းသာ ဖြစ်ပါသည်။ တင်းမိန်မှာ ပို၍ ဒေါသထွက်လာလေတော့သည်။ သို့သော် သူ ဘာမျှမတတ်နိုင်ပါ။ သို့သော် တင်းမိန် ပို၍ဒေါ

သထွက်သည်မှာ ဝမ်းစုကို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် မီးထွက်
တတ်မျက်လုံးများဖြင့် ဝမ်းစုကို့ကို ကြည့်ပါသည်။

ဝမ်းစုကို့မှာ တင်းမိန်၏မုန်းတီးလှသာအကြည့်ကို ခံလိုက်
ရသောအခါ ရင်ထဲ၌ထိခိုက်သွားတော့သည်။ သူမသည် မမျှော်လင့်
ဘဲ တင်းမိန်နှင့်တွေ့စဉ်ကပင် တင်းမိန်ကို ချစ်ခဲ့မိ၏။ ချင်းချင်းကဲ့သို့
ရက်ကြာရှည်တွေ့ရ၍ ချစ်ခြင်းမဟုတ်ပေ။ မြင်မြင်ချင်းချစ်ခဲ့ခြင်း ဖြ
ပေသည်။ ကံကြမ္မာဖန်လာတော့ ယခု အမုန်းခံရဆုံးဖြစ်နေပေပြီ

ခုံးမင်က....

"သူ့ကိုဘာလုပ်မလဲ"

လောင်စိမ်းက....

"သတ်ပစ်လိုက်တာ အကောင်းဆုံးပဲ၊ **မီးကိုတာရှည်ထာ**
ရင် လောင်တတ်တယ်"

ခုံးမင်က ပြောလိုက်၏။

"ကောင်းတယ်... သူ့အဖေအစား သူ့ကိုလက်စားချေ
ရလိုက်တာပေါ့"

ဝမ်းစုကို့က ပြောလိုက်၏။

"သူ့ကိုမသတ်ပါနဲ့"

ခုံးမင်နှင့်လောင်စိမ်းတို့က လှည့်ကြည့်ကြသည်။

ခုံးမင်က....

"ဘာဖြစ်လို့လဲ"

ဝမ်းစုကို့မှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူ
စိတ်ထဲက တင်းမိန်ကို မသေစေချင်၍သာ လွှတ်ခနဲ မသတ်ပါနဲ့



ပြောခြင်းဖြစ်ပါသည်။ ပြီးမှ သတိဝင်သွားသည်။

"ဩော်... ကျွန်မတို့ဆီမှာ ရှိနေတဲ့လူတွေက တစ်ယောက်မှ
အရည်အချင်းမရှိကြဘူး မဟုတ်လား၊ သူ့လို လူတစ်ယောက်ကိုစည်း
ရုံးသိမ်းသွင်းလို့ရရင် ကျွန်မတို့အတွက် ပိုအကျိုးရှိမလားလို့ပါ"

လောင်စိမ်းမှာ တွေဝေသွားသည်။ တူမဖြစ်သူ၏စကားက
ဟုတ်တုတ်တုတ်ဟု တွေးနေသည်။

ခုံးမင်းက....

"မြွေပွေးကို ခါးပိုက်ပိုက်ထားရတာ အန္တရာယ်ကြီးပါတယ်၊
သတ်ပစ်လိုက်တာသာ ကောင်းပါတယ်"

ဝမ်းစုကို့က....

"သူ့ကို ဘယ်အချိန်သတ်သတ် သတ်လို့ရနေပြီပဲဟာ"

လောင်စိမ်းကဝင်၍ အဆုံးအဖြတ်ပေးလေ၏။

"ကောင်းပြီ... နှစ်ရက်အတွင်း **နင် စည်းရုံးကြည့်**ပေါ့၊ ခေါင်း
ဆောင်ကြီးရောက်လာရင်တော့ သူ့ **အမိန့်အတိုင်းပဲ**၊ ဒီအတောအ
တွင်းမှာတော့ သူ့ကို မသတ်ဘဲထား**မယ်**"

ဝမ်းစုကို့မှာ ယခုမှ သက်ပြင်း**ချနိုင်တော့**၏။

ခုံးမင်ကမူ....

"ကျုပ်ကတော့ စည်းရုံးလို့**ရမယ်မထင်ဘူး**၊ နဂါးတွေဟာ
ခေါင်းအလျှော်မာတဲ့လူတွေပဲ"

လောင်စိမ်းနှင့်ခုံးမင်တို့မှာ နေရာမှထသွားကြလေ၏။

ဝမ်းစုကို့သည် တင်းမိန်အနီးသို့ထသွားသည်။

"သွား... သွား၊ မင်း ငါ့အနားလာစရာမလိုဘူး"

တင်းမိန်က အော်ငေါက်လိုက်သဖြင့် ဝမ်းစုကို့ မျက်နှာပျ
သွားသည်။

"ရှင် ကျွန်မကို တကယ်မုန်းနေပြီလားဟင်"

ဝမ်းစုကို့သည် ညီမဟု မပြောရဲတော့ချေ။

"မုန်းရုံတင်မကဘူး... မင်းလို သစ္စာမဲ့တဲ့မိန်းကလေးကို
ခုဘဝမဟုတ်ဘူး ဘယ်ဘဝမှမဆုံပါရစေနဲ့ ဆုတောင်းတယ်"

ဝမ်းစုကို့မှာ မျက်ရည်များ စီးကျလာမိတော့သည်။ သူ
သည် တင်းမိန်၏အမုန်းကို ရင်နှင့်မမျှအောင် ခံစားလိုက်ရ၏။ သူ
သည် အဖြစ်အပျက်အမှန်ကိုဖွင့်ပြောမည်လော။ ဖွင့်ပြောလျှင်
သည် သူမကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်ပေမည်။ ချစ်မည်တော့
ဟုတ်ပေ။ တင်းမိန်တွင် ချစ်ရသူ ချင်းချင်းရှိနေပြီ မဟုတ်ပါလား

ဝမ်းစုကို့သည် ကြိုးစား၍ ပြုံးလိုက်သည်။ သူမသည် တ
မိန်၏အမုန်းကို ခံယူလိုက်မည်။ ချင်းချင်းနှင့်ပြန်ဆုံခွင့်မပေးတော့
ဆုံးဖြတ်လိုက်ပါသည်။ ဝမ်းစုကို့သည် စားသောက်ဖွယ်ရာများ
သာ ပြင်ဆင်ပေးပြီး တင်းမိန်အား စကားပြောလိုက်သည်။

"ရှင် ဒေါသလျော့ဖို့သင့်ပြီ၊ ရှင်သာ ကျွန်မတို့နဲ့ပူးပေါင်းမ
ဆိုရင် သိုင်းလောကမှာ အကျော်ကြားဆုံးလူတစ်ယောက် ဖြစ်ရပါ
မယ်"

တင်းမိန်က တံတွေးထွေးလိုက်၏။ တံတွေးမှာမရှိတော့ပါ
သူ့အာခေါင်များသည် ကွဲခြောက်နေပါပြီ။

"ထွီ... ကျုပ်အသက်သာ အသေခံမယ်၊ ဘယ်တော့
သစ္စာမဖောက်ဘူး၊ အဲဒါ မင်းမြဲမြဲမှတ်ထား"



ဝမ်းစုကို့က ပြောလိုက်သည်။

"ရှင်ဟာ လူမိုက်ပဲ၊ လူဆိုတာ အချိန်အခါကိုကြည့်ပြီး
ပြောင်းလဲတတ်ရတယ်၊ ရှင်ဟာ အခွင့်အရေးကို နားမလည်တဲ့လူပဲ"

တင်းမိန်က နာကျည်းစွာ ပြုံးလိုက်၏။

"ကျုပ်က လူမိုက်ဖြစ်ချင်ဖြစ်မယ်၊ မင်းလို လူယုတ်မာတော့
ယ်တော့မှမဖြစ်ပါဘူး"

ဝမ်းစုကို့မှာ တင်းမိန်၏စကားကြောင့် ရင်ထဲမှာ နာကျင်
သွားရ၏။

"ရှင် စဉ်းစားပါ၊ ကျွန်မကို တကယ်ချစ်ရင် ကျွန်မနဲ့ ပူးပေါင်း
င့်တာပေါ့"

သူမသည် တင်းမိန်၏စကားပြန်ကို မစောင့်တော့ပါ။

ဝတ်ရုံစိမ်းဝတ်ထားသူလေးဦးအား အမိန့်ပေးလိုက်သည်။

"ကဲ... သူ့ကို အချုပ်ခန်းထဲ ပြောင်းထည့်ထားလိုက်၊ သေ
အောင်လုပ်နော်"

ဝတ်ရုံစိမ်းလေးယောက်သည် တင်းမိန်အား အကြောများ
ပိတ်ကာ တွဲလောင်းချည်ထားသည့်ကြိုးအား ဖြုတ်ချလိုက်၏။
နောက် အချုပ်ခန်းထဲသို့ ပြောင်းရွှေ့သယ်မသွားကြသည်။

## အခန်း(၁၀)
## မိုးကြိုးသွားလက်နက်ပုန်း

သမားတော်ကြီးသည် လက်နောက်ပစ်လျက် အခန်း
တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သူသည် တင်းမိ
တွက် စိတ်ပူနေခြင်းဖြစ်ပါသည်။

တင်းမိန် ထွက်သွားသည်မှာ လေးရက်တိတိရှိပြီဖြစ်
တင်းမိန်ထံမှ မည်သည့်သတင်းမျှ မရခဲ့ချေ။ သူတို့သည် ရှိသမျှ
အားနှင့် လိုက်လံရှာဖွေခဲ့ပြီးဖြစ်သည်။ တင်းမိန်ကို ရှာဖွေ၍ မတွေ့
ပါချေ။ တင်းမိန်ချထားခဲ့သော သဲလွန်စပစ္စည်းများကိုလည်း မတွေ့
ချေ။

နဂါးညိုနောင်ကလည်း တင်းမိန်အတွက် အလွန်စိုး
သည်။ တင်းမိန်သည် နဂါးငါးကောင်တွင် အပါအဝင်မဟုတ်ပါလ
တင်းမိန်၏သိုင်းပညာမှာ မဆိုးပါ။ သို့သော် အတွေ့အကြုံနည်း
သည်။ ထို့ကြောင့် ဒုက္ခရောက်မည်ကို သူတို့အလွန် စိုးရိမ်နေခြင်း
သည်။

ကျင်းဟို့က....

"သိုင်းရာဇာတို့လူစု နောက်သုံးလေးရက်ကြာရင် ရော
လာတော့မယ်လို့ ပြောတယ်"



သူ့အသံသည် တိတ်ဆိတ်ငြိမ်သက်နေသော အခန်းအား ဖောက်ခွဲလိုက်သလိုဖြစ်သွားသည်။ အားလုံး သူ့အသံကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သမားတော်ကြီးက....

"သိုင်းရာဇာကျုံးစန်းရောက်လာရင် ကျုပ်တို့နောက်တစ်ကြိမ် တောနင်းပြီး ရှာရမယ်"

နဂါးညိုနောင်က....

"ဟုတ်တယ်... သူတို့ရဲ့ လျှို့ဝှက်စခန်းထဲမှာတော့ ရှိမှာပဲ"

ကျင်းဟို့က....

"တစ်ခုတော့ ကျုပ်စဉ်းစားမိတယ်"

နဂါးညိုနောင်က....

"ဘာများလဲ"

ကျင်းဟို့က ပြောသည်။

"ကျုပ် သံသယဝင်တာလဲ ဖြစ်ချင်ဖြစ်မယ်နော်"

နဂါးညိုနောင်က....

"ပြောသာပြောပါဗျာ၊ ကျုပ်တို့ သဘောပေါက်ပါတယ်"

ကျင်းဟို့က....

"တင်းမိန်နဲ့ချင်းချင်းက **ချစ်သူတွေမဟုတ်လား**"

နဂါးညိုနောင်က....

"ဟုတ်တယ်... **သူတို့နှစ်ယောက်ဟာ** သိပ်လိုက်ဖက်တဲ့အတွဲကလေး တစ်တွဲပါပဲ"

ကျင်းဟို့က ဆက်ပြောသည်။

"ပထမ ချင်းချင်းက သစ္စာဖောက်သွားတယ်၊ အခု တင်းမိန်က ပျောက်သွားတယ်"

သမားတော်ကြီးက ကျင်းဟို့၏စကားကိုဆက်ပေးလိုက်၏။

"တင်းမိန်လဲ သစ္စာဖောက်သွားပြီပေါ့"

ကျင်းဟို့က....

"ကျုပ်စွပ်စွဲတာ မဟုတ်ဘူး၊ ဒါပေမယ့် တင်းမိန်ဟာ လူငယ်တစ်ယောက်၊ ဒီတော့ ချင်းချင်းရဲ့စည်းရုံးမှုထဲမှာ မပါဘူးလို့ ပြောနိုင်မလား၊ ဘယ်သူက အတတ်ပြောနိုင်မလဲ"

အားလုံး ပါးစပ်ပိတ်သွားကြသည်။ မှန်သည်။ ဒါက ဖြစ်နိုင်ချေတစ်ခုပဲပေါ့။ ကျင်းဟို့၏စကားကိုတွန်းလှန်ရန် မည်သူမှ် ဆန္ဒမရှိကြပါချေ။ ထိုစဉ် ခြေသံတစ်သံကို ကြားလိုက်ရ၏။ အားလုံး လှည့်ကြည့်လိုက်ကြသည်။

လိပ်ပြာမယ် ရှောင်ဝမ်းဝမ်း....။

မည်သည့်အချိန်က ရောက်ရှိနေသည်ကို သူတို့မသိချေ။ သူတို့က ခြေသံကြားမှ လှည့်ကြည့်မိကြခြင်းဖြစ်သည်။

လိပ်ပြာမယ်ရှောင်ဝမ်းဝမ်းက ဦးညွတ်ဂါရဝပြုလိုက်၏။

"ကျွန်မကို ဝင်ခွင့်ပြုပါရှင်"

သမားတော်ကြီးက....

"ကျုပ်က မင်းတို့သုံးလေးရက်ကြာမှ ရောက်လာမယ်လို့ ထင်နေတာ"

"ဟုတ်ပါတယ် လောလောဆယ် သူမလာနိုင်ခင် ရှင်တို့အသုံးပြုဖို့ သူ့ ကိုယ်ရံတော်နှစ်ဆယ်ကို ပေးပို့လိုက်တာပါ၊ ကျွန်မကို ပို့နိုင်းလိုက်တာပါ၊ သူကတော့ နောက်နှစ်ရက်ဆိုရင် ရောက်လာပါလိမ့်မယ်"



သမားတော်ကြီးက အားရဝမ်းသာ ပြောလိုက်သည်။

"အတော်ပဲ... ဒီလိုဆိုရင် နောက်ထပ်နှစ်ရက်ဆိုရင် ဟူတန်းဂိုဏ်းသားတချို့နဲ့ နဂါးလေးကောင်လဲ ရောက်လာကြတော့မှာပဲ"

ရှောင်ဝမ်းဝမ်း၏မျက်လုံးအစုံမှာ တောက်ပသွား၏။

"ဒါဆိုရင် အင်အား အတော်တောင့်သွားပြီပေါ့"

"ဟုတ်တယ် တောင်ပင်လယ်ကျွန်းသခင်ကြီးကလဲ ကူညီဖို့ အသင့်ဖြစ်နေပါပြီ"

ရှောင်ဝမ်းဝမ်းက သက်ပြင်းချလိုက်၏။

"ကဲ... ကျွန်မပြန်ရမယ်၊ အခြားဂိုဏ်းတွေကို ကျွန်မသွားရဦးမယ်၊ သူခိုင်းထားတာ ရှိသေးတယ်"

ကျင်းဟို့က ဝမ်းသာအားရ ကျူးရင့်လိုက်၏။

"ကောင်းလိုက်လေ၊ ကျုပ်တို့ ဒီလောက် အင်အားတောင့်တင်းနေမှတော့ ထင်းရှူဂိုဏ်းဟာ ကျုပ်တို့လက်ထဲက မလွတ်တော့ပါဘူး"

အားလုံးက သဘောကျပြီး ခေါင်းတညိတ်ညိတ်ဖြစ်နေတော့၏။

၁

မှတ်ဆိတ်ဖြူသည် လမ်းလျှောက်လာလေ၏။ သူသည် ဘုန်းတော်ကြီး မဟုတ်တော့ချေ။ လူဝတ်ကြောင် ဖြစ်နေချေပြီ။ သူ လမ်းလျှောက်ပုံမှာ လွန်စွာပေါ့ပါးလှ၏။ သူ့ခြေရာသည် သဲသောင်ပြင်ပေါ်၌ ထင်ကျန်နေ၏။ ခြေရာတစ်ဖက်နှင့်တစ်ဖက် မတူချေ။ ကျန်တစ်ဘက်မှာ သစ်သားခြေတုခြေရာတည်း။

သို့သော် သူ၏လှုပ်ရှားမှု မြန်ဆန်ပုံကြောင့် ခုက္ခိတဟု မည်သူကမျှ မထင်မှတ်ကြပေ။ လူကောင်းထက်ပင် ပို၍လျှင်မြန်နေသေးသည်။ သူသည် ပထမကျောက်တောင် ကျောက်ဆောင်များရှိရာအရပ်သို့ ရောက်လာ၏။ ထို့နောက် သစ်တောအုပ်ကလေးကို ဖြတ်သန်းလာ၏။ နောက်ဆုံး သူ၏ဦးတည်ရာမှာ ထင်းရှူကိုဏ်းသားတို့၏ **လျှို့ဝှက်စခန်းရှိရာသို့တည်း။**

**ထိုအချိန်**တွင် လျှို့ဝှက်စခန်းအတွင်း၌ တင်းမိန်သည် အိပ်**နေရာမှ လန့်နိုး**လာလေ၏။ ငိုသံသဲ့သဲ့ကြားရသဖြင့် ကြည့်လိုက် ရာ ချင်း**ချင်းကို တွေ့**ရလေသည်။ တင်းမိန်သည် မဲ့လိုက်ပြီး တစ်ဘက်သို့**စောင်းလိုက်**လေ၏။

**သူမှာ** ချင်းချင်းမဟုတ်ပါ ဝမ်းစုကို့ ဖြစ်ပါသည်။
**ဝမ်း**စုကို့က....

"ရှင် တကယ်ပဲ ခေါ်ချင်နေသလား၊ ရှင်မပူး**ပေါင်းရင် ရှင့်** အသက်ကို ကယ်နိုင်မှာမဟုတ်တော့ဘူး"



"ကျုပ်သေတော့ မင်းက ပိုပြီးဝမ်းသာ**ရမှာပေါ့ကွ**၊ ဘာဖြစ်**လို့ ငို**နေရတာလဲ၊ တိတ်ပါ"

"ကျွန်မက ရှင့်ကို တကယ်မချစ်ဘူးလို့ ထင်နေသလား"

တင်းမိန် သက်ပြင်းချလိုက်လေ၏။

"မင်း ကျုပ်ကို တကယ်ချစ်တယ်ဆိုရင် ကျုပ်ကို မင်းတို့ ဂိုဏ်းထဲဝင်ဖို့ မဆွယ်ပါနဲ့၊ မင်းသာ ကျုပ်နဲ့အတူပူးပေါင်းပြီး သစ္စာဖောက်တွေကို ဖြိုခွဲပါ၊ ရှင်လဲ အတူတူ သေလဲ အတူတူပေါ့"

ဝမ်းစုကို့မှာ တွေဝေသွား၏။

တင်းမိန်က ဆက်လက်ပြောလေ၏။

"သူတို့က မိုးကြိုးသွားလက်နက်ကိုတပ်ဆင်ဖို့ ပြီးစီးသွားရင် သူတို့ကို ဘယ်လိုမှမတားနိုင်တော့ဘူး၊ ကျားကို ချိုတပ်ပေးသလို ဖြစ်သွားမှာပဲ"

ဝမ်းစုကို့က ပြောလိုက်သည်။

"မနက်ဖြန်ဆိုရင် ခုံးမင်က မိုးကြိုးသွားလက်နက်ကို ပစ်ခတ်ဖို့ အဆင်သင့်**ဖြစ်ပြီတဲ့**"

သူမ**၏အသံသည် စိုးရိမ်မှု**ကင်းမဲ့စွာ ထွက်ပေါ်လာ၏။ အသံသည် ခြောက်**ကပ်နေ၏။တင်းမိန်**က ငေါက်ခနဲ ထထိုင်လိုက်သည်။

"ဟင်... **အရေးကြီးပါပေါ့လား မင်း...** မင်း ကျုပ်ကို ကူညီမယ်မဟုတ်လားဟင်၊ **ကျုပ်ကိုချစ်တယ်ဆိုရင်** ကျုပ်ကို ဒီကထွက်နိုင်အောင် ကူညီပါလားကွယ်"

ဝမ်းစုကို့က....

"ရှင်လဲ ကျွန်မကိုချစ်တယ်ဆိုရင် ကျွန်မတို့ဂိုဏ်းထဲကို ဝင်ပါလားဟင်"

တင်းမိန်က သက်ပြင်းချလိုက်လေ၏။

"မင်း အခုထက်ထိ အသိတရားမရသေးပါလား"

ဝမ်းစုကို့က....

"ရှင်လဲ စဉ်းစား၊ ကျွန်မလဲ စဉ်းစားပါမယ်"

"စဉ်းစားဖို့မလိုပါဘူးကွယ်၊ သိုင်းလောကတစ်ခုလုံးက မင်းတို့ဂိုဏ်းကို ဆန့်ကျင်နေတာ တစ်ရွာလုံးနဲ့တစ်ယောက်ဖြစ်နေတယ်၊ မင်းတစ်ယောက်တည်းက မှန်နေတယ်လို့ ထင်နေသလား"

"ကျွန်မ ပြောမယ်၊ ကျွန်မ ဘာပဲဖြစ်ဖြစ်၊ ကျွန်မ ဘယ်လိုပဲ လှည့်ဖျားခဲ့ လှည့်ဖျားခဲ့ ကျွန်မကို ချစ်မှာလား"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

ဝမ်းစုကို့က...

"ကောင်းပြီ... ရှင်လဲ ကျွန်မပြောတာကို စဉ်းစားပါ"

သူမသည် အချုပ်ခန်းသံတိုင်အနီးမှ ထွက်ခွာသွားတော့၏။

ထိုအချိန်မှာပင် ဝတ်ရုံစိမ်းနှစ်ယောက်သည် တံခါးခလုတ်ဆွဲဖွင့်လိုက်၏။ တံခါးပွင့်သွားသောအခါ သူသည် တံခါးဝ၌ မားမားမတ်မတ်ရပ်လိုက်၏။ တံခါးအတွင်း၌ရှိနေသူများမှာ ထင်းရှုဂိုဏ်းသားသုံးယောက် ဖြစ်နေကြသည်။ သူတို့သည် ဒူးထောက်၍ အရိုအသေပေးလိုက်ကြသည်။

ရှေ့မှ ဝတ်ရုံစိမ်းနှင့်လူက ခေါင်းတညိတ်ညိတ်လုပ်ပြီး အတွင်းသို့ဝင်သွားသည်။



ထိုအခါ လောင်စိမ်းနှင့်ခုံးမင်တို့ အပြေးအလွှားထွက်လာကြပြီး ထိုလူအား အရိုအသေပေးလိုက်ကြသည်။

လောင်စိမ်းက ဦးညွတ်ဂါရဝပြုလိုက်၏။

"ခေါင်းဆောင်ကြီးကို ကြိုဆိုပါတယ်"

လောင်စိမ်းသည် ဝတ်ရုံစိမ်းနှင့်လူကို ဦးဆောင်ခေါ်ငင်၍ ခန်းမထဲသို့ ဝင်လာခဲ့လေ၏။

ဝတ်ရုံစိမ်းဝတ်ထားသောလူက....

"ခုံးမင် မင်း အောင်မြင်ရဲ့လား"

ခုံးမင်က ရင်ကော့ပြီး ပြောလိုက်၏။

"အားလုံး အဆင်သင့်ဖြစ်နေပါပြီဗျာ"

ခေါင်းဆောင်ကြီးက သဘောကျစွာ ရယ်မောလိုက်လေ၏။

လောင်စိမ်းက ထင်းရှုဂိုဏ်း၏လက်ရှိအခြေအနေနှင့်တကွ တင်းမိန်ကိုပါ ဖမ်းမိထားကြောင်း ပြောပြလိုက်၏။

ခေါင်းဆောင်ကြီးက....

"ကောင်းတယ်... သူ့ကိုသတ်ပစ်လိုက်"

သူသည် ပြောရင်း ခန်းမထဲသို့လျှောက်လှမ်းသွားလေ၏။ အခန်းထဲ၌ ထင်းရှုဂိုဏ်းသားသုံးဦးနှင့် ဝမ်းစုကို့တို့ရှိနေကြ၏။ ခေါင်းဆောင်ကြီးက ဝမ်းစုကို့ကို ကြည့်လိုက်၏။

"မင်း မဆိုးဘူး၊ မင်းကြောင့် ကျုပ်တို့လွယ်လွယ်ကူကူ အောင်မြင်ခဲ့တာ၊ အဓိကကတော့ ခုံးမင်ကိုရဖို့ပဲ၊ တင်းမိန်ကို ဖမ်းမိထားတာကတော့ အဆစ်ပေါ့လေ"

ခေါင်းဆောင်ကြီးက ဝမ်းစုကို့အား ချီးကျူးလိုက်၏။ ဝမ်း

**စုကို ခေါင်းငုံ့သွားသည်။**

**ခေါင်းဆောင်ကြီးက....**

"ကဲ... တင်းမိန်ကို **သွားခေါ်ခဲ့ သူ့ကို**မသေခင် မိုးကြိုးသွား အကြောင်း ပြလိုက်ရတာပေါ့"

တင်းမိန်မှာ လက်ပြန်ကြိုးတုပ်ခံရလျက် ခေါ်ဆောင်လာခြင်းခံရသည်။ နောက်မှ ဝတ်ရုံစိမ်းတစ်ယောက်က သူ့ဒူးခေါက်ကွေးကိုကန်လိုက်ရာ သူသည် ခန်းမထဲသို့လဲကျသွားတော့သည်။

"ဟား... ဟား... ဟား"

ရယ်မောသံများ ထွက်ပေါ်လာလေ၏။

တင်းမိန် လှမ်းကြည့်လိုက်ရာ လောင်စိမ်း၊ ခုံးမင်နှင့် ဟူကျန်းစုတို့ကို တွေ့မြင်လိုက်ရတော့သည်။ ခေါင်းဆောင်ကြီးဆိုသူမှာ ဟူကျန်းစုပင် ဖြစ်တော့သည်။

**ဟူကျန်းစုက....**

"**အင်း...** ငယ်ငယ်ရွယ်ရွယ်နဲ့ သေရမှာကတော့ နှမြောစရာပါပဲလား၊ ဒါပေမယ့်လဲ မတတ်နိုင်ဘူးလေ"

တင်းမိန်က အံကြိတ်ပြီး ပြန်ပြောလိုက်လေ၏။

"ခင်ဗျားတို့လဲ သေရမှာပဲ၊ အရင်က မသေခဲ့ပေမယ့်လဲ ဒီ တစ်ကြိမ်မှာတော့ ခင်ဗျား သေကိုသေရလိမ့်မယ်"

"ဟား... ဟား...ဟား... ငါ့ကို **ဘယ်သူမှသတ်လို့** မရဘူးကွ"

"ရာဇဝတ်ဘေးပြေးမလွတ်**ဆိုတဲ့ စကားလဲ** ရှိတာပဲ၊ ခင်ဗျားလို လူယုတ်မာကိုအနိုင်ယူမယ့်လူ **တစ်နေ့**ပေါ်လာမှာပဲ"



ခုံးမင်က ရှေ့သို့ထွက်လာပြီး တင်းမိန်အား ဘယ်ပြန်ညာပြန် ပါးချလိုက်လေ၏။

"ဖြန်း... ဖြန်း... ဖြန်း"

တင်းမိန်၏ပါးနှစ်ဖက်တွင် လက်ငါးချောင်းရာကြီးထင်သွားလေတော့၏။

တင်းမိန်က....

"ထွီ... ခင်ဗျားတို့က ကြိုးချည်ပြီးမှ ရိုက်ရဲတာပါ၊ သတ္တိရှိရင် ကြိုးဖြည်ပေးကြည့်ပါလား"

ခုံးမင်က ထပ်မံ ပါးရိုက်ရန် ရှေ့သို့လှမ်းတက်လိုက်၏။

"နေဦး"

ဟူကျန်းစုက လှမ်း**တားလိုက်၏။**

"ပထမတုန်းက မင်း**အဖေက ထင်း**ရှုဂိုဏ်းကိုဖြိုခွဲနိုင်ခဲ့တယ်၊ အခု ထင်းရှုဂိုဏ်းက မင်းတို့**နဂါးဂိုဏ်း**ကို ဖြိုခွဲရမယ့်အလှည့်ပဲ"

"ဟား... ဟား... ဟား... ရယ်**စရာပါ**ဗျာ၊ ကျုပ်တို့နဂါးဂိုဏ်းရဲ့ခြေဖျားကိုတောင် ခင်ဗျားတို့ **မမီပါဘူးဗျ**"

ဟူကျန်းစုက ရယ်သွမ်းသွေး**လိုက်၏။**

"အင်း... မိုးကြိုးသွားရဲ့ ပစ်မှ**တ်ဟာ** နဂါးဂိုဏ်းပဲ"

တင်းမိန် ကွက်ခနဲ မျက်နှာပျက်သွား၏။

ဟူကျန်းစုက....

"အရင်တစ်ခါက မိုးကြိုးသွား အဆင်သင့်မဖြစ်ခင် မင်းတို့စုပေါင်းပြီးတိုက်ကြလို့ နိုင်တာ၊ အခုတော့ ငါတို့မှာ မိုးကြိုးသွား အဆင့်သင့်ဖြစ်နေပြီပဲ၊ ငါတို့ကို ဘယ်သူမှ မဟန့်တားနိုင်တော့ဘူး"

တင်းမိန့်၏ရင်ထဲ လေးလံသွားလေ၏။ ဟူကျန်းစု၏စကား သည် အမှန်စကားဖြစ်သည်။ သိုင်းလောကဂိုဏ်းကြီးများသည် ထင်း ရှဂိုဏ်းမိုးကြိုးလက်နက်များကို တပ်ဆင်နေစဉ် အလစ်ဝင်တိုက်နိုက် ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထင်းရှူဂိုဏ်းကိုအပြတ်အသတ် ချေမှုန်း နိုင်ကြခြင်းဖြစ်သည်။ ထင်းရှူဂိုဏ်းကလည်း ထိုစဉ်က ရဲရဲဝံ့ဝံ့ တိုက် ခိုက်သွားပါသည်။

မိုးကြိုးသွားလက်နက်ပုန်း....။

ထိုလက်နက်ပုန်းသည် ဖန်တီးရှင်ခုံးမင်၏ အတတ်ပညာ ဖြင့် တပ်ဆင်ပြီးစီးသွားချေပြီ။ လောင်စိမ်းက ရှင်းပြလိုက်၏။

"မိုးကြိုးသွားလက်နက်ပုန်းကို တပ်ဆင်ပြီးသွားပါပြီ၊ ဒါပေ မယ့် အဆိပ်ရည်မထည့်ရသေးပါဘူး၊ ကျွန်တော်တို့ စမ်းသပ်ပြီးတာ နဲ့ အဆိပ်ရည်ထည့်လိုက်ရုံပါပဲ ခေါင်းဆောင်ကြီး"

ထိုအခါ ဟူကျန်းစုက ခေါင်းညိတ်သည်။

"ကောင်းတယ်... တင်းမိန့်... မင်း မြင်ဖူးတယ်ရှိအောင် ကြည့်ထားလိုက်၊ ဒီလက်နက်ကို နှစ်ကြိမ်ပဲ သုံးဖူးသေးတော့ သိုင်း လောကသားအများစုဟာ ဒီလက်နက်အစွမ်းရှိပုံကို ဒဏ္ဍာရီလို့ ပြော နေကြတယ်"

ခုံးမင်က ဝင်ပြောလိုက်သည်။

"လက်နက်စမ်းသပ်ဖို့ ကျုပ်ဖမ်းထားတဲ့လူငါးယောက် ရှိပါ သေးတယ်"

ဟူကျန်းစုက အမိန့်ပေးလိုက်၏။

"ကောင်းပြီ... ခေါ်လာခဲ့"



ဝတ်ရုံစိမ်းဝတ်တစ်ယောက်သည် ထိုလူငါးယောက်ကိုသွား ခေါ်ရန် ထွက်သွားလေ၏။

ဝမ်းစုကျို့သည် ရင်ထိတ်နေ၏။ ထိုငါးယောက်ကိုသုတ်သင် ပြီးလျှင် တင်းမိန့်အား သုတ်သင်တော့မည်ကို သူမ သိနေသည်။

သူမသည် တင်းမိန့်အား မည်သို့မျှ ကယ်နိုင်တော့မည် မဟုတ်ပါချေ။

## အခန်း(၁၁)
## ထင်းရှူးကိုင်းချုပ်နှစ်ယောက်ပြိုင်

တောင်ပင်လယ်သခင်ကြီးသည် အေးဆေးတည်ကြည်သူဖြစ်သည်။ **အရက်သောက်လေ့သောက်ထရှိသူ** မဟုတ်ပါ။ တရုတ်တစ်ပြည်လုံး **အရက်သောက်တတ်သဖြင့်** သူတို့ဆီတွင် အရက်သောက်တတ်သူမှာ **အဆန်းမဟုတ်တော့ပါ။** သို့သော် သခင်ကြီးမှာ ယနေ့ အရက်သောက်နေပေပြီ။ သုံးခွက်တိတိသောက်ပြီးဖြစ်၍ မျက်နှာကြီးနီရဲနေသည်။

သမီးဖြစ်သူ ချင်းချင်းသည် သစ္စာဖောက်သွားပြီဟု တခြားသူများက ယုံကြည်ကြသော်လည်း မိမိကမူ ယုံကြည်ခြင်း မရှိသေးပါ။ သမီးဖြစ်သူ သစ္စာဖောက်သည်ကို လက်မခံပါ။

သမီးချင်းချင်း၏စိတ်ဓာတ်ကို **သူသိသည်။ မိမိ၏စိတ်ဓာတ်**မျိုးကဲ့သို့ ရှိသူဖြစ်ပါသည်။ မည်သည့်အခါမျှ **သစ္စာဖောက်သော**အလုပ်ကို လုပ်မည်မဟုတ်ဟု ယုံကြည်ပါ၏။

ထိုသို့ ချင်းချင်းအပေါ် ယုံကြည်မှုမှာ မိမိတစ်ယောက်တည်းသာ ရှိသည်။ အခြားသူများက မယုံကြည်ကြပါ။ သို့ရာတွင် သစ္စာဖောက်သည်ဟူသောအဆိုမှာ ဖြစ်နိုင်ချေတစ်ခုသာ ဖြစ်ပါ



သည်။ သစ္စာဖောက်သည်ဟု သေချာစွာပြောခြင်း မဟုတ်ပါ။ သစ္စာဖောက်နိုင်သည်ဟု ပြောခြင်းဖြစ်ပါလိမ့်မည်။ ချင်းချင်း သစ္စာဖောက်သည်ဟုဆိုရာတွင် အခြေအနေများက ဖော်ပြနေခြင်းဖြစ်သည်။

သူ သချိုင်းထဲတွင် တွေ့လိုက်ရသောမိန်းကလေးမှာ သူ၏သမီး ချင်းချင်းဖြစ်သည်ဟု သူ မယူဆပါ။ သူတို့ သားအဖ လျှို့ဝှက်အဆက်အသွယ်ကိုပြသသော်လည်း ချင်းချင်းဟု ထင်ရသူမိန်းကလေးသည် လုံးဝမသိပါ။ သူသည် လျှို့ဝှက်အချက်ပြကို နှစ်ကြိမ်တိုင်တိုင် ပြသခဲ့သည်။ သူမက ပြက်ရယ်ပင် ပြုသွားခဲ့သေးသည်။

ထိုမိန်း ကလေးသည် သူမ၏သမီးချင်းချင်း မဟုတ်ခဲ့လျှင် တောင်ပင်လယ် ကျွန်းသခင်မှာ မျက်နှာပျက်သွား၏။ သူ့သမီးသည် ချင်းချင်းအဖြစ် ဟန်ဆောင်လာသောမိန်းကလေးသည် ချင်းချင်းနှင့် အလွန်တူပေသည်။

ရုပ်ဖျက်ပြီး တူအောင် ဖန်တီးထားခြင်းလော။ အဘယ့်ကြောင့် ချင်းချင်းနှင့် တူနေရပါသနည်း။ ချင်းချင်းတွင် မည်သည့်မွေးချင်းမှ မရှိပါ။ တောင်ပင်လယ်ကျွန်းသခင်သည် ထရပ်လိုက်လေတော့၏။ သမီးဖြစ်သူကို ရှာဖွေရပေမည်။ တောင်ပိုင်းသိုင်းရာဇာ ကျူးစန်းလာချိန်အထိ စောင့်နေလိုစိတ် မရှိတော့ပါ။

သူ့တွင် လူအင်အား ရှိသည်။ သူ့အင်အားနှင့်တွေ့အောင် ရှာဖွေ၍ မဖြစ်ပါသလော။ တောင်ပင်လယ်ကျွန်းသခင်ကြီးသည် သူ့လူများနှင့် ချင်းချင်းအား တောနင်းရှာဖွေလိုက်၏။

လူငါးယောက်...။ ရှင်းရှင်းဆိုရလျှင် အကျဉ်းသာ
ယောက်။ လက်ပြန်ကြိုးတုပ်လျက် အခန်းထဲသို့ရောက်ရှိလာ
၏။

တင်းမိန်သည် ထိုလူများကိုမြင်ဖူးသည်ဟု ထင်သည်၊
သည့်နေရာ၌ တွေ့ဖူးမှန်း မသိပေ။ ထို့ကြောင့် သေသေချာချာ
၍ စဉ်းစား၏။ မြစ်ဝါမြစ်ဓား ငါးလက်ပေတည်း။

မြစ်ဝါမြစ်ဓားငါးလက်ဟု သိုင်းလောကတွင် ကျော်ကြ
ဤ ငါးယောက်မှာ အမှန်တကယ် အရည်အချင်းရှိသူများဖြစ်သ
အဘယ့်ကြောင့် သူတို့အား အရှင်ဖမ်းဆီးလာနိုင်သည် မသိ

လောင်စိမ်းသည် ထင်းရှကိုဏ်း၏ထက်မြက်သောသို
ညာရှင် ဖြစ်သည်။ ထိုလောင်စိမ်းလောက်နှင့် မြစ်ဝါမြစ်ဓားငါးလ
ကို အနိုင်ရနိုင်သည်မဟုတ်ပါ။ လောင်စိမ်း၏အဆင့်မြင့်သည်
သော်လည်း မြစ်ဝါမြစ်ဓားငါးလက်ကို မီနိုင်မည်မဟုတ်ပါ။

မြစ်ဝါမြစ်ဓားငါးလက်က အံကြိတ်၍ ပြောလိုက်၏။

"လောင်စိမ်း... မင်းက မိန်းမဉာဏ်နဲ့ အကောက်ကြံ
တယ်၊ မင်း သတ္တိရှိရှိ ယှဉ်ပြိုင်ချင်ရင် ငါတို့ကို ကြိုးဖြေပေးလိုက်

လောင်စိမ်းသည် သူတို့အား ထောင်ချောက်ဆင်ဖမ်းယူ
ခြင်းသာ ဖြစ်သည်။ ဤလိုသာ ရရှိနိုင်ပေမည်။ ရင်ဆိုင်ယှဉ်ပြိုင်တို
ခိုက်ရင်း မည်သည့်အခါမျှ အနိုင်မရနိုင်ပေ။



ဟူကျန်းစုက ခုံးမင်အား ကြည့်လိုက်၏။ ခုံးမင်က ခေါင်းညိတ်ပြလိုက်သည်။ ထိုအခါ ဟူကျန်းစုက လောင်စိမ်းအား အမိန့်ပေးလိုက်လေ၏။

"လောင်စိမ်း... သူတို့စိတ်ကျေနပ်အောင် ယှဉ်ပြိုင်လိုက်ပါ"

လောင်စိမ်းက ခေါင်းညိတ်ပြီး ဖိုးကြိုးသွားလက်နက်ကို ကောက်ယူလိုက်၏။ ညှဉ်ခန်းရှိ မြေနေရာလွတ်သို့ ထွက်သည်။

ဟူကျန်းစုက လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ မြစ်ဝါဓားသမားတစ်ယောက်၏ လက်၌ချည်နှောင်ထားသောကြိုးဆီသို့ ဓားပါးလေးတစ်လက် ပြေးဝင်သွားသည်။ ဓားပါးလေးက ကြိုးကိုဖြတ်တောက်လိုက်သည်။ ဟူကျန်းစု၏အချိန်အဆကောင်းလှ၏။ ကြိုးကိုဖြတ်ရုံလေးသာ ဓားပါးလေးက သွားပေသည်။

မြစ်ဝါမြစ်ဓားသမားသည် လက်ကိုကွေးချည်ဆန့်ချည်လုပ်က အကြောဖြေလိုက်သည်။

လောင်စိမ်းက နံရံကိုညွှန်ပြပြီး...

"မင်းကြိုက်တဲ့ လက်နက်ကိုယူပါ"

မြစ်ဝါမြစ်ဓားသမားသည် နံရံပေါ်ကိုကြည့်လိုက်၏။ ဓား၊ လှံ၊ လေး၊ မြားစသည်တို့ အလုံးစုံချိတ်ဆွဲထားသည်ကို တွေ့ရ၏။ မြစ်ဝါမြစ်ဓားသမားသည် ဓားကိုသာ ဖြုတ်ယူလိုက်သည်။

"လောင်စိမ်း... မင်းက ကျုပ်နဲ့ယှဉ်ရဲတယ်ဆိုတော့ အတော်ပဲ သိုင်းပညာတိုးတက်လာပြီ မှတ်တယ်"

"ဟား... ဟား... ဟား... စမ်းကြည့်ပါလေ၊ တွေ့ရမှာပေါ့"

မြစ်ဝါမြစ်ဓားသမားသည် ဓားကိုဝှေ့ယမ်းလိုက်လေ၏။

"ဝိုး... ရွှမ်း... ရွှမ်း"

ထို့နောက် လောင်စိမ်းကို တိုက်ခိုက်လေတော့၏။ လော
စိမ်းက နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းပြီး မိုးကြိုးသွားလက်နက်
မြစ်ဝါမြစ်ဓားသမားထံသို့ ချိန်ရွယ်ပစ်လွှတ်လိုက်၏။

"ရွှမ်း... ဝုစ်"

မြစ်ဝါမြစ်ဓားသမားမှာ ထိတ်လန့်သွားသည်။ လက်န
ပုန်းသံကြားလိုက်ရချိန်၌ သူ့ကိုယ်တွင် လက်နက်ပုန်းက ထိမှန်သွ
ပေပြီ။

"အား..."

မြစ်ဝါမြစ်ဓားသမားမှာ လဲကျသေဆုံးသွားလေ၏။

"ဟား... ဟား... ဟား"

"ဟား... ဟား... ဟား"

လောင်စိမ်း၊ ခုံးမင်နှင့် ဟူကျန်းစုတို့ အားရပါးရ ရယ်မေ
ကြလေတော့၏။ လောင်စိမ်းက ရယ်မောရင်း မိုးကြိုးသွားလက်န
ပုန်းကို ဟူကျန်းစုအား လှမ်းပေးလိုက်လေ၏။

ဟူကျန်းစုက ထိုလက်နက်ကို လှမ်းယူရင်း...

"အင်း... အစွမ်းထက်ပါပေတယ်၊ တကယ်အစွမ်းထက်
ပေတယ်၊ လက်နက်ပုန်းထွက်သွားတဲ့အရှိန်က ကြောက်စရာကော
လောက်အောင် ပြင်းထန်လျင်မြန်တာကိုး၊ ဒီလောက်မြန်မှတော
ဘယ်သူမှ မရှောင်နိုင်တော့ဘူးပေါ့"

မြစ်ဝါဓားသမားလေးယောက်မှာ မျက်နှာပျက်သွားတေ
၏။



"ကဲ... မင်းတို့ ဒီကနေ လွတ်အောင် ပြေးကြပေတော့"

ထင်းရှုကိုဏ်းသားတစ်ဦးက ကြိုးများကိုဖြေပေးလိုက်သည်။ မြစ်ဝါမြစ်ဓားသမားလေးယောက်မှာ မိုးကြိုးသွားလက်နက်အစွမ်းကို သိမြင်လိုက်သဖြင့် ချက်ချင်းပင် နောက်သို့လှည့်ပြေးတော့သည်။

ဟူကျန်းစုက သူတို့ပြေးသည်ကို ကြည့်နေသေး၏။ ထို့နောက် မိုးကြိုးသွားလက်နက်ခလုတ်ကို နှိပ်လိုက်လေသည်။

"ဝုစ်... ဝုစ်... ဝုစ်"

လက်နက်ပုန်းများ ထွက်သွားသံကိုကြားလိုက်ရပြီး လက်နက်ပုန်းများထွက်သွားသည်ကို မမြင်လိုက်ရပေ။ အလွန် လျင်မြန်လှသည်။ မည်သည့်ပုဂ္ဂိုလ်မျှ ထိုလက်နက်ပုန်းလောက်မြန်အောင် မလှုပ်ရှားနိုင်ပေ။

မြစ်ဝါမြစ်ဓားသမားလေးယောက်တို့သည် တစ်ယောက်ပြီး တစ်ယောက် မြေပေါ်လဲကျသွား၏။

"ဟား... ဟား... ဟား"

ဟူကျန်းစုက အားရကျေနပ်စွာ ရယ်မောလေတော့၏။ ထို့နောက် တင်းမိန်အား ကြည့်ပြီး...

"ဟား... ဟား... ဟား... ဒီတစ်ခါတော့ လူစွမ်းကောင်း လုပ်ချင်တဲ့လူရဲ့အလှည့်ပဲ၊ မင်း ဘယ်လိုလူစွမ်းကောင်းလုပ်နိုင်မလဲ ဆိုတာ ကြည့်ရသေးတာပေါ့"

တင်းမိန်က အံကြိတ်လိုက်၏။ သူသည် ဝမ်းစုကို့အား စက်ဆုတ်ရွံရှာစွာ ကြည့်လိုက်၏။ ဝမ်းစုကို့မှာ ခေါင်းငုံ့သွားလေ၏။

ဟူကျန်းစုက ဝမ်းစုကို့ဘက်သို့ လှည့်၍ အမိန့်ပေးလိုက်၏။

"သူ့ကို ကြိုးဖြေပေးလိုက်"

ဝမ်းစုကို့က တင်းမိန်အား ကြိုးဖြေပေးလိုက်သည်။

တင်းမိန်က ဝမ်းစုကို့ကို လှည့်၍ ပြောလိုက်၏။

"မင်းကြောင့် ကျုပ် သေဆုံးရတာကိုကြည့်ပြီး မင်းကျေနပ်အားရနိုင်ပါတယ်"

ဝမ်းစုကို့၏မျက်နှာမှာ ချက်ချင်း ဖြူရော်သွားသည်။ ဟုကျန်းစုက ရယ်မောလိုက်ပြီး....

"တိမ်ဖြူနဂါး... မင်းလဲ မိုးကြိုးသွားလက်နက်အောက်က လွတ်အောင် ပြေးပေတော့၊ မလွတ်ရင် သေပြီသာ မှတ်ပေတော့"

တင်းမိန်မှာ အံကြိတ်လိုက်၏။

မိုးကြိုးသွားလက်နက်သည် အဆိပ်ရည်ထည့်မထားသော်လည်း ထိမှန်လျှင် သေဆုံးသွားသည်သာဖြစ်ပါသည်။ အဆိပ်သာထည့်ထားပါက ချက်ကောင်း မမှန်လင်လည်း သေဆုံးသွားရမည်သာ ဖြစ်ပါသည်။ ထိုစဉ်....

"ဟေ့... ရပ်လိုက်စမ်း"

မမျှော်လင့်သောအသံတစ်သံကို ကြားလိုက်ကြရလေ၏။ အသံမှာ အောင်မြင်ပြီးအတွင်းအားပါလှသဖြင့် အားလုံးအံ့အားသင့်ပြီး လှမ်းကြည့်မိကြလေ၏။

မုတ်ဆိတ်ဖြူ လူတစ်ယောက်....။

လောင်စိမ်း ရင်ထိတ်သွားသည်။

"မင်း ဘယ်သူလဲ၊ ဘယ်လို ဒီအထဲရောက်လာတာလဲ"

လောင်စိမ်းက အမောတကော မေးလိုက်၏။



မုတ်ဆိတ်ဖြူသည် ဘာမျှမပြောပါ။ အချက်ပြမှုတစ်ခုကို ပြုလုပ်လိုက်သည်။

လောင်စိမ်းသည် ထိုအချက်ပြမှုကိုတွေ့မြင်လိုက်ရသောအခါ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားသည်။

ချက်ချင်းပင် ဒူးထောက်ပြီး ဦးညွှတ်ဂါရဝပြုလိုက်လေ၏။ သူ့အသံမှာလည်း ဝမ်းသာမှုဖြင့် တုန်ယင်နေလေ၏။

"ဂိုဏ်း... ဂိုဏ်းချုပ်ကြီး ဘယ်လိုပြန်ရောက်လာတာပါလဲ၊ ဂိုဏ်းချုပ်ကြီးကို အရိုအသေပြုပါတယ်"

တင်းမိန်မှာ အံ့အားသင့်သွားလေ၏။

မုတ်ဆိတ်ဖြူသည် မည်သူနည်း။ အဘယ့်ကြောင့် လောင်စိမ်းက ဂိုဏ်းချုပ်ကြီးဟုခေါ်ပြီး ဂါရဝပြုရပါသနည်း။ သူ့အတွေးထဲ၌ ရှုပ်ထွေးသွားရတော့၏။ သူ တွေးမရအောင် ဖြစ်သွားသည်။

သူကဲ့သို့ပင် ဟုကျန်းစုလည်း တွေးမရဘဲ ဖြစ်သွားဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် ဟုကျန်းစု မျက်မှောင်ကုပ်နေသောကြောင့်တည်း။ ဟုကျန်းစုက မေးလိုက်၏။

"လောင်စိမ်း... သူ ဘယ်သူလဲ"

လောင်စိမ်းက ဖြေရန် ပါးစပ်ပြင်လိုက်သည်။

မုတ်ဆိတ်ဖြူလူက လောင်စိမ်းအား တိတ်တိတ်နေရန် အချက်ပြပြီး....

"မင်းက ဟုကျန်းစုအစစ်ဆိုရင် ဟုကျန်းစုရဲ့အမှတ်အသားတွေကိုတတ်ထားဖို့ လိုတာပေါ့"

သူသည် ပြောရင်း အခန်းထဲသို့ဝင်လာ၏။ သူ၏ခြေတွမှာ

တဒေါက်ဒေါက် အသံမြည်နေ၏။

ဟူကျန်းစုက....

"ကျုပ် သိပြီ"

မုတ်ဆိတ်ဖြူက ရယ်မောလိုက်၏။

"မင်းသိရင် ဘာကြောင့် အယောင်ဆောင်နေရသေးတာလဲ"

ဟူကျန်းစုမှာ မည်သို့မျှ မျက်နှာမပျက်ချေ။

တင်းမိန်မှာ အံ့အားသင့်သွားလေ၏။ ဤအတိုင်းဆိုလျှင် မုတ်ဆိတ်ဖြူလူသည် ဟူကျန်းစုပင် ဖြစ်နေသည်။ မျက်နှာကလည်း ဟူကျန်းစုနှင့် မတူပြန်ပေ။

ထိုသို့ကြည့်နေစဉ် မုတ်ဆိတ်ဖြူလူသည် နားထင်အောက်ကို လက်သည်းနှင့်ခွာ၍ မျက်နှာတုကို ခွာချလိုက်၏။

ဟူကျန်းစု၏ရုပ်သွင် ပေါ်လာလေတော့သည်။

"ဟူကျန်းစု"

ဟူကျန်းစုအတုထံမှ အာမေဋိတ်သံပေါ်လာ၏။ ဟူကျန်းစုအစစ်က....

"ဟုတ်တယ်... ကျုပ် ဟူကျန်းစုအစစ်ပဲ၊ ကျုပ် ဒီခြေထောက်ဒဏ်ရာကြောင့် အောက်ကိုပြုတ်ကျခဲ့တယ်၊ သေလုမျောပါးပါပဲ၊ ကံကောင်းချင်တော့ ကျုပ် ရသေ့တစ်ပါးနဲ့တွေ့ခဲ့တယ်၊ သူ့ရဲ့ပြုစုမှုကြောင့် ကျုပ် အသက်ချမ်းသာရာရခဲ့တယ်"

လောင်စိမ်းက....

"ဂိုဏ်းချုပ်ကြီးက ဘာလို့ပြန်မထွက်ခဲ့ရတာလဲ"



ဟူကျန်းစုအစစ်က....

"ကျုပ် စိတ်ကုန်သွားပြီ၊ သိုင်းလောကကို 'အန္တရယ်ပြုရင်နောက်ဆုံး ကိုယ်ပဲဒုက္ခတွေ့ရမယ်ဆိုတာ ကျုပ် သိလာတယ်၊ ဒါကြောင့် တရားဓမ္မရဲ့အဆုံးအမကိုလိုက်နာပြီး သာသနာ့ဘောင်ထဲမှာပဲ မွေ့လျော်တော့တယ်"

"ဟား... ဟား... ဟား"

သူ့စကားအဆုံးတွင် ဟူကျန်းစုအတုထံမှ ရယ်မောသံထွက်ပေါ်လာတော့၏။

"ပြော်... ခင်ဗျားက သူတော်ကောင်းဖြစ်သွားပြီကိုး၊ ဟား... ဟား... ဟား... မှန်းစမ်း၊ သူတော်ကောင်းရုပ်ပုံလွှာကိုကြည့်လိုက်စမ်းမယ်"

ဟူကျန်းစုအစစ်က ဟူကျန်းစုအတု၏စကားကို ဂရုမစိုက်ဘဲ ဆက်ပြောလေ၏။

"မင်းတို့ အခုပြန်လှုပ်ရှားနေတယ်ကြားလို့ ငါ ပြန်ထွက်ပေါ်လာရတာပဲ၊ အများနဲ့တစ်ယောက်၊ တစ်ရွာနဲ့တစ်ယောက် ဆန့်ကျင်လို့မရဘူး။ သိုင်းလောကအပေါ် ဒုက္ခပေးရင် ကိုယ်ပဲဒုက္ခရောက်လိမ့်မယ်၊ မင်းတို့ရဲ့ လုပ်ရပ်တွေကို ငါကြားနေရတယ်၊ ရပ်တန်းကရပ်လိုက်ကြပါတော့"

လောင်စိမ်းက....

"အခု ကျွန်တော်တို့အောင်မြင်နေပါပြီ ဂိုဏ်းချုပ်ကြီး"

"မိုးကြိုးသွားလက်နက်ကို ပြောတာလား"

"ဟုတ်ပါတယ်... ဒါကြောင့် ဂိုဏ်းချုပ်ကြီးအနေနဲ့ ကျွန်

တော်တို့နဲ့ ပြန်လက်တွဲပါ၊ တစ်ချိန်က ကျွန်တော်တို့ရန်သူတွေကို ကောင်းကောင်းလက်စားချေနိုင်ပါပြီ"

"မင်း အထင်မှားနေပြီ လောင်စိမ်း၊ မိုးကြိုးသွားလက်နက် တစ်ခုတည်းနဲ့ သိုင်းလောကမှာ ဘုရင်လုပ်လို့မရပါဘူး"

"မဟုတ်ဘူး ဂိုဏ်းချုပ်ကြီး၊ မိုးကြိုးသွားလက်နက်ဟာ..."

"တော်စမ်း လောင်စိမ်း"

ဟူကျန်းစုအစစ်၏အော်ငေါက်သံကြောင့် လောင်စိမ်းမှာ ပါးစပ်ပိတ်သွားရလေ၏။

ဟူကျန်းစုအစစ်က အမိန့်ပေးလိုက်၏။

"မင်းတို့ ဘာမှဆက်မလုပ်ရဘူး၊ မိုးကြိုးသွားလက်နက်ကိုလဲ ဖျက်ဆီးပစ်လိုက်"

သူ၏စကားအဆုံးတွင် ဟူကျန်းစုအတုက ရယ်မောလေတော့၏။

"ဟား... ဟား... ဟား"

"မင်းက ဘာကိုရယ်တာလဲ"

ဟူကျန်းစုအစစ်က မေးလိုက်၏။

ဟူကျန်းစုအတုက....

"ခင်ဗျား သတ္တိမရှိတော့ရင် နေပါ၊ ကျုပ်တို့ကို ဘာမှအမိန့်ပေးစရာ မလိုပါဘူး"

ဟူကျန်းစုအစစ်က....

"ဘယ်သူက ငါ့အယောင်ဆောင်နေတာလဲ၊ ချက်ချင်း မင်းမျက်နှာတုကို ဖယ်လိုက်ပါ"



ဟူကျန်းစုအတုက....

"ခင်ဗျားက ပြောလေ ခက်လေပါပဲလား၊ ခင်ဗျားနဲ့ ထင်းရှူးဂိုဏ်း အခု ဘယ်လိုမှမပတ်သက်တော့ဘူး၊ ခင်ဗျား ဦးဆောင်နေတာလဲ မဟုတ်ဘူး၊ ကျုပ်တို့နဲ့လက်တွဲရင်တွဲ၊ မတွဲရင် ထွက်သွားပါ၊ ကျုပ်တို့ကို ဟိုဟာလုပ်ပါ၊ ဒီဟာလုပ်ပါလို့ အမိန့်ပေးနေစရာ မလိုဘူး၊ လက်တွဲရင်တော့ တစ်မျိုးပေါ့လေ၊ ဒါဟာလဲ တစ်ချိန်တုန်းက ခေါင်းဆောင်ဟောင်းမို့ အခွင့်အရေးပေးတာပဲ"

"ဘာပြောတယ်"

အခန်းထဲ၌ အခြေအနေက တင်းမာနေသည်။ ဟူကျန်းစုတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေသည်။ တင်းမိန်က မသိမသာ နောက်ဆုတ်နေ၏။

ဟူကျန်းစုအစစ်က....

"သြော်... မင်းကိုး၊ မင်းတို့ညီအစ်ကိုက ကျုပ်ကို ဒီအထိ ဒုက္ခပေးနေတုန်းပါလား၊ နေရာလုနေတုန်းပါလား"

ဟူကျန်းစုအတုက....

"မင်း ကျုပ်ကို သိသွားတယ်ပေါ့"

"ဟား... ဟား... ဟား... မင်း ဘယ်လောက်ရုပ်ဖျက်ကောင်းကောင်း ကျုပ်ကိုတော့ ညာလို့မရပါဘူး"

ဟူကျန်းစုအတုသည် သက်ပြင်းချလိုက်ရင်း မျက်နှာအတုကို ခွာချလိုက်လေတော့၏။

## အခန်း(၁၂)
## မိုးကြိုးသွားလက်နက်ပျက်စီးခြင်း

ဟူကျန်းစုအတု၏မျက်နှာသည် ကွာကျသွား၏။ သူ၏မျက်နှာအစစ်ကိုတွေ့လိုက်ရသောအခါ တင်းမိန့်၏ရင်ထဲ၌ ဒေါသများ အလိပ်လိုက် တက်လာလေတော့၏။

ဒေါသများ ဆူကြွလာသည်။ ထိုလူသည် သူလုံးဝမျှော်လင့်မထားသော သိုင်းရာဇာကျူးစန်းပင် ဖြစ်ပါတော့သည်။

ဟူကျန်းစုအစစ်က ရယ်မောလေ၏။

"ဟား... ဟား... ဟား... မင်း ကျုပ်ကို ညာလို့မရပါဘူး"

သိုင်းရာဇာကျူးစန်းက....

"ကျုပ်ကိုသိသွားတဲ့နောက် ခင်ဗျားကို အရှင်ထားဖို့ မလွယ်တော့ဘူး"

သူက အေးစက်စွာ ပြောလေ၏။

လောင်စိမ်းက....

"နေကြပါဦး... နေကြပါဦး၊ ကျွန်တော် ပြောပါရစေဦး"

သူသည် ဟူကျန်းစုနှင့် သိုင်းရာဇာကျူးစန်းတို့နှစ်ယောက်အနက် မည်သည့်ဘက်သို့ပါရမည်မှန်း မသိဘဲဖြစ်နေသည်။



ဟူကျန်းစုနှင့်သိုင်းရာဇာကျူးစန်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေကြသည်။ တင်းမိန့်သည် သူ့အား မည်သူမျှ အာရုံမစိုက်တော့ကြောင်း သိနေလေ၏။ အခန်းတွင်း အခြေအနေက တင်းမာနေပြီ မဟုတ်ပါလော။

သို့သော် သူထွက်ပြေးရန် မကြိုးစားတော့ပါ။ ရှေ့သို့ပင် ပြန်တိုးလာသည်။ သိုင်းရာဇာကျူးစန်း၏လက်တွင် သေမင်းတမန် မိုးကြိုးသွားလက်နက်ပုန်းရှိနေပြီ မဟုတ်ပါလော။ ထိုလက်နက်ပုန်းအား သူအသက်စွန့်ဖျက်ဆီးရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

အားလုံးငြိမ်သက်နေသည်။ အားလုံး၏မျက်လုံးများသည် ဟူကျန်းစုနှင့်သိုင်းရာဇာကျူးစန်းတို့ထံသို့ ကျရောက်နေ၏။ ဟူကျန်းစုသည် လက်ဝါးနှစ်ဖက်သို့အတွင်းအားများ ပို့လွှတ်နေသည်မှာ အရိုးအဆစ်များ အသံက တဖျစ်ဖျစ် မြည်နေ၏။

သိုင်းရာဇာကျူးစန်းက ပြုံးလိုက်သည်။ သူ့အပြုံးက အေးစက်စက် အပြုံးဖြစ်သည်။ သေမင်းတမန်အပြုံး ဖြစ်သည်။ သိုင်းရာဇာကျူးစန်းသည် လက်ကို တဖြည်းဖြည်း မြှောက်လိုက်၏။ သူ၏လက်တွင်း၌ မိုးကြိုးသွားလက်နက်ပုန်းကို ကိုင်မြှောက်နေခြင်းဖြစ်သည်။

ဟူကျန်းစုသည် ထိုအချက်ကို ရိပ်မိသွားသောအခါ မျက်နှာပျက်သွားလေတော့၏။ သိုင်းရာဇာကျူးစန်းက ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ကျုပ်ကို ဘယ်လိုမှ အနိုင်ယူလို့မရပါဘူး၊ ကျုပ်လက်ထဲမှာ မိုးကြိုးသွားလက်နက်ရှိတယ် မဟုတ်လား"

ဟူကျန်းစုမျက်နှာမှာ နီရဲသွား၏။ သူသည် မလှုပ်ဝံ့အော ဖြစ်နေမိသည်။ လှုပ်သည်နှင့် သိုင်းရာဇာကျုံးစန်းက ပစ်ပေတော့ မည်။

သိုင်းရာဇာကျုံးစန်းက....

"ခင်ဗျား သေချင်လို့ ဒီကိုတစ်ခေါက် ပြန်လာခဲ့တာပဲ၊ ခ ဗျားရဲ့ သချိုင်းက ဒီမှာရှိတယ်မဟုတ်လား"

သူသည် မိုးကြိုးသွားလက်နက်ပုန်း၏ ခလုတ်ကို နှိပ်လို ၏။ သူလည်း အနှိပ် တင်းမိန်ကလည်း ခုန်အဝင်နှင့် အံကိုက်သွ သည်။

"ဝှစ်... ဝှစ်... ဝှစ်"

"ဝုန်း...."

ဟူကျန်းစုလည်း ရှောင်တိမ်းလိုက်သည်။ သည်လက်န ပုန်းကို ရှောင်တိမ်း၍ မလွတ်ပေ။ တင်းမိန် ခုန်အုပ်လိုက်သဖြင့်သ ချိန်သားလွဲချော်သွားသည်။ လက်နက်ပုန်း အပ်နှစ်ချောင်းက နဖ နေရာမှလွဲချော်ပြီး ပခုံး၌ စိုက်ဝင်နေတော့သည်။

သိုင်းရာဇာကျုံးစန်းမှာလည်း တင်းမိန်၏ခုန်အုပ်ချ ကြောင့် လွင့်စဉ်သွားရကာ ရုတ်တရက် တင်းမိန်အား မတိုက်ခိုက်နို အောင် ဖြစ်သွားရသည်။ လက်နက်ပုန်းများသည် သူ့လက်မှ လွင့်ထ ထွက်သွားရ၏။

သိုင်းရာဇာကျုံးစန်းက လှမ်းယူမည်အပြုတွင် ဟူကျန်းစု ဟန့်တားတိုက်ခိုက်သည်။ တင်းမိန်သည် ရလာသော အခွင့်အရေး လက်လွှတ်မခံဘဲ မိုးကြိုးသွားလက်နက်ပုန်းထံသို့ ဒိုက်ထိုး၍ လှမ်း



လိုက်သည်။

သို့သော် လောင်စိမ်းက လျှပ်တပြက် ရိုက်ချလိုက်လေ သည်။

"ဝုန်း...."

တင်းမိန် လွင့်စဉ်သွားလေ၏။ မိုးကြိုးသွားလက်နက်ပုန်း သည် မြေပေါ်၌လွင့်စဉ်သွား၏။ တင်းမိန် အတွင်းဒဏ်ရာ ရသွား၏။

သို့သော် သူ ခုန်ထနိုင်သေးသည်။ နောက်တစ်ကြိမ် အံ ကြိတ်၍ မိုးကြိုးသွားလက်နက်ရှိရာသို့ ခုန်အုပ်လိုက်၏။ လောင်စိမ်း သည် ပတ်ခြေဖြင့် ကန်လိုက်သည်။

"ဝုန်း...."

လောင်စိမ်း၏ခြေက သူ့ခါးကို ထိမှန်သွားသည်။ တင်းမိန် မှာ မိုးကြိုးသွားလက်နက်အနီးတွင် ပစ်ကျသွား၏။ သူ့ပါးစပ်မှ သွေး များ အန်ကျလာသည်။

"ဝေါ့...."

သွေးများကား နီရဲနေသည်။ တင်းမိန်သည် ဤမျှ ဒဏ်ရာရ နေသော်လည်း အလျှော့မပေးချေ။ မိုးကြိုးသွားလက်နက်ပုန်းကိုရယူ ရန် ကြိုးစားနေသေးသည်။

တင်းမိန် မိုးကြိုးသွားလက်နက်ပုန်းကိုမိလုမီခင် ဖြစ်နေသ ဖြင့် ဟူကျန်းစု၏တိုက်ခိုက်မှုကြောင့် ဟန်ချက်ပျက်နေသည့်ခုံးမင်က တင်းမိန်အား ဓားနှင့်ခုတ်လိုက်သည်။

တင်းမိန်မှာ ဆုံးဖြတ်ချက် ချပြီးလေပြီ။ သူ လက်လျှော့ လိုက်လျှင် မိုးကြိုးသွားလက်နက်ပုန်းသည် ခုံးမင်နှင့်လောင်စိမ်းတို့

၏ လက်တွင်းသို့ ကျရောက်သွားလိမ့်မည်။ သူတို့လက်သို့ အရော
မခံနိုင်ပါ။ အသေခံ၍ မိုးကြိုးသွားလက်နက်ကို ဖျက်ဆီးရပါမည်
ထို့ ကြောင့် သူသည် ရှိရှိသမျှအတွင်းအားကို ညှစ်ထုတ်လျက် မိုးကြိ
သွားလက်နက်ပုန်းများကို ရိုက်ချလိုက်ပါသည်။

"ဝုန်း...."

"အား...."

ထိုစဉ် ဟန်ချက်ပျက်နေသော ခုံးမင်း၏ဓားကလည်း တင်
မိန်၏ကျောပြင်သို့ ကျလာလေတော့သည်။ ဟန်ချက်ပျက်နေ၍သ
တော်တော့သည်။ ဟန်ချက်မပျက်လျှင် တင်းမိန်သည် ထိုဓားချ
နှင့် သေပေမည်။ ယခုမူ ဒဏ်ရာရရုံသာ ရသွားသည်။

မိုးကြိုးသွားလက်နက်ပုန်း ဘူးကလေးမှာလည်း တင်းမိ
၏အတွင်းအား အပြည့်ရိုက်ချသောဒဏ်ကို ခံလိုက်ရကာ ကြေမွပျ
စီးသွားတော့၏။

တင်းမိန်၏တစ်ကိုယ်လုံး သွေးချင်းချင်းနီသွားသည်
လောင်စိမ်းမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားပြီး တင်းမိ
အား ကန်ချလိုက်တော့၏။

"ဝုန်း...."

တင်းမိန်၏ခန္ဓာကိုယ်မှာ လွင့်စဉ်သွားသည်။ အခန်းနံ
တိုက်မိမှ ရပ်သွားသည်။ သူ့အသိအာရုံကလည်း ပျောက်ဆုံးသွာ
လေတော့၏။ မိုးကြိုးသွားလက်နက်ပုန်း ပျက်စီးသွားလေပြီ။

ဒေါသအထွက်ဆုံးလူကား လောင်စိမ်း မဟုတ်ပေ။ သိုင်းရ
ဇာကျိုးစန်းပင် ဖြစ်တော့သည်။ သူ၏ဒေါသသည် ဟူကျန်းစုထံ



ပုံကျသွားတော့သည်။ သူသည် ဟူကျန်းစုအား ပြင်းထန်စွာ တိုက်
ခိုက်တော့၏။ ဟူကျန်းစုမှာ သိုင်းပညာလေ့ကျင့်မှုကင်းဝေးနေခဲ့သူ
ဖြစ်၏။ တဖန် ဘယ်ဘက်ပခုံးတွင် မိုးကြိုးသွားလက်နက်ပုန်းနှစ်ခု
စိုက်နေသဖြင့် ဘယ်လက် လုံးဝမလှုပ်ရှားနိုင်ပေ။

မိုးကြိုးသွားလက်နက်မှာ အဆိပ်ရည် လောင်းမထည့်ရ
သေးဖြင့် တော်တော့သည်။ အဆိပ်ရည်လောင်းထည့်ထားလျှင် အ
ဆိပ်အပ်စိုက်သည်နှင့် ဟူကျန်းစုသေပေတော့မည်။ ယခုသော်ကား
ဘယ်လက်လုံးဝမလှုပ်ရှားနိုင်ဘဲ ညာလက်တစ်ဖက်တည်းနှင့်သာ
တိုက်ခိုက်နေရတော့သည်။

ထိုစဉ် သိုင်းရာဇာကျိုးစန်းနှင့်အတူ ဝတ်ရုံစိမ်းဝတ်အဖော်
တစ်ယောက်ကို သတိပြုမိခဲ့ကြပေလိမ့်မည်။ ယခု ထိုအဖော်သည်
ခေါင်းစွပ်ကို ချွတ်ချလိုက်၏။ ထိုအခါ လိပ်ပြာမယ်ရှောင်ဝမ်းဝမ်း၏
မျက်နှာပေါ်လာလေတော့၏။ သူမကလည်း ဟူကျန်းစုအား ဝင်
ရောက်တိုက်လေတော့၏။ အခြေအနေမှာ ရှုပ်ထွေးနေတော့၏။

လောင်စိမ်းသည် အခြေအနေကို သုံးသပ်နေလေသည်။ ယ
ခင်က သူသည် ဟူကျန်းစုကိုသစ္စာခံခဲ့သည်။ ဟူကျန်းစု နိုင်ခြေမရှိ
တော့ပါ။ လက်တစ်ဖက်ကလည်း မလှုပ်နိုင်တော့ပြီမဟုတ်ပါလော။
ထို့ကြောင့် မိမိသည် ဟူကျန်းစုအား ဆက်လက်သစ္စာမခံသင့်တော့
ဟု ဆုံးဖြတ်လိုက်၏။

ကျိုးစန်းနှင့် ပူးပေါင်းခြင်းက ပိုကောင်းသည်ဟု ဆုံးဖြတ်ပြီး
တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်တော့သည်။ ထို့ပြင် ဟူကျန်းစုသည်
ထင်းရှုဂိုဏ်းအား စွန့်ခွာသွားပြီမဟုတ်ပါလား။

တစ်ယောက်တည်းဖြစ်နေသောခုံးမင်ကလည်း ဟူကျန်း
အား ဝင်တိုက်တော့သည်။ လူအားလုံးသည် ဟူကျန်းစုကိုသာ အာ
စိုက်နေကြလေတော့၏။ ဝမ်းစုကို့မှာ တင်းမိန်အား မေ့ထူလိုက်၏

တင်းမိန်မှာ မေ့မြောနေ၏။ ဒဏ်ရာများမှာလည်း မနည်
ပေ။ ဝမ်းစုကို့သည် တင်းမိန်ကို တစ်ချက်ကြည့်ပြီးနောက် ဆုံးဖြတ်
ချက် တစ်ခုကိုချလိုက်သည်။ တင်းမိန်အား မေ့ချီကာ ခန်းမထဲ
ပြေး ထွက်ခဲ့လေတော့၏။

ခုံးမင်သည် အမှတ်မထင် ဝမ်းစုကို့ ပြေးထွက်သွားသည်
တွေ့လိုက်ရသည်။ တင်းမိန်ကိုကြည့်လိုက်သောအခါ မတွေ့ရတော့
ချေ။ ထို့ကြောင့် ဝမ်းစုကို့သည် တင်းမိန်ကို သယ်ပြေးခြင်းဖြစ်ရမည်
ဟု ခုံးမင်တွေးကာ ဝမ်းစုကို့နောက်သို့ ပြေးလိုက်တော့၏။

လိုဏ်ဂူအတွင်းပိုင်းသို့ရောက်သောအခါ ဝမ်းစုကို့အား ရှိ
နဲ့ တွေ့လိုက်ရ၏။

**"သင်း ဘယ်ပြေးမလဲ၊ ငါ့လက်က မလွတ်စေရဘူး"**

ခုံးမင်သည် **အံကြိတ်ပြီး စိတ်တွင်းမှ ရေရွတ်လိုက်လေ၏**
ထို့နောက် ဝမ်းစုကို့ ပြေးသွားရာနောက်သို့ ပြေးလိုက်တော့သည်

ဟူကျန်းစုမှာ တစ်ယောက်တည်းနှင့် သိုင်းရာဇာကျူးစန်း
လိပ်ပြာမယ် ရှောင်ဝမ်းဝမ်းနှင့် လောင်စိမ်းတို့ကို ခုခံတိုက်ခိုက်နေ
လေ၏။ ဟူကျန်းစုသည် တစ်ဦးချင်း တိုက်ခိုက်ရလျှင် မည်သူ့ကိုမျှ
ကြောက်ရွံ့သူမဟုတ်ချေ။ မည်သူ့ကိုမဆို ယှဉ်ရဲပေသည်။ ယခု
လည်း ညာလက်တစ်ဖက်တည်းနှင့် ခုခံတိုက်ခိုက်နေသည်။

သူ၏ဓနလက်သည်းကုတ် လက်ဝါးသည် သိုင်းရာဇာကျူး



စန်းနှင့်လောင်စိမ်းတို့ကိုသာ ဦးတည်တိုက်ခိုက်နေ၏။ လိပ်ပြာမယ်
ရှောင်ဝမ်းဝမ်းကို ဦးတည်မတိုက်ခိုက်ပေ။ အဘယ့်ကြောင့်ဆိုသော်
လိပ်ပြာမယ်မှာ သိုင်းပညာညံ့သောကြောင့်ပေတည်း။

သိုင်းရာဇာကျူးစန်းမှာ လောင်စိမ်းက ဝင်ရောက်ကူတိုက်
ပေးသည့်အတွက် သက်သာရာရသွား၏။ အကယ်၍ လောင်စိမ်း
သာ ဟူကျန်းစုဘက်မှ ဝင်တိုက်လျှင် သိုင်းရာဇာကျူးစန်းအတွက်
တွေးစရာမရှိတော့ပေ။

သိုင်းကွက်တစ်ရာမျှ ရောက်သောအခါ ကျူးစန်းနှင့်
လောင်စိမ်းတို့က ဖိ၍ တိုက်ခိုက်လာကြ၏။ ဟူကျန်းစုမှာ အံကြိတ်၍
ခံနေရတော့သည်။ သူ့အား ကူညီမည့်သူလည်း မရှိတော့ပေ။

သူသည် လက်တစ်ဖက်တည်းနှင့် တိုက်ခိုက်နေရသည့်အ
တွက် ကြာလျှင် ရှုံးနိမ့်နေတော့မည်ကို သိလာသည်။ သူသည်နောက်
ဆုတ်ခြင်း မရှိပါ။ သူသေ ကိုယ်သေသိုင်း ကွက်များကိုသုံး၍ တိုက်
ခိုက်တော့သည်။

သူ၏ဘဝတွင် မကောင်းမှုကိုသာ ပြုလုပ်ခဲ့၏။ ယခုတစ်
ကြိမ်တွင်မူ သူသည် အသက်နှင့်ရင်းကာ ဒုစရိုက်သမား များကိုဖြို
ခွဲရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ဤသို့ဖြင့် သူတို့သည် သိုင်းကွက်တစ်
ရာငါးဆယ်သို့ ရောက်ရှိလာခဲ့လေ၏။

တိုက်ပွဲအရှိန်သည် တဖြည်းဖြည်း ပို၍ပို၍ မြင့်မားလာ
သည်။ ဟူကျန်းစုမှာ တဖြည်းဖြည်း ရှုံးနိမ့်လာသည်။ နောက်ဆုတ်
လာရသည်။ ဟူကျန်းစုမှာ ရှုံးနိမ့်တော့မည်ကိုသိသဖြင့် သိုင်းရာဇာ
ကျူးစန်းထံသို့ခုန်ဝင်ပြီး လက်ဝါးဖြင့် ရိုက်ချလိုက်၏။

"ဝုန်း...."

သိုင်းရာဇာကျူးစန်းသည် ရှောင်မနေတော့ပါ။ လက်ဝါးဖြ
ဖြန့်လည်ခုခံလေ၏။ နှစ်ဦးစလုံးနောက်သို့ ဒယီးဒယိုင် ဆုတ်ခွာသွာ
ရသည်။ ဟူကျန်းစုမှာ ခြေတုတစ်ဖက်နှင့်ဖြစ်သည်။ ဒယီးဒယိုင်ဖြ
သောအခါ ခြေတုကြောင့် ပို၍အခြေပျက်သွားရသည်။

ထိုအခိုက် လောင်စိမ်းနှင့် ရှောင်ဝမ်းဝမ်းတို့က အလ
တိုက်ခိုက်လိုက်သည်။ ဟူကျန်းစု ထိတ်လန့်သွားကာ နောက်ကျွမ်
ထိုး၍ ခုန်ဆုတ်သွားလေ၏။

ထိုစဉ် သိုင်းရာဇာကျူးစန်းမှာ ကောင်းစွာ ရပ်တည်နိုင်လေ
ပြီ။ သူသည် ကျေနပ်စွာပြုံးလိုက်၏။ သူသည် ကျွမ်းထိုးရှောင်တိမ်
သွားသော ဟူကျန်းစုနောက်သို့ ခုန်လိုက်သွားကာ အကာအကွယ်
ကင်းမဲ့နေသော ဟူကျန်းစု၏ ကျောပြင်ကြီးကို လက်ဝါးဖြင့် အားရပ
ရရိုက်ချလိုက်တော့သည်။

"ဝုန်း...."

ဟူကျန်းစုမှာ အရုပ်ကြိုးပြတ် လွင့်စဉ်သွားလေ၏။ လော
စိမ်းက ပြေး၍ ကန်လိုက်လေ၏။

"ဝုန်း...."

ဟူကျန်းစု၏ခန္ဓာကိုယ်ကြီးမှာ လိုဏ်ဂူနံရံနှင့်တိုက်မိပြီ
ရပ်သွားလေ၏။ ပြန်ထမလာနိုင်တော့ချေ။ ဟူကျန်းစု သေဆုံးသွာ
လေပြီ။ သိုင်းရာဇာကျူးစန်းက သက်ပြင်းချလိုက်၏။

"ဟင်း... မလွယ်ပါလား"

ဟူကျန်းစုသည် အလွန်ပင် ကြောက်စရာကောင်းသောသူ



ဖြစ်ချေသည်။ သူ၏လက်နှစ်ဖက်စလုံးသာ အသုံးပြုနိုင်ခဲ့လျှင် သို့
တည်းမဟုတ် လောင်စိမ်းသာ သူ့ဘက်မှကူညီပြီး တိုက်ခိုက်မပေးခဲ့
လျှင် သူပင် ရှုံးနိမ့်သူဖြစ်ရပေလိမ့်မည်။

ဟူကျန်းစုသေသွားတော့မှ အခန်းထဲသို့ ဝေ့ဝိုက် အကဲခတ်
လိုက်သည်။ တင်းမိန်အား မတွေ့ရချေ။ ထို့ကြောင့် ကျူးစန်းမျက်
မှောင်ကုပ်သွားလေ၏။

"ဟိုကောင်လေး ဘယ်ရောက်သွားပါလိမ့်"

လောင်စိမ်းလည်း ယခုမှပင် သတိထားလိုက်မိသည်။ တင်း
မိန် ပျောက်နေသည်။ ခုံးမင်ကိုလည်း မတွေ့ရချေ။

"ဟုတ်တယ်... ခုံးမင်ကိုလဲ မတွေ့ရဘူး၊ ပထမပိုင်းက
တော့ ဟူကျန်းစုကို ခုံးမင်လဲ ဝင်တိုက်နေတာပဲ"

သိုင်းရာဇာကျူးစန်းက....

"တင်းမိန် ထွက်ပြေးသွားလို့ ခုံးမင်နောက်က လိုက်သွား
တာထင်တယ်"

လောင်စိမ်းက....

"ဟာ... တင်းမိန် မပြေးနိုင်ပါဘူး၊ ကျွန်တော် ကန်လိုက်တဲ့
ကန်ချက်ဟာ သေသွားနိုင်တယ်၊ သူ လုံးဝမထနိုင်တော့တဲ့ဥစ္စာ၊ ဒီ
ကောင့်ကို ဘယ်သူသယ်သွားပါလိမ့်"

ရှောင်ဝမ်းဝမ်းက....

"ဟုတ်တယ်... သူ ဒဏ်ရာရထားတာ မနည်းဘူး၊ သူဟာ
မိုးကြိုးသွားလက်နက်ပုန်းကို မရရအောင် ဖျက်ဆီးသွားတယ်၊ အ
သေခံပြီး ဖျက်ဆီးသွားတာပဲ၊ သူ ဝေးဝေးမရောက်ခင် ရှင်လိုက်သွား

ရင် ကောင်းမယ်ထင်ပါတယ်"

လောင်စိမ်းက....

"ကောင်းပြီလေ"

သူသည် ခန်းမကြီးထဲမှ ပြေးထွက်သွားတော့၏။ ထိုအခါ ခန်းမကြီးထဲက ကုလားထိုင်တွင် သိုင်းရာဇာကျူးစန်းသည် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ အခန်းထဲတွင် သူနှင့်လိပ်ပြာမယ် ရှောင်ဝမ်းဝမ်းတို့သာ ကျန်ရစ်တော့သည်။

သူသည် စိတ်ဓာတ်ကျဆင်းသွား၏။ သူ **နည်းအမျိုးမျိုးကြိုး**ကြိုးစားရယူခဲ့သော မိုးကြိုးသွားလက်နက်သည် **တင်းမိန်၏**လက်ချက်ကြောင့် ပျက်စီးသွားခဲ့ရလေသည်။ ထို့ကြောင့် သူသည် **တင်း**မိန်ကို ဒေါသအမျက်ခြောင်းခြောင်း ထွက်ခဲ့လေ၏။

ရှောင်ဝမ်းဝမ်းက....

"ရှင် တင်းမိန်ကို သတိထားခဲ့ဖို့ ကောင်းတယ်၊ ကျွန်မတို့ ဒီလက်နက်အတွက် ဘယ်လောက်ပင်ပန်းခဲ့ရသလဲ"

သိုင်းရာဇာကျူးစန်းသည် တောက်ခေါက်လိုက်၏။

"ဒီခွေးကောင်လေးက ကျုပ်ကို အလစ်ဝင်တိုက်တာကိုး ကျုပ်က ဟူကျန်းစုကိုသတိထားနေရတာ၊ ဘယ်သူမဆို ဟူကျန်းစုကို ပဲ ဂရုစိုက်မှာပဲ၊ ဒီအချိန်မှာ ခွေးကောင်လေးက ကျုပ်ကိုဝင်တိုက်တာ ပဲ၊ သွားပါပြီကွာ၊ ကျုပ်တို့ရဲ့အိပ်မက်တွေ အလကားဖြစ်ကုန်ပြီပေါ့"

သူသည် ပြောရင်း တင်းမိန်အား အခဲမကျေနိုင်အောင် ဖြစ်နေမိသည်။

"တောက်... ဒီကောင် မိုးကြိုးသွားလက်နက်ကို အမိအရ



ဖျက်ဆီးသွားတယ်"

တင်းမိန်ကိုသာ ပြန်မိပါက ချက်ချင်း မသတ်ဘဲ တတိတိ ညှင်းဆဲ၍ သတ်မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိ၏။

သိုင်းရာဇာကျူးစန်းက....

"မိုးကြိုးသွားလက်နက်မရှိမှတော့ ကျုပ်တို့ ဘာမှမလုပ်နိုင်တော့ဘူး၊ ကျုပ်တို့ အခု ဘာဆက်လုပ်ကြမလဲ"

ရှောင်ဝမ်းဝမ်းကလည်း ညည်းညူလိုက်သည်။

"ဟုတ်တယ်... ကျွန်မတို့ သိုင်းလောကကိုစိုးမိုးလို့ မရ တော့ဘူး"

သိုင်းရာဇာကျူးစန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သိုင်းလောကကိုစိုးမိုးနိုင်ဖို့ မိုးကြိုးသွား လက်နက်ရှိမှ ဖြစ်မယ်၊ အခု ကျုပ်တို့မှာ မိုးကြိုးသွားလက်နက်မှ မရှိတော့တာ၊ ဘယ်လိုလုပ် သိုင်းလောကကို စိုးမိုးနိုင်တော့မလဲ"

ရှောင်ဝမ်းဝမ်းသည် အတန်ကြာမျှ စဉ်းစားနေသည်။ သူမ ၏မျက်လုံးသည် သေဆုံးနေသော ဟူကျန်းစုအပေါ်သို့ ကျရောက် သွားလေသည်။ သူမ၏မျက်လုံးသည် တောက်ပသွား၏။ သူမ၏ မျက်နှာသည် ထူးထူးခြားခြား ကြည်လင်ရွှင်ပျသွားသည်။

သိုင်းရာဇာကျူးစန်းက လိပ်ပြာမယ်ရှောင်ဝမ်းဝမ်း၏ မျက် နှာကိုကြည့်ပြီး....

"မင်း အကြံရသွားပြီ ထင်တယ်"

ရှောင်ဝမ်းဝမ်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ပြောစမ်းပါဦး"

လိပ်ပြာမယ်ရှောင်ဝမ်းဝမ်းက....

"ရှင်ဟာ သိုင်းလောကရဲ့သူရဲကောင်း ဖြစ်ရမယ်"

သူမသည် ထိုစကားကိုတစ်လုံးချင်း ပြောလိုက်လေ၏။

သိုင်းရာဇာကျုံးစန်းမှာ ရှောင်ဝမ်းဝမ်း၏စကားကို နားမလည်ပေ။ ထို့ကြောင့် မျက်မှောင်ကုပ်သွား၏။

"ကျုပ်က သိုင်းလောကရဲ့သူရဲကောင်းဖြစ်ရမယ် ဟုတ်လား"

ရှောင်ဝမ်းဝမ်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သိုင်းရာဇာကျုံးစန်းက....

"ကျုပ် နားမလည်ဘူး"

ရှောင်ဝမ်းဝမ်းက....

"ကျွန်မတို့ရဲ့ မိုးကြိုးသွားလက်နက် ပျက်စီးသွားတဲ့အတွက် ထင်းရှူးဂိုဏ်းဟာလဲ မလိုအပ်တော့ပါဘူး"

သိုင်းရာဇာကျုံးစန်းသည် တည့်တည့်ပြောမှ ရိပ်မိတော့၏။

"ကျုပ်သိပြီ... ထင်းရှူးဂိုဏ်းကို ဖျက်သိမ်းလိုက်ပြီး ကျုပ်က နာမည်ယူရမယ်ဆိုပါတော့"

ရှောင်ဝမ်းဝမ်းက ရယ်မောလိုက်၏။

"ဟုတ်တယ်... ဟူကျန်းစုဟာ ခေါင်းဆောင်ပဲလို့ပြောလို့ရနေပြီပဲ၊ ထင်းရှူးဂိုဏ်းမှာ တကယ်ခေါင်းဆောင်ရှိနေပြီ"

သိုင်းရာဇာကျုံးစန်းက သဘောကျစွာ ရယ်မောလိုက်လေ



၏။

"ကောင်းတယ်... သိပ်ကောင်းတဲ့အကြံပဲ"

သူသည် ရယ်မောရင်းမှ တစ်စုံတစ်ခုကို တွေးမိသွားလေ၏။

"ဒါဆို ခုံးမင်နဲ့လောင်စိမ်းတို့ကိုကော ဘယ်လိုလုပ်မလဲ၊ သူတို့က ထင်းရှူးဂိုဏ်းမှာ လူရင်းတွေလို ဖြစ်နေတယ်"

ရှောင်ဝမ်းဝမ်းက ရယ်မောလိုက်၏။

"ထင်းရှူးဂိုဏ်း ပျက်စီးပြီးတဲ့နောက် သူတို့လဲ သေရတော့မှာပေါ့ရှင့်၊ ရှင် သူတို့နှစ်ယောက်ကို သတ်နိုင်ပါတယ်၊ သူတို့နှစ်ယောက်ကိုသတ်ဖို့ကိစ္စဟာ ဟူကျန်းစုကို သတ်ရတာလောက် မခက်ပါဘူး၊ ရှင့်ကိုလဲ သူတို့က ယုံကြည်နေကြတာပဲဥစ္စာ"

သိုင်းရာဇာကျုံးစန်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

ရှောင်ဝမ်းဝမ်းက....

"ရှင် ထင်းရှူးဂိုဏ်းကိုဖြိုခွဲတဲ့နေရာမှာ တိုက်ပွဲ ဘယ်လောက်ပြင်းထန်တယ်၊ ဘယ်လိုအနစ်နာခံပြီး တိုက်ခိုက်နေရတယ်ဆိုတာ ကျွန်မ သိုင်းလောကမှာ သတင်းလွှင့်လိုက်မယ်"

"အင်း... သိုင်းလောကတစ်ခုလုံး ကျုပ်လက်အောက်ကို ရောက်အောင် ကြံတာပဲ၊ မရောက်တော့လဲ အားလုံးက ကြည်ညိုလေးစားလာကြတယ်ဆိုရင် တော်သေးတာပေါ့"

"လူဆိုတာ ရတဲ့အခွင့်အရေးကို ယူတတ်ရတာပဲရှင်၊ မဟုတ်ဘူးလား၊ ခစ်... ခစ်... ခစ်"

လိပ်ပြာမယ်ရှောင်ဝမ်းဝမ်းသည် ပြောရင်း တခစ်ခစ် ရယ်နေလိုက်တော့သည်။ သူတို့သည် တင်းမိန်ကို မေ့ထားကြလေသည်။



## အခန်း(၁၃)
## သစ္စာဖောက်ဟူသည်

ဝမ်းစုကို့သည် တင်းမိန်အား ပွေ့ချီကာ ပြေးလာခဲ့သည်။ သူသည် သည်လိုဏ်ဂူကိုကျွမ်းကျင်သူဖြစ်၍ လိုဏ်ဂူ၏အနိမ့်ပိုင်းသို့ ပြေးဆင်းလာခဲ့တော့၏။ နောက်ဆုံး ရေသံများကိုကြားရသည်အထိ ဖြစ်တော့သည်။

ဝမ်းစုကို့မှာ တင်းမိန်ကိုပွေ့ချီလာခဲ့ရသဖြင့် အတော်ပင်မောပန်းနေသည်။ သို့သော် သူမ မနားရဲပါ။ ရှေ့သို့ဆက်လက် ပြေးနေရပါသည်။ မကြာမီ ရေသံ ထွက်ပေါ်နေသည့်လိုဏ်ဂူသို့ ရောက်လာတော့သည်။

ရေမှာ ရေရှင်ဖြစ်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် ရေဝင်ရေထွက် နေရာရှိရပေမည်။ လှိုင်းလုံးများ ရိုက်ခတ်နေခြင်းက ဒီရေတက်နေပြီဖြစ်ကြောင်း သိနိုင်ခဲ့သည်။

ဤလိုဏ်ဂူတွင်းမှ ရေသည် ပြင်ပမြစ်အထိ ဆက်နေသည်။ ထင်းရှုဂိုဏ်းမှ အရေးပေါ်ထွက်ပေါက်အဖြစ် အသုံးပြုသည့်လျှို့ဝှက်ထွက်ပေါက် ဖြစ်သည်။

ဤလိုဏ်ဂူအတွင်းရှိရေသည် အတက်မြန်သလို အကျသည်

မြန်ကြောင်း သူမ သတိထားမိသည်။ ဝမ်းစုကို့သည် ကျောက်ဆွန်းတစ်ခုတွင် ချည်နှောင်ထားသောလှေတစ်စင်းကိုတွေ့လိုက်သဖြင့် ဝမ်းသာသွားသည်။

သူမသည် တင်းမိန်ကို လှေပေါ်တင်ပေးလိုက်သည်။ သူမလည်း လှေပေါ်တက်လိုက်သည်။ ထိုအခါ သူမသည် တစ်စုံတစ်ယောက်ကို သွားသတိရလေ၏။

ချင်းချင်း....။

သူမသည် ချင်းချင်း မျက်နှာကိုမြင်ယောင်မိသည်။ သူမအား ထားရစ်ခဲ့မည်ဟု ဆုံးဖြတ်လိုက်၏။ သို့မှသာ တင်းမိန်အား သူမ ပိုင်မည်မဟုတ်ပါလား။ စိတ်ရိုင်းစိတ်မိုက်များက တိုက်တွန်းလို့ဆော်သဖြင့် သူမသည် ချင်းချင်း ကိုထားပစ်ခဲ့ရန် ပိုင်းဖြတ်လိုက်သည်။

သို့သော် ချင်းချင်း၏ချစ်စဖွယ် မျက်နှာကလေးကိုသာ တဝဲဝဲ မြင်နေသည်။ သူမနှင့်တူလှသော ချင်းချင်းကို ဒုက္ခန္ဓဲတွင်းပစ်မထားရက်တော့ပါပေ။ သူမကြောင့် ချင်းချင်းမှာ ဒုက္ခရောက်ရသည် မဟုတ်ပါလော။

သူထားခဲ့လျှင် ချင်းချင်းသည် မည်သည့်နည်းနှင့်မျှ အသက်မရှင်နိုင်ပေ။ ချင်းချင်း အသတ်ခံရမည်သာ ဖြစ်ပါ၏။ ဝမ်းစုကို့ ချင်းချင်းအား သနားသွား၏။

ဝမ်းစုကို့သည် ရိုးသားပွင့်လင်းလှသူဖြစ်၏။ ရက်စက်ကြမ်းကြုတ်သော စိတ်ထားမရှိပါပေ။ သူမ၏နုနယ်သောနှလုံးသားမှာ အချစ်ကြောင့်သာ စိတ်ရိုင်း စိတ်မိုက်များ ဝင်နေခြင်းဖြစ်ပါသည်။



နောက်ဆုံး သူမသည် လှေပေါ်မှပြန်ဆင်းလိုက်၏။ ချင်းချင်းကိုကယ်တော့မည်ဟု ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်ပါသည်။

သူမသည် တင်းမိန်ကိုလှေပေါ်တွင် ထားခဲ့ပြီး ပြန်လည်ထွက်ခွာသွားတော့၏။

ထိုတစ်ခဏအတွင်းမှာပင် ဒီရေမှာလည်း တက်လာတော့သည်။ လှိုင်းရိုက်ခတ်သံများသည် ပိုကျယ်လောင်လာ၏။ လှေငယ်ကလေးမှာ လှိုင်းဒဏ်ကြောင့် လူးနေတော့သည်။

တင်းမိန်မှာ သတိလစ်နေသဖြင့် ဘာမျှမသိပါချေ။ လှေကလေးမှာ လူးလွန့်နေသဖြင့် ကျောက်ဆောင်နှင့်ကြိုးပွတ်တိုက်သလိုဖြစ်နေ၏။ တဖြည်းဖြည်း ပွန်းလာသည်။ နောက်ဆုံး ကြိုးပြတ်သွားလေတော့၏။ လှေငယ်သည် ချာလပတ်လည်ကာ ရေထဲမျောပါသွားတော့၏။ ရေစီးသည် လှေငယ်ကလေးကိုသယ်ဆောင်သွားလေ၏။

ဝမ်းစုကို့နောက် လိုက်လာသော ခုံးမင်မှာ ဤလိုဇာတ်ရှုများကို ကျွမ်းကျင်ခြင်းမရှိပါ။ သူ့ကြောင့် ဝမ်းစုကို့အား မျက်ခြည်ပြတ်သွားခဲ့သည်။ ခုံးမင်မှာ ယောင်ဝါးဝါးဖြင့်သာ မှန်းဆလိုက်လာခဲ့ရသည်။

ခုံးမင်မှာ ဒေါသအိုးပေါက်ကွဲနေသည်။ မိုးကြိုးသွားလက်နက်တစ်ခုပြုလုပ်ရသည်မှာ မလွယ်ပေ။ ယခု ပြုလုပ်နိုင်သည်မှာ ပစ္စည်းများ အဆင်သင့်ရှိ၍ဖြစ်သည်။ မိုးကြိုးသွားလက်နက်တစ်ခုဖြစ်စေရန် များစွာ အချိန်ယူရသည်။ ယခု မိုးကြိုးသွားလက်နက်သည် တင်းမိန်ကြောင့် ပျက်စီးသွားရချေပြီ။

သူသည် တင်းမိန်အား အစိမ်းလိုက် ဝါးစားချင်သည်။ ထို့

ဖြင့် တင်းမိန်အား ကယ်သွားသော ဝမ်းစုကို့အားလည်း သတ်ချင်
စိတ်များ ဖြစ်ပေါ်နေပေသည်။ နီးမင်သည် ယောင်ဝါးဝါးနှင့်ပင် ဓါး
သကိုရင်မှာပိုက်လျက် ရှေ့သို့တိုးလာလေ၏။

ချင်းချင်းမှာ အိပ်ပျော်နေ၏။ သူမသည် ငိုယိုရင်း မောပြီး
အိပ်သွားခြင်းဖြစ်သည်။ ဝမ်းစုကို့လည်း ချင်းချင်း၏အကျဉ်းခန်း
သော့ကိုဖွင့်လိုက်၏။ အကျဉ်းခန်းသော့များကို ဝမ်းစုကို့က ကိုင်ရ
သည်။ ဝမ်းစုကို့သည် လောင်စိမ်း၏တူမဖြစ်ပြီး ဌာနချုပ်၌ လော
စိမ်း၏လက်ရုံးဆိုလျှင်လည်း မမှားချေ။

ဝမ်းစုကို့သည် ချင်းချင်း၏ကိုယ်ကို လှုပ်ယမ်းလိုက်၏
ချင်းချင်းမှာ လန့်နိုးသွားပြီး လူးလဲထထိုင်လိုက်သည်။ သူမသည်
သူမကို လှုပ်နိုးသော လူကိုကြည့်လိုက်၏။

"ဝမ်းစုကို့"

ဝမ်းစုကို့က တီးတိုးပြောလိုက်၏။

"အသံမထွက်နဲ့ မင်းကို လာကယ်တာ"

ချင်းချင်းမှာ အလွန်ဝမ်းသာသွား၏။

"ရှင် တကယ်ပြောတာလားဟင်"

ဝမ်းစုကို့ ဘာမျှမပြောတော့ပါ။ ချင်းချင်း၏လက်ကိုဆွဲကာ
အချုပ်ခန်းတွင်းမှ ထွက်ခွာလာပါတော့သည်။ ချင်းချင်းမှာ စိတ်လှုပ်
ရှားနေ၏။ သူမ လွတ်မြောက်မည်မဟုတ်ဟု ထင်မှတ်နေရာ ဝမ်းစု

"သစ္စာဖောက်မ"

သူသည် ဝမ်းစုကို့အား လက်ဝါးနှင့်ရိုက်လိုက်သည်။

"ဝုန်း...."

ကြီးမားသော လေတိုးသံ ပေါ်လာ၏။ ဝမ်းစုကို့ ရှောင်လိုက်သည်။ သူမသည် ရှောင်ပြီးနောက် လက်ဝါးနှင့် တစ်ချက်ရိုက်ထည့်လိုက်သည်။

"ဝုန်း...."

ဝမ်းစုကို့၏လက်ဝါးရိုက်မှုကြောင့်ခုံးမင် ခန္ဓာကိုယ်မှာ နောက်သို့ လေးငါးလှမ်းမျှ ဆုတ်သွားရ၏။ ခုံးမင် လန့်သွားသည်။ ဒေါသလည်း ထွက်သွားသည်။ မီးထွက်မတတ် မျက်လုံးများဖြင့် ဝမ်းစုကို့အား စိုက်ကြည့်လိုက်၏။

"သစ္စာဖောက်မကလေး ငါ့ကို တိုက်တယ်ပေါ့"

"ဟုတ်တယ်"

"တိုက်ရင် သေပေတော့"

ခုံးမင်မှာ ဒေါသကိုမထိန်းတော့ပါ။ တရကြမ်း တိုက်ခိုက်ပါတော့သည်။

"ဝုန်း...."

လက်ဝါးချင်း ရိုက်မိသွား၏။ ဝမ်းစုကို့မှာ လက်တစ်ခုလုံး ထုံကျဉ်သွားသည်။ ရင်ထဲမှလည်း အောင့်တက်လာ၏။

"ဝေါ့...."

ဝမ်းစုကို့ ထွေးထုတ်လိုက်ရာ သွေးများ ပွက်ခနဲ အန်ကျလာလေတော့သည်။



ခုံးမင်က....

"ကောင်းတယ်... နင့်ကို အရင်သတ်ရမယ်"

သူ့အသံသည် အေးစက်မာကြောနေ၏။ ဝမ်းစုကို့သည် အံကိုတင်းတင်းကြိတ်ပြီး တွေးလိုက်၏။ သူမသည် ခုံးမင်နှင့် လက်ဝါးချင်း ယှဉ်မရိုက်သင့်ကြောင်း နားလည်လိုက်သည်။ ခုံးမင်သည် ဝါရင့်သိုင်းသမားဖြစ်သည်မဟုတ်ပါလား။

ထို့ကြောင့် နောက်ပိုင်းတွင် ဝမ်းစုကို့သည် ခုံးမင်ကိုရှောင်၍ တိုက်ခိုက်သည်။ ခုံးမင် အရှိန်ယူခိုက်တွင် ထွက်တိုက်ခိုက်သည်။ ခုံးမင်၏ လစ်ကွက်ဟာကွက်ကို တိုက်ခိုက်သည်။

ခုံးမင်ကမူ ဝမ်းစုကို့အား ညှာတာခြင်းမရှိပါ။ သူသည် ဝမ်းစုကို့အား အမြန်တိုက်ပြီး ပြေးသွားသည့် ချင်းချင်းနောက်သို့ ပြေးလိုက်ချင်နေပါသည်။ ထို့ကြောင့် ဝမ်းစုကို့အား အပြတ်တိုက်ခိုက်နေပါသည်။

ဝမ်းစုကို့မှာ သိုင်းပညာအရာတွင် ခုံးမင်အား မီသူမဟုတ်၍ ဆယ့်ငါးကွက်အရောက်တွင် ခုံးမင်၏လက်ချက်ဖြင့် လွင့်စဉ်ထွက်သွားပါသည်။ သို့သော် သူမသည် အံကြိတ်ကာ လူးလဲထပြီး ခုံးမင်အား ရင်ဆိုင်နိုင်ရန် ကြိုးစားပြန်တော့သည်။

သို့သော် သူမမှာ ဒယီးဒယိုင်ဖြစ်နေပါသည်။ သူသည် ခုံးမင်အား ကြိုးစား၍ ဟန့်တားရပါမည်။ သို့မှသာ တင်းမိန်နှင့် ချင်းချင်းတို့ လွတ်မြောက်သွားပါလိမ့်မည်။ သူမသည် ဤသို့တွေးမိသောအခါ မျက်ရည်များ ကျလာလေ၏။

သူမသည် ယိမ်းယိုင်နေသောခန္ဓာကိုယ်အား ပြန်ထိန်းလိုက်

"ဩော်... မင်းက ငါ့ကိုတိုက်သလား၊ တိုက်ရင် သ
ဖောက်ပဲကွ၊ သစ္စာဖောက်တစ်ယောက်ကို ကာကွယ်တဲ့လူဟာ
ဒဏ်ပဲ၊ ဒါဟာ ထင်းရှုဂိုဏ်းရဲ့စည်းကမ်းဆိုတာ မင်းမသိဘူးလ

လောင်စိမ်းက....

"ငါက မင်းပြောဟိုင်း ဂရုစိုက်ရမှာလားကွ၊ ဒီဂိုဏ်းမှာ
ဟာ ဂိုဏ်းချုပ်ကြီးပြီးရင် ဒုတိယလူပဲ"

သူသည် ပြောဆိုပြီးသည်နှင့် ခုံးမင်အား တရကြမ်း
ရောက်တိုက်ခိုက်တော့သည်။ ခုံးမင်ကလည်း အပြင်းအထန်
လည်ခုခံလေတော့သည်။



အခန်း(၁၄)

ကွဲဘ်ပြောက်ရာလမ်း

ချင်းချင်းသည် ရေကန်ဆီသို့ရောက်လာလေ၏။ သူမ ရောက်ရှိလာချိန်တွင် ရေကျသွားပေပြီ။ ရေကန်ဆီတွင် လှေတစ်စင်းမျှ မရှိတော့ပါ။ ရေကန်မှ ရေသည် ရေပေါက်တစ်ခုမှ စီးဆင်းသွားသည်ကို တွေ့ရှိရသည်။ ချင်းချင်းက ရေထွက်သည့်လိုဏ်ဂူဆီသို့လှမ်းကြည့်လိုက်ရာ မည်းမှောင်နေသည်ကို တွေ့ရ၏။

ချင်းချင်းသည် လမ်းတစ်လျှောက်ရှာဖွေကြည့်၏။ လှေကိုရှာခြင်း ဖြစ်သည်။ ထိုအခါ ကျောက်စွန်းတစ်ခုတွင် ပြတ်နေသောကြိုးတစ်ချောင်းကို တွေ့လိုက်ရတော့သည်။ ကြိုးစကို ကိုင်ကြည့်၏။ မွန်းပြတ်သွားကြောင်း တွေ့ရှိရသည်။

ချင်းချင်း မျက်မှောင်ကုပ်၍ စဉ်းစားတော့သည်။ ဝမ်းစုကို့သည် လှေရှိကြောင်း အမှန်အတိုင်း ပြောလိုက်ခြင်းသာဖြစ်ပေမည်။ ယခု ကြိုးသည် လှေကိုချည်ထားသောကြိုးသာ ဖြစ်လိမ့်မည်ဟု သူမ တွေးသည်။

ယခု ကြိုးပြတ်နေသဖြင့် လှေမျောသွားမည်ဖြစ်ကြောင်း သူမ တွေးလိုက်မိသည်။ လှေမတွေ့ရသဖြင့် တင်းမိန်ကိုလည်း မ

သည် မဟုတ်ပါလော။

ချင်းချင်းက ဝမ်းစုကို့ ရောက်ရှိလာသောအခါ ဖေးမထိ သိမ်းပေးလိုက်သည်။

ဝမ်းစုကို့က....

"မင်း ဘာလို့ထွက်မပြေးသေးတာလဲ"

ချင်းချင်းက....

"လှေမရှိတော့ဘူး၊ ဘယ်လိုလုပ်ပြေးမလဲ"

"ဟင်... လှေမရှိတော့ဘူး... ဟုတ်လား၊ လှေက ဘယ် ပျောက်သွားတာလဲ"

"ဟုတ်တယ်... လှေမရှိတော့ဘူး၊ ကြိုးတစ်ချောင်းကိုလဲ တွေ့တယ်၊ ပွန်းပြီး ပြတ်သွားတဲ့သဘောမျိုး တွေ့ရတယ်၊ ကြိုးပြတ် ပြီး လှေမျောသွားပြီနဲ့တူတယ်"

ဝမ်းစုကို့သည် မျက်နှာပျက်သွားလေ၏။ လှေမရှိလျှင် သူ မသည် ရှည်ရှည်ဝေးဝေး ပြေးနေရပေတော့မည်။

"အဲဒါမှ ဒုက္ခပဲ"

ချင်းချင်းက မေးလိုက်၏။

"ဘာဖြစ်လို့လဲဟင်"

"တင်းမိန်က သတိလစ်နေတာ၊ တော်ကြာ လှေမှောက် သွားရင် အခက်ပဲ"

ဝမ်းစုကို့တို့သည် အခြေအနေကို အစမှအဆုံး ပြန်ရှင်းပြ လိုက်၏။ ချင်းချင်း၏မျက်နှာသည် ဖြူရော်သွား၏။

ဝမ်းစုကို့က....



"ကျွန်မ စေတနာနဲ့ ဆောင်ရွက်တာပါရှင်၊ လှေကြိုးပြတ် သွားတာကိုတော့ ကျွန်မ မသိပါဘူး၊ ခွင့်လွှတ်ပါရှင်"

ချင်းချင်းအား ဝမ်းစုကို့က လက်ကိုဆုပ်ကိုင်ပြီးတောင်းပန် လိုက်၏။ ချင်းချင်းကလည်း ဝမ်းစုကို့၏ခံစားချက်ကို သိရှိနားလည်ပါ သည်။

"စေတနာနဲ့လုပ်တာပဲလေ၊ မဖြစ်လာတော့ ကံတရားအ တိုင်းပဲပေါ့၊ အခု ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

ဝမ်းစုကို့က....

"ထွက်ပေါက်က လှေတော့မရှိတော့ဘူး၊ အဲဒီထွက်ပေါက် လှေနဲ့ထွက်မှ အဆင်ပြေတာ၊ လှေမရှိတော့ အသုံးပြုလို့မရတော့ ဘူး၊ ကျွန်မတို့ရှေ့ကပဲ ပြန်ထွက်ကြတာပေါ့"

ချင်းချင်းက....

"ရှင်ပဲ ဦးဆောင်ပါရှင်၊ ဒါထက် ရှင် လမ်းလျှောက်လို့ဖြစ် ပါ့မလား၊ ကျွန်မ တွဲလျှောက်မယ်လေ"

"လမ်းလျှောက်ရုံကတော့ ရပါတယ်"

သူမသည် အံကြိတ်ကာ ထရပ်လိုက်၏။ ထိုအခါ သူမ၏ ရင်ပတ်သည် အောင့်လာခဲ့သည်။ ထို့ကြောင့် သူမ ယိမ်းယိုင်သွား ၏။ ချင်းချင်းက သူမကို ဖေးမလိုက်ရသည်။ ဝမ်းစုကို့မှာ လှုပ်ရှား လိုက်သည့်အတွက် ရင်ဝမှ ပျို့တက်လာပြီး သွေးများထိုးအန်သည်။

"ရှင် သွားလို့ရပါမလားရှင်"

"ရပါတယ်... လှုပ်ရှားစမို့ပါ"

ချင်းချင်းက ဝမ်းစုကို့အား တွဲထူပြီး ရှေ့သို့သွားရန် ဟန်ပြင်

ပုန်းကွယ်နားထောင်နေသော ဝမ်းစုကို့သည် ဒေါသထောင်းခနဲ ဖြစ်သွား၏။

"လူယုတ်မာ"

သူမ၏ရေရွတ်သံကို နားပါးလှသောသိုင်းရာဇာကျုံးစန်းနှင့် ရှောင်ဝမ်းဝမ်းတို့က ကြားသွားပေမည်။

သိုင်းရာဇာကျုံးစန်းက....

"ဟိုကောင်မလေးအသံပဲ"

သူသည် ပြောရင်း ဝမ်းစုကို့က ပုန်းအောင်းသည့်နေရာသို့ လှမ်းကြည့်လိုက်၏။ ရှောင်ဝမ်းဝမ်းက ဟန့်တားလိုက်၏။

သိုင်းရာဇာကျုံးစန်းက....

"ဘာဖြစ်လို့လဲ"

ရှောင်ဝမ်းဝမ်းက ပြောလိုက်၏။

"ရှင်က ဒီမှာရှင်းထားလိုက်၊ ကျွန်မက သူတို့ကို ရှင်းထားလိုက်မယ်၊ ဒါမှ အဆင့်တူချင်း ရှင်းသလိုဖြစ်သွားမှာ"

သူမသည် ပြောပြီးသည်နှင့် ဝမ်းစုကို့နှင့် ချင်းချင်းတို့ ပုန်းအောင်းနေသည့်နေရာသို့ ထွက်လာလေတော့၏။

ချင်းချင်းမှာ ထိတ်လန့်သွား၏။

"ကျွန်မတို့ ဘယ်လိုလုပ်မလဲ"

ဝမ်းစုကို့က....

"သွားကြမယ်"

ချင်းချင်းက ဝမ်းစုကို့အား ပေးမတွဲထူလိုက်သည်။ သူတို့သည် သူတို့အနီးသို့ ရှောင်ဝမ်းဝမ်း ရောက်မလာမီ အပြေးလွှောက်



လာခဲ့ကြတော့သည်။ ချင်းချင်းမှာ ဝမ်းစုကို့အား ပေးမလာရသဖြင့် ခရီးမတွင်လှပါ။ နောက်ဆုံး ရေကန်သို့ရောက်သောအခါ လမ်းဆုံးသွားလေ၏။ ဝမ်းစုကို့က မတ်စောက်သော နံရံတစ်ဘက်တွင် ချွန်းထွက်နေသော ချောက်ကမ်းပါးစွန်းတစ်ခုသို့ ညွှန်ပြလိုက်သည်။

ထိုချောက်ကမ်းပါးစွန်းမှာ ပေသုံးဆယ်ခန့် မြင့်သဖြင့် အတော်မြင့်သည်ဟု ဆိုရပေမည်။

ဝမ်းစုကို့က....

"အဲ့ဒီ ကျောက်စွန်းပေါ်မှာတော့ လှို့ဂုက်ထွက်ပေါက်တစ်ခုရှိတယ်၊ ဘယ်သူမှ မသိကြဘူး"

ချင်းချင်းက ကျောက်စွန်းကိုမော့ကြည့်လိုက်၏။ မြင့်မားလွန်းသဖြင့် ခုန်တက်ရန် မဖြစ်နိုင်ပါချေ။ သူမသည် ပေသုံးဆယ်ခန့် အမြင့်သို့ မခုန်နိုင်ပါချေ။

"အမြင့်ကြီးပဲ... ကျွန်မ ဘယ်လိုတက်ရမှာလဲ"

ဝမ်းစုကို့က....

"အရင်ကတော့ ကျွန်မက စားမြှောင်နှစ်လက်ကို အသုံးပြုပြီး တက်ခဲ့ပါတယ်"

ချင်းချင်းက သဘောပေါက်သွား၏။

"ကျွန်မ နားလည်ပြီ၊ ရှင်ကော တက်နိုင်ပါ့မလား"

"ရှင်သာ အရင်တက်ပါ"

ချင်းချင်းက....

"ကြိုးတစ်ချောင်းသာရှိရင် ကျွန်မ ရှင့်ကိုပါ အပါခေါ်သွားနိုင်မယ်"

ရှောင်ဝမ်းဝမ်းသည် ယခင်က သိုင်းပညာအဆင့်မမြင့်ပါ။ သိုင်းရာဇာကျိုးစန်းက သူမအား သိုင်းပညာအချို့ သင်ပေးခဲ့ပေသည်။ ထို့ကြောင့် ရှောင်ဝမ်းဝမ်း တိုးတက်ခဲ့ခြင်းဖြစ်သည်။ သူမ တိုက်ခိုက်သောအခါ ချင်းချင်းသည် အလျင်အမြန် ရှောင်တိမ်းရပေတော့သည်။

ချင်းချင်းမှာ တောင်ပင်လယ်ကျွန်းသခင်ကြီး၏သမီးဖြစ်သည်နှင့် လျော်ညီစွာ သိုင်းပညာအဆင့်မြင့်ပါသည်။ သို့သော် လက်တွေ့တိုက်ခိုက်မှုနည်းပါးသဖြင့် အတွေ့အကြုံနည်းနေသည်။

ရှောင်ဝမ်းဝမ်းမှာမူ သိုင်းလောကဌ်ကျင်လည်နေခဲ့သည်မှာ ချင်းချင်း၏အသက်မွေးမကာ ရှိခဲ့လေပြီ။ တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသည်။ တိုက်ရေးခိုက်ရေး ပရိယာယ်များကိုလည်း နားလည်ကျွမ်းကျင်သည်။ ထို့ကြောင့် သိုင်းကွက်သုံးဆယ်အရောက်တွင် ရှောင်ဝမ်းဝမ်းက အသာစီး ရလာလေတော့၏။

ချင်းချင်းမှာ အံကြိတ်ပြီး ခုခံနေရတော့သည်။ တကယ့်တိုက်ပွဲတွင် အတွေ့အကြုံက စကားပြောပေသည်။ ချင်းချင်းသည် ရှောင်ဝမ်းဝမ်း၏အနီးသို့ မကပ်နိုင်ဘဲ ဖြစ်နေသည်။

ဤအတိုင်း မျှော၍နေလိုက်လျှင် မိမိသာ ရှုံးနိမ့်သူဖြစ်နိုင်ကြောင်း ချင်းချင်း သိသည်။ ထို့ကြောင့် စွန့်စား၍တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေ၏။

ရှောင်ဝမ်းဝမ်း၏ခါးစည်းကြိုးသည် ချင်းချင်း၏လည်ပင်းသို့ရစ်ပတ်ရန် အကြိမ်ကြိမ် ရောက်ရှိလာ၏။ တစ်ကြိမ်တွင် ချင်းချင်းက ခေါင်းငုံ့ရှောင်တိမ်းပြီး ညာဘက်လက်ကောက်ဝတ်ဖြင့် ခံပေး

လိုက်၏။ ခါးစည်းကြိုးသည် ချင်းချင်း၏လက်ကောက်ဝတ်တွင် …
ပတ်သွားသည်။ ချင်းချင်းက ခါးစည်းကြိုးကိုဆောင့်ဆွဲလိုက်၏။ …
သို့ဆောင့်ဆွဲလိုက်လျှင် ရှောင်ဝမ်းဝမ်း ပါလာမည်ဟု သူထင်သည်။

သို့ရာတွင် ရှောင်ဝမ်းဝမ်းက ကြိုးကိုလွှတ်ပေးလိုက်သော
အခါ ချင်းချင်းသည် နောက်သို့အားလွန်ပြီး လဲကျသွားလေ၏။ ထို…
ခါ ရှောင်ဝမ်းဝမ်းက ခုန်ဝင်လာပြီး သူမအား လက်ဝါးဖြင့် ရိုက်ချလိုက်
လေတော့သည်။

ချင်းချင်းမှာ အကြီးအကျယ် ထိတ်လန့်သွား၏။ သူမသည်
အားလွန်လဲနေသဖြင့် ရှောင်ဝမ်းဝမ်း၏ရိုက်ချက်ကို မရှောင်နိုင်တော့
ချေ။

"ဝန်း...."

ချင်းချင်းမှာ လွင့်စဉ်သွား၏။ သူမ လူးလဲထသည်။ …
သော် ကိုယ်ကိုမထိန်းနိုင်ဘဲ ပြန်လဲကျသွားသည်။ ရင်ထဲမှ ပျို့တက်
လာကာ ဝေါခနဲ သွေးများကို ထိုးအန်ချလိုက်လေတော့၏။

"ဟား... ဟား... ဟား"

ရှောင်ဝမ်းဝမ်းက သဘောကျစွာ ရယ်မောလိုက်၏။ ချင်း
ချင်းက အံကိုတင်းတင်းကြိတ်ပြီး လူးလဲထလာသည်။ ထို့နောက် သူမ
က ရှောင်ဝမ်းဝမ်းအား တိုက်ခိုက်လိုက်ပြန်သည်။

"ဟား... ဟား... ဟား"

ရှောင်ဝမ်းဝမ်းက ရယ်မောလိုက်ပြီး အသာရှောင်တိမ်း
လိုက်သည်။ ထို့နောက် လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့၏။

"ဖုန်း...."



ချင်းချင်းမှာ လွင့်စဉ်သွားရပြန်သည်။

ရှောင်ဝမ်းဝမ်းက....

"ဟား... ဟား... ဟား... မင်းတို့က တကယ်အစွမ်းထက်တဲ့
လူစွမ်းကောင်းမကြီးတွေကိုး၊ လူစွမ်းကောင်းမကြီးတွေကို ငါ့တပည့်
တွေနဲ့ ပျော်ပါးဖို့ချုပ်ထားရမယ်၊ ပြီးမှ သတ်တယ်"

သူမက အေးစက်စက် ရယ်မောပြီး ပြောလိုက်လေ၏။ ထို
စကားကိုကြားလိုက်ရသောအခါ ချင်းချင်းနှင့်ဝမ်းစုကို့တို့ နှစ်ယောက်
စလုံး ထိတ်လန့်သွားကြလေ၏။ မျက်နှာများမှာလည်း ပိုမို ဖြူရော်
သွားကြသည်။

ချင်းချင်းက....

"ရှင် မယုတ်မာနဲ့"

ဝမ်းစုကို့က အော်လိုက်သည်။

"ရှင် သတ်ချင်သတ်လိုက်၊ ဒီတော့ မယုတ်မာနဲ့၊ ရှင်လဲ
မိန်းမသားပဲ"

ရှောင်ဝမ်းဝမ်းကဘာ သဘောကျစွာ ရယ်မောလိုက်လေ၏။
ဤမိန်းကလေးနှစ်ဦး၏အညာကို ကိုင်မိလေပြီဟု သိနားလည်လိုက်
၏။

"တစ်ခုတော့ရှိတာပေါ့လေ၊ မင်းတို့ ကျုပ်မေးတာကို မှန်
မှန်ဖြေရင်တော့ အေးအေးဆေးဆေး သေရမယ်၊ ဒီလိုမဟုတ်ရင်တော့
စောစောက ပြောသလိုဖြစ်ပြီးမှ သေရမယ်၊ အဲဒါ မင်းတို့ ဘယ်လို
သေချင်ကြသလဲ၊ ပြောကြ"

ချင်းချင်းက မီးထွက်မတတ်မျက်လုံးများဖြင့် ရှောင်ဝမ်းဝမ်း

အား ကြည့်နေ၏။

ရောင်ဝမ်းဝမ်းက....

"တင်းမိန် ဘယ်မှာလဲ၊ သူ့ကို ညည်းတို့ ဘယ်မှာဝှက်ထားလိုက်သလဲ"

ချင်းချင်းက ပါးစပ်ကိုတင်းကျပ်နေအောင် စေ့ထားလေ၏။

ရောင်ဝမ်းဝမ်းက သူ့လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ သူ့လက်ထဲသို့ ဓားပါးလေးတစ်ချောင်း ရောက်ရှိလာလေတော့၏။

ရောင်ဝမ်းဝမ်းက....

"ငါမေးတဲ့ အဖြေကို ဖြေရင်ဖြေ၊ မဖြေရင် မင်းတို့မျက်နှာတွေကို မွှန်းပစ်မယ်၊ ငါ့မှာ ဘယ်လိုရက်စက်တဲ့စိတ်ထားမျိုးရှိတယ်ဆိုတာ မင်း သိတယ်မဟုတ်လား"

သူမသည် ဓားကိုဝှေ့ယမ်းရင်း ပြောလိုက်၏။ ချင်းချင်း၏မျက်နှာမှာ ပို၍ဖြူရော်သွား၏။ သို့သော် သူ မသည် ပါးစပ်ကိုတင်းကျပ်နေအောင် ပိတ်ထားသည်။ ရောင်ဝမ်းဝမ်း၏ဓားပါးလေးက ချင်းချင်း၏မျက်နှာအနီးတွင် ဝှေ့ယမ်းနေသည်။ ချင်းချင်း၏နဖူးတွင် ချွေးများ စို့လာ၏။ သူမရင်ထဲတွင် အလွန်ပင် ခံပြင်းနေသည်။

ရောင်ဝမ်းဝမ်းက....

"မင်း ပြောတော့မလား"

သူမက မေးလိုက်သည်။ ချင်းချင်းကမူ နှုတ်ခမ်းကိုသာ ကိုက်ထားသည်။ ချင်းချင်းက ခေါင်းခါပြလိုက်၏။ ထိုအခါ ရောင်ဝမ်းဝမ်းက မဲ့လိုက်ပြီး ဓားပါးလေးဖြင့် ချင်းချင်းမျက်နှာကို မွှန်းရန်ဟန်ပြင်လိုက်သည်။



"မလုပ်နဲ့"

ဝမ်းစုကို့က အော်ဟစ်တားမြစ်လိုက်၏။

ရောင်ဝမ်းဝမ်းက....

"မင်းက ပြောမလို့လား"

ဝမ်းစုကို့သည် အားယူထရပ်လိုက်၏။

"ဟုတ်တယ်... ပြောမလို့"

သူမသည် ပြောရင်း ချင်းချင်းဘက်သို့ တိုးကပ်လာလေသည်။

ချင်းချင်းက....

"ရှင် မပြောနဲ့ဘာဖြစ်လို့ ပြောရမှာလဲ"

ရောင်ဝမ်းဝမ်းက အော်လိုက်၏။

"မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

သူမသည် ပြောပြောဆိုဆို ချင်းချင်း၏ပါးကို ရိုက်ချလိုက်လေတော့၏။

"ဖြန်း....."

ချင်းချင်းမှာ ပထမကတည်းက လက်ဝါးဒဏ်ခံထားရသူဖြစ်ရာ လူမှာ ယဲ့ယဲ့ရှိတော့သည်။ ရောင်ဝမ်းဝမ်းက ပါးရိုက်ချလိုက်ရာ တစ်ပတ်လည်ထွက်သွား၏။ သူမ၏ဖြူဖွေးသောပါးပြင်တွင် လက်ငါးချောင်းရာ အထင်းသား ပေါ်သွားလေတော့၏။

ဝမ်းစုကို့က....

"ကျွန်မ ပြောမယ်၊ ဒါပေမယ့် ရှင် ကျွန်မတို့ကို ချမ်းသာပေးရမယ်"

ရောင်ဝမ်းဝမ်းက ပြုံးလိုက်၏။ သူမ၏အပြုံးမှာ ကောက်ကျစ်မှု အပြည့်ပါသည်။

"မင်းပြောမယ်ဆိုရင် ငါ မသတ်ပါဘူး"

"ကောင်းပြီ... ဒီလိုဆိုရင် ကျွန်မပြောမယ်"

ချင်းချင်းက....

"ရှင် ရူးနေသလား၊ သူက ရှင့်ကို ချမ်းသာပေးမယ်လို့ထင်နေသလား၊ သတ်မှာပဲရှင်... သတ်မှာပဲ"

ရောင်ဝမ်းဝမ်းသည် အနှောင့်အယှက်ပြုနေသော ချင်းချင်းအား အော်လိုက်ပြန်၏။

"ညည်း ပါးစပ်ကိုပိတ်ထားစမ်း၊ ငါ မျက်နှာကိုစားနဲ့လိုက်ရ... ဟင်း"

ဝမ်းစုကို့သည် တဖြည်းဖြည်း ဖျော့လျားလာ၏။

"တင်းမိန် ဒီနေရာက လွတ်သွားပါပြီ"

"ဘာ"

ရောင်ဝမ်းဝမ်းမှာ အံ့အားသင့်သွားသည်။ ထိုစဉ် ဝမ်းစုကို့က ချင်းချင်းထံသို့ ခုန်အုပ်လိုက်တော့၏။ ရောင်ဝမ်းဝမ်းမှာ ချင်းချင်းနှင့် ဝမ်းစုကို့က တိုက်ခိုက်ချင်း တိုက်ခိုက်လျှင် သူမကိုသာ တိုက်ခိုက်မည်ဟု ထင်ထား၏။ ချင်းချင်းထံသို့ ခုန်အုပ်လိမ့်မည်ဟု မထင်ခဲ့ပါ။ သူမ ကြောင်ကြည့်နေစဉ် ချင်းချင်းနှင့် ဝမ်းစုကို့တို့သည် လုံးထွေးရင်း ရေထဲပြုတ်ကျသွားလေ၏။ ဝမ်းစုကို့က ချင်းချင်းအား ပြောလိုက်သည်။

"ဒီဂူပေါက်ထဲက အမြန်ဆုံးထွက်နိုင်အောင် ကူး"



သူမကိုယ်တိုင်လည်း စတင် ကူးခတ်တော့သည်။ ချင်းချင်းလည်း ပထမတွင် ကြောင်နေရာမှ နောက်သတိရပြီး လိုက်လံကူးခတ်လေတော့၏။

ရောင်ဝမ်းဝမ်းမှာ ပထမတွင် မှင်တက်ငေးကြောင်နေသည်။ ထို့နောက်မှ သတိဝင်လာ၏။ သတိဝင်လာပြီး ရေစပ်သို့ဆင်းလိုက်သောအခါ ချင်းချင်းနှင့်ဝမ်းစုကို့တို့သည် ကူးခတ်အားရော ရေစီးအားနှင့်အတူ ရေလယ်သို့ရောက်ရှိသွားလေပြီ။

ထိုအခါ ရောင်ဝမ်းဝမ်းမှာ ကသိကအောင့် ဖြစ်ရတော့၏။ ရေကူး၍လည်း မလိုက်ဝံ့၊ သည်အတိုင်း ကြည့်နေပါကလည်း ချင်းချင်းနှင့် ဝမ်းစုကို့တို့ လွတ်သွားပေတော့မည်။

"ဟေ့... ပြန်လာခဲ့ကြ၊ ညည်းတို့ကို ငါမသတ်ဘူး၊ ပြန်လာခဲ့ကြ"

ရောင်ဝမ်းဝမ်းသည် ချင်းချင်းတို့အား ပြန်လာရန် တွင်တွင်ခေါ်နေ၏။ ရေစီးမှာ သန်လှသည်။ ဝမ်းစုကို့နှင့် ချင်းချင်းတို့မှာ ပထမ ပိုင်းတွင် ကူးခတ်နေသော်လည်း နောက်ပိုင်းတွင်မူ ရေစီးနှင့်အတူ နစ်ချည်ပေါ်ချည်ဖြင့် ပါသွားတော့၏။

"ဟေ့... ပြန်လာခဲ့ကြ၊ မင်းတို့ကို မသတ်ဘူး"

ရောင်ဝမ်းဝမ်းမှာ အသံကုန်အော်ရင်း ချင်းချင်းနှင့် ဝမ်းစုကို့တို့ပျောက်သွားသည်ကို မြင်လိုက်ရတော့သည်။

"ဟင်း....."

ရောင်ဝမ်းဝမ်း သက်ပြင်းချလိုက်၏။ သူမ ညီသည်။ ချင်းချင်းနှင့် ဝမ်းစုကို့တို့မှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားကြောင်းသိသည်။

ဝမ်းစုကို့သည် ဒဏ်ရာပြင်းထန်လွန်းသဖြင့် တိုက်ပွဲအတွင်းသို့ဝင်မပါနိုင်ခဲ့ပေ။ ချင်းချင်းသာ သူမနှင့် တိုက်သည်။ ချင်းချင်းသည်လည်း သူမ လက်ဝါးနှစ်ချက်ထိသွားပြီး သွေးအန်ခဲ့ရလေသည်။

ယခုကဲ့သို့ ရေစီးထဲမျောပါသွားပြီးသည့်နောက် မည်သည့်နည်းနှင့်မျှ ကူးခတ်နိုင်မည်မဟုတ်ပေ။ ပထမပိုင်းတွင်သာစိတ်ဆောင်ပြီး ကူးခတ်နိုင်ခြင်းဖြစ်သည်။ ယခု သူမတို့သည် ရေစီးကြောင်းထဲ မျောပါနစ်မြုပ်သွားကြမည်ဖြစ်၏။ ထိုရေသည် မည်မျှရှည်လျားစွာ ဂူထဲရှိနေသည်မသိနိုင်ပေ။

သို့သော် တင်းမိန်မှာမူ လွတ်သွားသည်ဟု ဝမ်းစုကို့က ပြောသည်။ လွတ်သည်ဆိုသော်လည်း မည်သို့လွတ်မည်နည်း။ သူတို့တောင် ရေစီးထဲ မျောပါသွားရသေးသည်။

ရှောင်ဝမ်းဝမ်းသည် မျက်မှောင်ကုပ်၍ စဉ်းစားနေသည်၊ တင်းမိန် မည်သို့လွတ်သည်ကို သူစဉ်းစား၍မရပေ။ ထို့နောက် လာလမ်းအတိုင်း ပြန်ထွက်သွားလေတော့၏။



## အခန်း(၁၅)
## အခြေအနေသစ်သို့

သိုင်းရာဇာကျုံးစန်းသည် တိုက်ပွဲကိုသေချာစွာ ရပ်ကြည့်နေလေ၏။ သူ အလကားရပ်ကြည့်နေသည် မဟုတ်ပေ။ လောင်စိမ်းနှင့်ခုံးမင်တို့၏ ထက်မြက်သောသိုင်းကွက်များကို မှတ်သားနေခြင်းဖြစ်သည်။

တိုက်ပွဲသည် ရေကန်ရေခန်းတိုက်သောတိုက်ပွဲဖြစ်၍ အတုယူဖွယ်၊ ရှောင်ဖွယ် စသည်တို့ကို အကုန်တွေ့ရ၏။ လစ်ကွက် ဟာကွက်များကိုလည်း တွေ့ရသည်။ တိုက်ပွဲမှာ အကြမ်းဆုံး အရမ်းဆုံး တိုက်ပွဲပင်။

သူတို့သည် သိုင်းကွက်တစ်ရာ့ငါးဆယ်ခန့် ရောက်နေကြပြီ။ ယှဉ်ပြိုင်မှုမှာလည်း အထွတ်အထိပ်သို့ရောက်လုနီးနေပြီဖြစ်သည်။ လောင်စိမ်း၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။ သူ၏သိုင်းကွက်များသည် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာသည်။

သူသည် သိုင်းကွက်အသစ်ထုတ်ရန် ပြင်ဆင်လိုက်သည်။ လက်ဝါးတွင် အတွင်းအား ဖြည့်လိုက်သည်။ လက်ဝါးတစ်ဖက်ကို ဇွန်လက်သည်းကုပ်ပုံသဏ္ဍာန်ပြုလုပ်လိုက်သည်။ ထို့နောက် ခုံးမင်၏

လက်ကောက်ဝတ်ကိုဖမ်းဆွဲ ဆုပ်ကိုင်လိုက်လေ၏။

ခုံးမင်မှာ အကြီးအကျယ် ထိတ်လန့်သွားသည်။ သူ၏လက်ကို လျှင်မြန်စွာ ရုပ်သိမ်းလိုက်ရ၏။ ထိုစဉ် လောင်စိမ်း၏ဘယ်လက်သည် လျှပ်တစ်ပြက်ပင် ခုံးမင်ပခုံးကို ကုတ်ဆွဲလိုက်တော့၏။ သူ၏လှုပ်ရှားမှုသည် လျှင်မြန်လှ၏။ ညာလက်ကိုယောင်ပြုပြီး ဘယ်လက်နှင့်အနိုင်တိုက်လိုက်ခြင်း ဖြစ်ပါသည်။ ခုံးမင် ရှောင်တိမ်းသော်လည်း မမီတော့ပါချေ။

"ဖြောင်း...."

လောင်စိမ်း၏လက်ငါးချောင်းက ခုံးမင်၏ပခုံးကို ကုတ်ဆွဲမိသွားသည်။ ထိုအခါ ခုံးမင်၏ဝတ်စုံသည်ပင် စုတ်ပြဲသွားပြီး ပခုံးဆစ်ကိုပါ ညှစ်ချေချိုးချပစ်လိုက်နိုင်သည်။

"အား...."

ခုံးမင်မှာ နာကျင်စွာရေရွတ်ပြီး နောက်ဆုတ်သွားလေသည်။ လောင်စိမ်းက အလွတ်မပေးပါ။ သူ၏စွန်ကုပ်လက်ဝါးနှစ်ဖက်ဖြင့် ခုံးမင်၏ရင်ဝသို့ ရိုက်ချသည်။ ခုံးမင်က လက်ဝါးနှစ်ကွက်ကို ကာကွယ်လိုက်နိုင်သည်။ ထိုလက်ဝါးနှစ်ကွက်မိသွားလျှင် ခုံးမင် မသက်သာတော့ချေ။

ထိုစဉ် လောင်စိမ်း၏ပတ်ခြေတစ်ဖက်သည် ရင်ဝသို့ ဆက်တိုက်ဝင်လာ၏။ လောင်စိမ်းသည် လက်ဝါးနှစ်ကွက်တိုက်ပြီး ဆက်တိုက်ပင် ပတ်ခြေကန်ထည့်လိုက်ခြင်း ဖြစ်သည်။

"ဝုန်း...."

ခုံးမင်မှာ နောက်သို့ယိုင်ထွက်သွားသည်။



"ကျား...."

လောင်စိမ်းသည် မာန်သွင်းအော်ဟစ်လိုက်၏။ သူ၏ခန္ဓာကိုယ်သည် အပေါ်လေထဲသို့ မြောက်တက်သွားသည်။ ထို့နောက် ခုံးမင်၏ယေ်ထိပ်ကို လက်ဝါးနှင့်ရိုက်ချလိုက်တော့၏။ ပွဲသိမ်းတိုက်ကွက်ပင် ဖြစ်ပါတော့သည်။

"ဝုန်း...."

"အား...."

ခုံးမင်မှာ နာကျင်စွာ အော်ဟစ်ရင်း မြေပေါ်သို့လဲကျသွားတော့၏။ လောင်စိမ်းမှာ မြေပြင်သို့ရုပ်လျက်သား ပြန်ကျလာသည်။

သူသည် အတော်ပင် မောဟိုက်ပင်ပန်းသွားသည်။ တစ်ကိုယ်လုံးလည်း ချွေးများ ရွှဲနစ်နေ၏။

"ဖြောင်း... ဖြောင်း... ဖြောင်း"

လက်ခုပ်သံ ပေါ်လာလေတော့သည်။ သိုင်းရာဇာကျိုးစန်း၏ လက်ခုပ်သံပေတည်း။ လောင်စိမ်းက သိုင်းရာဇာကျိုးစန်းအား လှည့်ကြည့်လေ၏။

သိုင်းရာဇာကျိုးစန်းက....

"မင်း အတော်ကို တိုးတက်နေပါကလား"

လောင်စိမ်းက ဆက်မပြောပါချေ။ သူ့တိုးတက်မှုနှင့် ပတ်သက်ပြီး ဆက်မပြောခြင်းဖြစ်သည်။ တကယ်အရေးကြီးသည်မှာ ထင်းရှုကိုဏ်းကြီး တည်မြဲရေးပင် မဟုတ်ပါလား။

"ကျုပ်တို့ ဘာဆက်လုပ်ကြမှာလဲ"

သိုင်းရာဇာကျိုးစန်းက ပေါ့ပေါ့ဆဆ ပြောလိုက်လေသည်။

"လွယ်ပါတယ်"

"ဘယ်လိုလွယ်တာလဲဗျ"

"ထင်းရှဂိုဏ်းကို ဖျက်လိုက်ရုံပေါ့ကွာ"

လောင်စိမ်း တွေဝေသွားသည်။ သိုင်းရာဇာကျိုးစန်းပြောသည့် အစီအစဉ်မှာ မည်သည့်အစီအစဉ်ဖြစ်ပါသနည်း။ သိုင်းရာဇာကျိုးစန်းက ဆက်လက်ပြောသည်။

"ကျုပ်က ဦးဆောင်ပြီး ထင်းရှဂိုဏ်းကိုဖြိုခွဲလိုက်တဲ့သတင်းဟာ မကြာခင် သိုင်းလောကမှာ ပျံ့နှံ့သွားမှာပါကွ၊ ဟူကျန်းစုလဲ သေနေပြီမဟုတ်လား"

လောင်စိမ်း တုန်လှုပ်သွားသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

သိုင်းရာဇာကျိုးစန်းက....

"မိုးကြိုးသွားလက်နက် ပျက်စီးသွားပြီလေ၊ မိုးကြိုးသွားလက်နက်မရှိဘဲ ထင်းရှဂိုဏ်းဆက်ထောင်နေရင် ကျုပ်လောက် မိုက်တဲ့လူရှိပါဦးတော့မလား။ အခု ဟူကျန်းစုကိုလဲ အသေမိထားပြီ၊ ကျုပ် ထင်းရှဂိုဏ်းကိုဖျက်သိမ်းပစ်မယ်ဆိုတာကို မင်းသဘောပေါက်နားလည်ပြီလို့ ထင်တယ်"

လောင်စိမ်း မျက်နှာပျက်သွားသည်။

"ခင်... ခင်ဗျား... ခင်ဗျား"

သူသည် စကားကိုဆုံးအောင် မပြောနိုင်တော့ချေ။

သိုင်းရာဇာကျိုးစန်းက....

"မိုးကြိုးသွားလက်နက်ရဖို့ ကျုပ် တစ်ယောက်တည်းနဲ့ မ



ဖြစ်လို့ မင်းနဲ့ပူးပေါင်းခဲ့တာပဲ၊ အခု ပူးပေါင်းဖို့မလိုတော့ဘူးလေ"

လောင်စိမ်း ဒေါသထွက်သွားသည်။ သူ ခံပြင်းစွာ ပြောလိုက်၏။

"ခင်ဗျား... သစ္စာဖောက်"

သိုင်းရာဇာကျိုးစန်းက....

"မင်းကကော ဘာထူးလို့လဲ၊ ဟူကျန်းစု ရောက်လာတဲ့အခါ သူ့ဘက်က မပါဘဲ သစ္စာဖောက်ခဲ့တာပဲ မဟုတ်လား"

လောင်စိမ်း၏မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားလေသည်။

"ကျုပ် ခင်ဗျားဘက်က ရပ်တည်ခဲ့တာပဲ မဟုတ်လား"

သိုင်းရာဇာကျိုးစန်းက ရယ်လိုက်၏။

"ဟား... ဟား... ဟား၊ သခင်ပြောင်းတဲ့လူတွေကို ကျုပ်က ဘယ်တော့မှ မယုံကြည်ဘူးကွ"

လောင်စိမ်းက ဒေါသထွက်သွား၏။

"ခင်... ခင်ဗျား လူယုတ်မာပဲ"

သိုင်းရာဇာကျိုးစန်းက....

"မကြာခင်မှာ သိုင်းလောကသားတွေက ကျုပ်ကိုချီးကျူးကြတော့မယ်၊ ကျုပ်က ထင်းရှဂိုဏ်းကိုဖြိုခွဲတဲ့ သူရဲကောင်းတစ်ယောက် မဟုတ်လား။ ကျုပ်ဖြိုခွဲခဲ့တဲ့တိုက်ပွဲဟာလဲ တကယ်ကြီးကျယ်တယ်၊ ကျုပ် အသက်စွန့်ဖြိုခွဲရတာလို့ လိပ်ပြာမယ်ရှောင်ဝမ်းဝမ်းက သိုင်းလောကမှာသတင်းဖြန့်လိမ့်မယ်"

လောင်စိမ်းက အေးစက်စက် ရယ်လိုက်၏။

"ခင်ဗျား ကျုပ်နဲ့ ပူးပေါင်းတာကို မေ့မထားနဲ့ဦး၊ ဘယ်လိုလုပ် သိုင်းလောကမှာ သူရဲကောင်းဖြစ်နိုင်မှာလဲ"

သိုင်းရာဇာကျူးစန်းက ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"ဒီအကြောင်းကို ဘယ်သူကမှ မပြောနိုင်တော့ပါဘူးကွာ၊ ဘယ်သူမှ မပြောနိုင်တော့ပါဘူး"

"ဘယ်သူက မပြောနိုင်မှာလဲ၊ ခင်ဗျား ထင်းရှုဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်တယ်ဆိုတာကို ပြောမယ့် ကျုပ်တစ်ယောက်လုံး ရှိသေးတယ်ဗျ၊ သိုင်းလောကတစ်ခုလုံး မပြောနဲ့ စကြဝဠာတစ်ခုလုံးတောင် သိသွားစေရမယ်"

လောင်စိမ်းက ဒေါသဖြင့် အော်ပြောလိုက်လေ၏။ သိုင်းရာဇာကျူးစန်းက ရယ်မော၍ ပြောလိုက်၏။

"ဟား... ဟား... ဟား၊ မင်းကကော ပြောနိုင်မယ် ထင်နေလို့လား၊ ဝေးသေးသကွာ"

လောင်စိမ်း၏မျက်နှာမှာ ဖြူရော်သွားသည်။

"ကျား....."

လောင်စိမ်းသည် မာန်သွင်းအော်ဟစ်လျက် သိုင်းရာဇာကျူးစန်းအား ဝင်ရောက်တိုက်ခိုက်တော့၏။ သိုင်းရာဇာကျူးစန်းမှာ ဤသို့တိုက်မည်ကို မျှော်လင့်ထားသဖြင့် ရယ်ရယ်မောမောနှင့် ခုခံလိုက်သည်။

သိုင်းရာဇာကျူးစန်းက ရယ်လေ လောင်စိမ်းက ဒေါသထွက်လေလေ ဖြစ်တော့သည်။ ခံပြင်းစိတ်များလည်း တဖွားဖွား ပေါ်နေတော့၏။ သိုင်းရာဇာကျူးစန်းသည် အလွန်ပင် ကောက်ကျစ်



ယုတ်မာသည်ကို လက်တွေ့သိရှိလိုက်ရပြီ မဟုတ်ပါလော။

လောင်စိမ်း၏ဒေါသကြောင့် သူ့တိုက်ခိုက်မှုမှာလည်း ပြင်းထန်နေသည်။ သူသည် သိုင်းရာဇာကျူးစန်းအား လွယ်လွယ်ကူကူ အနိုင်မရကြောင်း သိသည်။ ထို့ကြောင့် သူသည် အပြင်းထန်ဆုံး တိုက်ကွက်များကိုသာ သုံးသည်။

သိုင်းရာဇာကျူးစန်းက လောင်စိမ်းအား ပြန်လည်မတိုက်ခိုက်သေးပါ။ လောင်စိမ်း၏တိုက်ခိုက်မှုများကိုသာ ရှောင်တိမ်းပေးနေပါသည်။

လောင်စိမ်းမှာ ထိုတစ်ခဏအတွင်း သိုင်းကွက်နှစ်ဆယ်ခန့် တိုက်ခိုက်ပြီးဖြစ်နေသည်။ သူသည် ကျူးစန်း၏အင်္ကျီစကိုပင် ထိအောင် မတိုက်နိုင်ချေ။

သူသည် ခုံးမင်နှင့်တိုက်ခိုက်ခဲ့ရာတွင် ရေကုန်ရေခန်းတိုက်ခဲ့ပြီးဖြစ်၍ သူ မောပန်းနေပါပြီ။ ယခုလည်း သိုင်းရာဇာကျူးစန်းက သူ့အား မောပန်းစေရန်၊ အားကုန်စေရန် အမှားအယွင်းဖြစ်စေရန် အေးအေးဆေးဆေးတိုက်ခိုက်နေခြင်း ဖြစ်ပါသည်။ စစ်မြူပြီးတိုက်ခိုက်နေခြင်းသာဖြစ်ကြောင်း သူ ကောင်းစွာသိရှိပါသည်။

ထို့ကြောင့်ပင် သိုင်းရာဇာကျူးစန်းအား ပို၍ ဒေါသထွက်မိသည်။ လောင်စိမ်းသည် အေးစက်စက် ပြုံးလိုက်၏။

သူသည် အချိန်ဆွဲ၍ မတိုက်ခိုက်တော့ပါ။ အနိုင်အရှုံးကွဲပြားစေရန် သူ၏စွန်ကုပ်လက်ဝါးကို စတင်အသုံးပြုတော့၏။

သူ၏ညာလက်ဝါးက သိုင်းရာဇာကျူးစန်း၏ ဘယ်လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်၏။ သိုင်းရာဇာကျူးစန်းက လျင်သည်။

အသာရှောင်လိုက်၏။

ထိုစဉ် လောင်စိမ်း၏ ဘယ်လက်ဝါးက သိုင်းရာဇာကျိုးစန်း၏ပခုံးကို လျင်မြန်စွာ ကုတ်ဆွဲချလိုက်လေ၏။

ထိုအကွက်ကို ဓောစောတည်းကမြင်ပြီး ဖြစ်သည်။ ထို့ကြောင့် သိုင်းရာဇာကျိုးစန်းသည် အလွယ်တကူ ရှောင်နိုင်လိုက်သည်။ ဒါပြီး ဒါလာမည်ကို သိထားနှင့်သည်မဟုတ်ပါလား။

ထိုစဉ် သိုင်းရာဇာကျိုးစန်း၏လက်ဝါးက လော င်စိမ်း၏ရင်ဝသို့ ဝင်သွားသည်။

"ဝုန်း...."

လောင်စိမ်းမှာ နောက်သို့ခြေလှမ်းငါးလှမ်းမျှ ဆုတ်သွားရပြီး လဲပြိုသွားလုလု ခန္ဓာကိုယ်ကိုအနိုင်နိုင် ထိန်းလိုက်ရသည်။

သိုင်းရာဇာကျိုးစန်းက ရယ်လိုက်၏။

"ဟား... ဟား... ဟား၊ လောင်စိမ်း... လောင်စိမ်း၊ မင်းရဲ့စွန်ကုပ်လက်ဝါးဟာ တခြားလူနဲ့ပဲ အစွမ်းထက်မယ်၊ ကျုပ်ကိုတော့ မရဘူးကွ၊ ဟား... ဟား... ဟား"

လောင်စိမ်းသည် ကျိုးစန်းကို အံကြိတ်ပြီး ကြည့်နေ၏။ သူသည် သိုင်းရာဇာကျိုးစန်းထံသို့ ပြေးဝင်ကာ လက်ဝါးနှစ်ဖက်ဖြင့် သိုင်းရာဇာကျိုးစန်း၏ရင်ဝသို့ ကုတ်ဆွဲလိုက်သည်။

ထိုအခါ သိုင်းရာဇာကျိုးစန်းက နောက်ဆုတ်လိုက်၏။

လောင်စိမ်းသည် ပြေးဝင်လာသည်နှင့်တစ်ပြိုင်နက် လက်က ရင်ဝကိုကုတ်ဆွဲပြီး တစ်ပတ်ကျွမ်းထိုး လေထဲသို့ခုန်တက်ပြီး ဖြစ်နေသည်။ ထို့နောက် သိုင်းရာဇာကျိုးစန်း၏ငယ်ထိပ်သို့ ဝုန်းခနဲရိုက်



ချလိုက်၏။ စောစောက ခုံးမင်အား အနိုင်ယူလိုက်သည့်သိုင်းကွက်ပင် ဖြစ်သည်။

ဤသိုင်းကွက်သည် အလွန်တိကျပြီး လျင်မြန်လှ၏။ သူ၏လက်ဝါးကုတ်ဆွဲမှုကို နောက်ဆုတ်ရှောင်တိမ်းပြီးသည်နှင့် သူကျွမ်းထိုးရိုက်ချသောလက်ဝါးဒဏ်ကို ကောင်းစွာခံသွားရသည်သာ။

သို့သော် သိုင်းရာဇာကျိုးစန်းသည် ထိုသိုင်းကွက်ကိုမြင်ထားပြီဖြစ်သည့်အပြင် ဖျက်ကွက်ကိုပါ တွေ့ထားပြီးဖြစ်၏။ သူသည် ရင်ဘတ်ကို လောင်စိမ်းက ကုတ်ဆွဲလာသည်နှင့် သူသည် နောက်ဆုတ်ရှောင်တိမ်းပြီး အပေါ်သို့ခုန်တက်ပြီးဖြစ်နေသည်။

ထိုအချိန်တွင် လောင်စိမ်းမှာ တစ်ပတ်ကျွမ်းထိုးပြီး ရိုက်ချပြီးဖြစ်နေသည်။ သို့ရာတွင် သူရိုက်ချသည့်လူမှာ အောက်တွင်ရှိမနေတော့ပါ။ ထိုအခါ လောင်စိမ်း ထိတ်လန့်သွားပြီး လက်ဝါးကို အမြန်ရုပ်သိမ်းလိုက်၏။ ထိုစဉ် သိုင်းရာဇာကျိုးစန်း၏လက်ဝါးရိုက်ချက် အကာအကွယ်ကင်းမဲ့နေပြီဖြစ်သော လောင်စိမ်း၏ရင်ဘတ်အား ပြင်းထန်စွာ ရိုက်ချလိုက်တော့သည်။

"ဝုန်း...."

လောင်စိမ်း ခမျာ အရုပ်ကြိုးပြတ် လွင့်စဉ်သွားရလေတော့၏။ လုံးဝ ပြန်ထလာနိုင်ခြင်း မရှိတော့ပါပေ။

သိုင်းရာဇာကျိုးစန်းသည် အားရပါးရ ရယ်မောလိုက်လေတော့၏။

"ဟား... ဟား... ဟား"

သူ၏ရယ်သံသည် လိုဏ်ဂူအတွင်း ပဲ့တင်ထပ်သွားလေ

တော့သည်။

ထိုစဉ် ရှောင်ဝမ်းဝမ်းသည် အပြေးကလေး ရောက်ရှိလာလေ၏။

"ကောင်မလေး နှစ်ယောက်ကော"

ရှောင်ဝမ်းဝမ်းအား သိုင်းရာဇာကျုံးစန်းက ဆီးကြိုမေးလိုက်၏။ ရှောင်ဝမ်းဝမ်းက အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြလိုက်သည်။

သိုင်းရာဇာကျုံးစန်းက....

"သူတို့ လွတ်သွားတာပေါ့"

"သူတို့လွတ်သွားတာ မဟုတ်ဘူး၊ နှစ်ယောက်စလုံး အပြင်းအထန်ဒဏ်ရာတွေ ရထားတယ်၊ ဒါကြောင့် သူတို့ ရေနစ်ပြီးသေမှာပါ"

"ထားလိုက်တော့... တင်းမိန်ကိုကော တွေ့သလား"

"မတွေ့ဘူး... သူ လွတ်သွားပြီလို့ ထင်တယ်"

သိုင်းရာဇာကျုံးစန်း မျက်နှာပျက်သွားတော့၏။

"ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

"သူလွတ်သွားလို့ မဖြစ်ဘူး"

"အခု သူ လွတ်သွားတယ်လို့ ထင်တာပဲ၊ ဒါပေမယ့်လဲ သူ့မှာဒဏ်ရာတွေက မွနေတာပဲ မဟုတ်လား၊ တစ်နေရာမှာ ပုန်းနေဖို့က များပါတယ်"

"သူဟာ အဓိကပဲ၊ သူမသေရင် ကျုပ်အတွက် နောက်



ကြောင်း မအေးဘူး"

"သူ့အတွက် ပူမနေပါနဲ့ရှင်"

"မပူလို့ မရဘူး။ သူ ကျုပ်ကို သိသွားတယ်၊ ကျုပ်မျက်နှာကို ချွတ်လိုက်တော့ သူရှိနေတယ်"

"ဘာမှ ပူမနေပါနဲ့ရှင်"

"မင်းမှာ အကြံရှိထားသလား"

ရှောင်ဝမ်းဝမ်းက....

"အခုတောင် တင်းမိန်နဲ့ချင်းချင်းကို သူ့လူတွေက သစ္စာဖောက်လို့ ထင်နေကြတာပဲ"

"မင်းပြောတာကို ကျုပ် နားမလည်ဘူး"

ရှောင်ဝမ်းဝမ်းက ရယ်လိုက်သည်။

"လွယ်လွယ်ကလေးပါ၊ ရှင် ထင်းရှုဂိုဏ်းကို ဝင်ရောက်တိုက်ခိုက်တဲ့အခါမှာ အားလုံးကို အသေမိပေမယ့် တင်းမိန်နဲ့ ချင်းချင်းတို့ကတော့ လွတ်သွားတယ်ပေါ့"

"ကျုပ်ပြောတာကို ယုံပါ့မလား"

"ခစ်... ခစ်... ခစ်၊ ရှင်ဟာ သိုင်းရာဇာတစ်ယောက်ပါ၊ ရှင့်စကားကို ဘယ်သူက မယုံကြည်ဘဲ နေပါ့မလဲ၊ ရှင်သာ မင်သေသေနဲ့ ပြောတတ်ရင် ယုံပါတယ်"

သိုင်းရာဇာကျုံးစန်း၏မျက်နှာ ပြုံးရွှင်သွား၏။ မျက်လုံးများမှာလည်း တောက်ပသွားသည်။ သူ၏မျက်လုံးများတွင် ကောက်ကျစ်သော အရိပ်အယောင်များ ထွက်ပေါ်လာတော့၏။

ရှောင်ဝမ်းဝမ်းက....

"ကဲ... အချိန်မရှိဘူး၊ ရှင် ဟန်ပြခေါ်လာခဲ့တဲ့ ရဲမက်တွေကို အသုံးပြုရတော့မယ်၊ ရှင် ဒီမှာနေခဲ့၊ ကျွန်မက ရှင့်ရဲမက်တွေကိုခေါ်ပြီး ထင်းရှုဂိုဏ်းသားတွေကို ရှင်းပစ်မယ်၊ ဩော်... ရှင့်ဝတ်စုံ အစိမ်းကြီးကိုလဲ ချွတ်ပစ်ထားဦးနော်"

ရှောင်ဝမ်းဝမ်း၏အစီအစဉ်က တိကျလှ၏။ သူမသည် ... ကားဆုံးသည်နှင့် ပြေးထွက်သွားတော့သည်။

အတန်ကြာသောအခါ တိုက်သံခိုက်သံများကို ဆူညံစွာ ကြားရလေတော့၏။

သိုင်းရာဇာကျိုးစိန်း၏မျက်နှာမှာ တဖြည်းဖြည်း ပြုံးလာသည်။ နောက်ဆုံး အားရပါးရ ရယ်မောလေတော့၏။

"ဟား... ဟား... ဟား"

သူ့ရယ်သံသည် လိုဏ်ဂူအတွင်း၌ ပဲ့တင်ထပ်သွားလေတော့၏။



အခန်း(၁၆)

သိုင်းလောကသူရဲကောင်း

"ဝုန်း...."

'ဝုန်း...."

ပေါက်သံ ထွက်ပေါ်လာသည်။ မြေကြီးများ တုန်ခါသွားလေ၏။ သမားတော်ကြီးသည် ခုန်ထလိုက်ပြီး....

"ဘာဖြစ်တာလဲဟ"

ကျင်းဟို့က....

"တစ်ခုခုပေါက်ကွဲတဲ့ အသံမျိုးပဲ၊ ဘာများ ပေါက်ကွဲသလဲတော့ မသိဘူး"

နဂါးညီနောင်က ပြတင်းပေါက်မှ လှမ်းကြည့်လိုက်၏။ အဝေးတွင် မီးခိုးလုံးကြီးများ တက်နေသည်ကိုတွေ့လိုက်ရသည်။ မီးခိုးများတက်သည့်နေရာသည် သစ်တောနှင့် တောင်ကုန်းကြီးရှိရာအရပ်ဖြစ်ကြောင်း သိလိုက်ရသည်။

နဂါးညီနောင်က....

"ဒါဟာ ထင်းရှုဂိုဏ်းသားတွေရှိနိုင်တဲ့ နေရာပဲ၊ အဲဒီမှာ တစ်ခုခုတော့ ဖြစ်နေပြီ"

သူတို့သည် ပြောရင်း ဆိုရင်း ပြတင်းပေါက်မှ ခုန်ထွက်သွားကြလေ၏။

ကျင်းဟို့ကလည်း....

"ဟေ့... နေဦး၊ ကျုပ်လဲ လိုက်မယ်"

ကျင်းဟို့သည်လည်း နဂါးညီနောင်နောက်မှ ပြေးလိုက်သွားတော့၏။ သမားတော်သိုင်းသမားသည် တောင်ပင်လယ်ကျွန်းသခင်ကြီးအား လိုက်လံရှာဖွေလိုက်သည်။

သိုင်းသမားတစ်ယောက်က တောင်ပင်လယ်ကျွန်းရှင် သခင်ကြီးသည် သူ့တပည့်လက်သားများနှင့် တောင်နင်းရှာဖွေရန်ထွက်သွားပြီးဖြစ်ကြောင်း သတင်းပေးလေ၏။

သမားတော်ကြီးက....

"အင်း... ဒီလိုဆိုလဲ ပြီးတာပဲ"

သူသည်လည်း ကျင်းဟို့နောက်သို့ ပြေးလိုက်သွားလေတော့၏။

တောအုပ်အတွင်း လူဆယ့်ငါးယောက်ခန့် ထိုင်နေကြ၏။ ထိုလူစုမှာ တောင်ပင်လယ်ကျွန်းသခင်ကြီး၏လူစုပင် ဖြစ်ပါသည်။

သူတို့သည် တောအုပ်အတွင်း လှည့်ပတ်ရှာဖွေကြရင်း မော ပန်းလာသဖြင့် နားနေကြခြင်းဖြစ်ပါသည်။

တောင်ပင်လယ်ကျွန်းသခင်ကြီးက....



"ရန်သူဟာ ဒီနားတစ်ဝိုက်မှာ ရှိတယ်ကွ၊ ဒါကို ရှာမတွေ့တာ အတော်အံ့ဩစရာ ကောင်းတယ်ကွာ၊ မင်းတို့ မောရင် ခဏနားကြ ပြီးရင် ဆက်ရှာကြ၊ တွေ့ကိုတွေ့မှ ဖြစ်မယ်"

တောင်ပင်လယ်ကျွန်းသခင်ကြီးသည် စိတ်ထဲတွင် မခံချင်အောင် ဖြစ်နေမိ၏။ သူသည် ဤအနီးတစ်ဝိုက်၌ ထင်းရှူးဂိုဏ်းဝင်များ ရှိနေသည်ကိုသိနေသည် မဟုတ်ပါလော။ ထိုစဉ်....

"ဝုန်း...."

"ဝုန်း...."

ပေါက်ကွဲသံသည် ဆက်တိုက် ပေါ်ထွက်လာ၏။ တောင်ပင်လယ်ကျွန်းသခင်ကြီးသည် မတ်တတ်ထရပ်လိုက်လေ၏။

"ဘာသံလဲ"

"ပေါက်ကွဲသံပါ ခင်ဗျာ"

"ဘယ်ကလဲ"

"ဒီအနီးအနားကပဲ ခင်ဗျ"

မြေကြီးတုန်လှုပ်သွားသောပေါက်ကွဲမှုကြောင့် တောင်ပင်လယ်ကျွန်းသခင်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

တောင်ပင်လယ်ကျွန်းသခင်ကြီးသည် သူတို့ရောက်ရှိနေသည့်နေရာမှ ရှေ့ဘက်ဆယ်မိုင်ခန့်အကွာ တောင်ကုန်းဆီမှထွက်လာသောအသံဖြစ်ကြောင်း နောက်ဆုံး သိလိုက်ရသည်။

"ကဲ... သွားကြစို့၊ အဲဒီနေရာဟာ ရန်သူ့စခန်းဖြစ်လိမ့်မယ်၊ ပေါက်ကွဲတာဟာ တစ်ခုခုအကြောင်းကြောင့် ဖြစ်လိမ့်မယ်"

တောင်ပင်လယ်ကျွန်းသခင်ကြီးသည် ပြောပြောဆိုဆိုရှေ့မှ

ပြေးထွက်သွားတော့၏။ သူ့တပည့်များလည်း နောက်မှပြေးလိုက်သွားရတော့သည်။ သူတို့သည် ရန်သူကို တွေ့ရမည်ထင်သောကြောင့် အားတက်ပြီး ပြေးလွှားသွားကြခြင်းဖြစ်သည်။

တောင်ပင်လယ်ကျွန်းသခင်ကြီးတို့လူစုရောက်သောအခါ ပြိုလဲနေသော တောင်နံရံကြီးအနီးတွင် လူတစ်စုအား တွေ့လိုက်ရတော့သည်။ တောင်ခြေတွင် သေဆုံးနေသော ထင်းရှူကိုဏ်းသားများကိုလည်း တွေ့ရ၏။

တောင်ပင်လယ်ကျွန်းသခင်ကြီးသည် ရပ်နေသည့်လူစုအုပ်အုန်အား ကြည့်လိုက်၏။ ကျိုးစန်း၏ရဲမက်ကိုယ်ရံတော်များဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုရဲမက်စစ်သည်တော်များအကြားမှ လူတစ်ယောက် ထိုးထွက်လာပြီး တောင်ပင်လယ်ကျွန်းသခင်ကြီးအား ဂါရဝပြုလေ၏။ ထိုသူမှာ အခြားသူမဟုတ်ပါ။ လိပ်ပြာမယ်ရှောင်ဝမ်းဝမ်း ဖြစ်ပါသည်။

ရှောင်ဝမ်းဝမ်း၏မျက်နှာမှာ ဖြူရော်နေ၏။ လူကလည်း မောဟိုက်နေသည်။ တိုက်ပွဲကို အတော်ဆင်နွှဲနေရကြောင်း သူ့အမူအရာက ဖော်ပြနေသည်။ သူမသည် တောင်ပင်လယ်ကျွန်း သခင်ကြီးအား တွေ့ရသောအခါ ဝမ်းသာသွားသည်။

"တောင်ပင်လယ်ကျွန်းသခင်ကြီးရောက်လာတာနဲ့ အတော်ပါပဲ၊ ကူညီကြပါဦးရှင်၊ အစ်ကို ကျိုးစန်း"

သူမသည် မောလွန်း၍ ပြတ်တောင်း ပြတ်တောင်းနှင့် စကားမနည်းပြောနေရသည်။



တောင်ပင်လယ်ကျွန်းသခင်ကြီးက....

"ပြောစမ်းပါ... သိုင်းရာဇာကျိုးစန်း ဘာဖြစ်သလဲ၊ ထင်းရှူကိုဏ်းသားတွေ သေနေတာကကော ပေါက်ကွဲတာကရော ဘာဖြစ်တာလဲ"

"ဟောဟိုဟာ ထင်းရှူကိုဏ်းရဲ့ဌာနချုပ်ပါပဲ၊ အစ်ကိုကျိုးစန်းရဲ့ ရဲမက်စစ်သည်တော် တချို့လဲ အထဲမှာရောက်နေပါတယ်"

တောင်ပင်လယ်ကျွန်းသခင်ကြီးသည် ကျောက်တုံးများပိတ်ဆို့ပြိုလဲနေသောဂူဝအား သူ့တပည့်များအား ဖယ်ရှားခိုင်းသည်။

"ဟေ့... ဖယ်ကြစမ်း၊ ဂူဝက ပိတ်ဆို့နေတဲ့ကျောက်တုံးတွေကို"

ထိုစဉ် နဂါးညီနောင်၊ ကျင်းဟို့နှင့် သမားတော်ကြီးတို့လည်း ရောက်ရှိလာကြ၏။ တစ်ယောက်တစ်လက်နှင့် တက်ညီလက်ညီ ဖယ်ရှားလိုက်ရာ မကြာမီ လိုဏ်ဂူဝသည် ပေါ်လာလေတော့၏။

လိုဏ်ဂူဝပွင့်သည်နှင့် တောင်ပင်လယ်ကျွန်းသခင်ကြီးနှင့် နဂါးညီနောင်တို့သည် ရှေ့ဆုံးမှပြေးဝင်သွားကြတော့၏။

သမားတော်ကြီးက....

"သိပ်အတင့်မရဲကြနဲ့နော်"

သတိပေးလိုက်၏။ ထို့နောက် တစ်ပြုံလုံး လိုက်ဝင်သွားကြတော့၏။ လိုဏ်ဂူ ထဲရောက်သောအခါ ထင်းရှူကိုဏ်းသားများကို တိုက်ခိုက်နေကြသော ကိုယ်ရံတော်လေးယောက်ခန့်ကို တွေ့လိုက်ကြရသည်။ ဝင်လာသော လူများက ဝိုင်းရှင်းလိုက်ကြသဖြင့် ထင်းရှူကိုဏ်းသားများ သေဆုံးသွားကြရသည်။

သူတို့သည် လိုဏ်ဂူထဲ ဝင်ခဲ့ကြသည်။ ထိုအခါ လိုဏ်ဂူလမ်းထဲ လဲကျနေသော လူတစ်ယောက်ကို တွေ့လိုက်ကြရသဖြင့် နဂါးညိုနောင်က ဆွဲလှန်လိုက်၏။ ထိုအခါ ခုံးမင်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ တောင်ပင်လယ်ကျွန်းသခင်ကြီးက စိုးရိမ်တကြီးပြောလိုက်၏။

"ကျုပ်တို့ မြန်မြန်ရှေ့ဆက်ဝင်မှ ဖြစ်မယ်၊ သိုင်းရာဇာကျုံးစန်း အန္တရာယ်တွေ့နေပြီလား မသိဘူး"

သူတို့သည် လျင်မြန်စွာ ရှေ့ဆက်ဝင်ခဲ့ကြ၏။ လိုဏ်ဂူအကွေ့တွင် သေဆုံးနေသော ရဲမက်တော်နှစ်ယောက်အလောင်းနှင့် ထင်းရှုဂိုဏ်းသား သုံးယောက်၏အလောင်းများကို တွေ့ရသည်။

ထင်းရှုဂိုဏ်းသား အလောင်းများထဲတွင် လောင်စီမ်း၏အလောင်းပါဝင်နေကြောင်း တွေ့ရသည်။

"ဟာ... ဒီမှာ လောင်စီမ်း အလောင်း"

သူတို့သည် လောင်စီမ်း၏ဝတ်စုံစိမ်းအား လှန်ကြည့်လိုက်ရာ လက်ဝါးဒဏ်ရာကိုတွေ့ရလေ၏။

နဂါးညိုနောင်က....

"ဒါ သိုင်းရာဇာကျုံးစန်းရဲ့လက်ဝါးပဲ"

သမားတော်သိုင်းသမားကြီးက....

"သူ လောင်စီမ်းကို အနိုင်တိုက်ပြီး အထဲကို ဆက်ဝင်သွားတယ်နဲ့တူတယ်"

"ဒါဖြင့် ဘာလုပ်နေကြတာလဲ၊ အထဲကို ဆက်ဝင်ကြလေ"

နဂါးညိုနောင်က ဆော်ဩလိုက်သဖြင့် အားလုံး အထဲသို့ ဆက်ဝင်ကြလေတော့၏။



လမ်းတွင် ရဲမက်အချို့၏အလောင်းများနှင့် ထင်းရှုဂိုဏ်းသားအချို့၏အလောင်းများကို တွေ့ကြရသည်။ သူတို့သည် အလောင်းများကိုကျော်ဖြတ်ပြီး ဝင်လာခဲ့ရာ အခန်းကျယ်ကြီးတစ်ခုဆီသို့ ရောက်လာခဲ့ကြတော့၏။

ထိုအခန်းကျယ်ကြီးတွင် လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။ ထိုလူ၏တစ်ကိုယ်လုံးတွင် သွေးများ စွန်းထင်းပေကျံနေ၏။

ထိုလူသည် အတွင်းအားကျင့်ပြီး အတွင်းဒဏ်ရာကို အတွင်းအားဖြင့် ကုသနေခြင်းဖြစ်သည်။ အခန်းထဲသို့လူအများအပြားဝင်လာသောအခါ ထိုလူသည် ခုန်ထလိုက်၏။

သမားတော်ကြီးတို့ တောင်ပင်လယ်ကျွန်းသခင်ကြီးတို့ကို တွေ့သောအခါမှ သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့ ရောက်လာကြပြီလား"

တောင်ပင်လယ်ကျွန်းသခင်ကြီးက....

"ထင်းရှုဂိုဏ်းချုပ်ကော...."

သိုင်းရာဇာကျုံးစန်းက အခန်းထောင့်ကိုညွှန်ပြလိုက်၏။ အားလုံးသည် အခန်းထောင့်သို့ စုပြုံသွားရောက်သွားကြတော့သည်။ ထိုအခါ ဟူကျန်းစု၏အလောင်းကို တွေ့ကြရတော့သည်။

အားလုံး၏မျက်နှာပေါ်တွင် သိုင်းရာဇာကျုံးစန်းအပေါ် အထင်ကြီးလေးစားသော အရိပ်အယောင်များ ပေါ်ထွက်လာတော့သည်။ အခြေအနေများကို မေးချင်သူများက ပါးစပ်တပြင်ပြင် ဖြစ်နေကြလေ၏။ ဤသည်ကို သိုင်းရာဇာကျုံးစန်းက သိသည်။

"ကျုပ်ရဲ့ အိမ်ဂေဟာကိုရောက်ပြီးတော့မှ အစအဆုံး ရှင်းပြပါရစေ၊ ခင်ဗျားတို့ လမ်းမှာ ရောင်ဝမ်းဝမ်းကိုရော တွေ့ခဲ့ကြရဲ့လား"

သူသည် ရောင်ဝမ်းဝမ်းအတွက် စိုးရိမ်ပူပန်စွာ မေးလိုက်လေ၏။

သမားတော်ကြီးက....

"ရောင်ဝမ်းဝမ်းအတွက် ဘာမှမပူပါနဲ့ ဘေးရန်ကင်းရှင်းပါတယ်၊ သူ ဘာမှမဖြစ်ပါဘူး၊ တိုက်ရခိုက်ရတာများလွန်းလို့ ပင်ပန်းနွမ်းနယ်တာလောက်ပဲရှိပါတယ်၊ အပြင်မှာ တွေ့ခဲ့ရပါတယ်"

သိုင်းရာဇာကျုံးစန်းသည် သက်ပြင်းချလိုက်လေ၏။

"တော်ပါသေးရဲ့ဗျာ၊ ကျုပ် ဒီနေ့ သေပြီလို့ တွက်ထားတာကံကောင်းလို့ ကျုပ်က ရှင်ပြီး သူတို့က သေခဲ့ရတာ၊ ကံတရားရဲ့ဖေးမမှုပေါ့ဗျာ"

သိုင်းရာဇာကျုံးစန်း၏စကားကြောင့် နားထောင်သူအားလုံးမှာ ကံတရားကို ကျေးဇူးတင်သွားကြရပြန်သည်။

"ကံကောင်းပေလို့ မောင်မင်းကြီးသား နိုင်တာ"

နဂါးညီနောင်က....

"ဒါထက် မိုးကြိုးသွားလက်နက်ကော တွေ့ရဲ့လား၊ ဒီဟာက ဒီကိစ္စမှာ အဓိကပဲ"

ဝင်မေးလိုက်ကြသည်။

သိုင်းရာဇာကျုံးစန်းက....

"သူတို့ မိုးကြိုးသွားလက်နက်ကို တပ်ဆင်ပြီးသွားပြီဗျ



လက်နက်ကိုတောင် စမ်းသပ်နေပြီ၊ တကယ်ကြောက်စရာကောင်းတဲ့လက်နက်ဗျာ၊ တကယ်မြန်တဲ့ လက်နက်ဗျ၊ ဘယ်သူမှမရှောင်နိုင်ဘူး၊ ကျုပ် ရောက်လာတာ အချိန်မီကလေးပဲ"

နဂါးညီနောင်က....

"ဟုတ်လား... မိုးကြိုးသွားလက်နက်က ဘယ်မှာလဲ"

သိုင်းရာဇာကျုံးစန်းက စားပွဲပေါ်သို့လက်ညှိုးညွှန်ပြလိုက်၏။ စားပွဲပေါ်တွင် ပျက်စီးနေသော မိုးကြိုးသွားလက်နက် ရှိပေသည်။ လက်နက်သည် ကြေမွပျက်စီးလျက် ရှိနေလေပြီ။

တောင်ပင်လယ်ကျွန်းသခင်ကြီးက မိုးကြိုးသွားလက်နက်ကို ကိုင်ကြည့်၏။

"သြော်... ပျက်စီးသွားပြီပဲ"

သူသည် လွှတ်ခနဲ ပြောလိုက်၏။

သိုင်းရာဇာကျုံးစန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကြောက်စရာကောင်းတဲ့ မိုးကြိုးသွားလက်နက်ကို ကျုပ် မထားလိုတော့ပါဘူးဗျာ၊ ဒီလက်နက်ရှိနေသရွေ့ ဒုစရိုက်သမားတွေရဲ့ရန်က အေးမှာမဟုတ်ဘူး၊ ဒုစရိုက်သမားတွေဟာ ဒီလက်နက်ကိုပဲ မျက်စောင်းထိုးနေကြတယ်"

အားလုံးက ခေါင်းညိတ်လိုက်ကြ၏။

"ဟုတ်ပါတယ်... ဒါကို မကောင်းဆိုးဝါးကောင်လို့တောင် ပြောလို့ရပါတယ်၊ တကယ် မကောင်းကျိုးပေးတဲ့လက်နက်ပဲ"

သမားတော်ကြီးက ပြောလိုက်ခြင်းဖြစ်သည်။

သိုင်းရာဇာကျုံးစန်းက....

"ပထမအကြိမ်တုန်းက သိုင်းလောသားတွေ အတော်များ သေဆုံးခဲ့ရတယ်၊ အဲဒီကတည်းက ဖျက်ဆီးပစ်လိုက်ရင် ထင်းရှူဂိုဏ်းဟာ ပြန်ပေါ်လာမှာတောင် မဟုတ်တော့ဘူး။ အဲဒီတုန်းက မဖျက်ဆီးခဲ့လို့ ဒီကောင်တွေ ပြန်ပေါ်လာခဲ့ရတာပါ"

သိုင်းရာဇာသည် ခေတ္တမျှ စကားပြတ်သွား၏။ ထို့နောက် ဆို့နစ်စွာ ဆက်ပြောသည်။

"ပြီးတော့ ကျုပ်မိတ်ဆွေ သိုင်းရာဇာတွေလဲ သေဆုံးရမှာ မဟုတ်ပါဘူး"

အားလုံး ငြိမ်သက်တိတ်ဆိတ်သွားလေတော့၏။

သိုင်းရာဇာကျိုးစန်းက....

"ဒါကြောင့် ကျုပ်က ချက်ချင်း ဆုံးဖြတ်ချက်ချပြီး ချက်ချင်း ဖျက်ဆီးလိုက်တာပါ၊ ဒီလက်နက်ကြောင့် ဘယ်သူမှ ထပ်မသေချင်တော့ဘူး"

ကျင်းဟို့က ပြောလိုက်သည်။

"လေးစားပါတယ်ဗျာ၊ ခင်ဗျားရဲ့စိတ်ထားဟာ တကယ် လေးစားစရာကောင်းပါတယ်"

သိုင်းရာဇာကျိုးစန်းက လက်ကာပြလိုက်၏။

"ကျုပ်မှ မဟုတ်ပါဘူးဗျာ၊ ကျုပ်နေရာမှာ ရှိတယ်ဆိုရင် ခင်ဗျားတို့လဲ ဒီလိုပဲ လုပ်ကြမှာလို့ ကျုပ်ထင်ပါတယ်၊ အခြေအနေက ဒီကိန်းကို ဆိုက်နေတာကိုး"

အားလုံးသည် ထိုစကားကြောင့် သူ့ကိုပို၍ အထင်ကြီးသွားကြတော့၏။



တောင်ပင်လယ်ကျွန်းသခင်က....

"ဒါထက် ကျုပ်သမီးကိုကော တွေ့မိသလား"

သိုင်းရာဇာကျိုးစန်း မျက်နှာပျက်သွား၏။

တောင်ပင်လယ်ကျွန်းသခင်ကြီးက....

"ခင်ဗျား တွေ့လိုက်တယ် ထင်တယ်၊ သမီး ဘယ်မှာလဲ၊ ပြောစမ်းပါဗျ"

သိုင်းရာဇာကျိုးစန်းက သက်ပြင်းချလိုက်၏။

"ကျုပ် နောက်တော့ ပြောပြပါ့မယ်၊ အခု လောလောဆယ်မှာ သူတို့ပျောက်နေတာကတော့ အမှန်ပါပဲ၊ အခု ကျုပ် အရမ်းပင်ပန်းနေလို့ ခဏလောက် နားချင်ပါတယ်"

"ကောင်းပါတယ်... နားပါ... နားပါ"

အားလုံးက ပြောလိုက်ကြသည်။

သူတို့သည် လိုဏ်ဂူအပြင်သို့ပြန်ထွက်ရင်း အကျအဆုံးစာရင်းကို ကောက်သွားသည်။

ထင်းရှူဂိုဏ်းသား စုစုပေါင်း နှစ်ဆယ့်သုံးယောက်ကျဆုံးပြီး ကျိုးစန်း၏စစ်သည်ရဲမက်များမှာ ဆယ့်လေးယောက်ကျဆုံးသည်။

"ထင်းရှူဂိုဏ်းဟာ အင်အားစုစည်းနေတုန်းပါ၊ မိုးကြိုးသွား လက်နက်ပြီးသွားရင်တော့ သူ့အင်အားဟာ တစ်ဟုန်ထိုး တိုးတက်သွားမှာပါ"

သိုင်းရာဇာကျိုးစန်းက ပြောလိုက်ခြင်းဖြစ်ပါသည်။

သူတို့လူစုသည် ဂူအပြင်သို့ပြန်ထွက်လာသောအခါ အထဲဝင်လာသော ရှောင်ဝမ်းဝမ်းနှင့် တွေ့ဆုံကြလေ၏။

ရှောင်ဝမ်းဝမ်းသည် သိုင်းရာဇာကျူးစန်းကိုပြေးပွေ့လိုက် ပြီး...

"ရှင်... ရှင် ဘာမှမဖြစ်ဘူးနော်"

သိုင်းရာဇာကျူးစန်းကလည်း ရှောင်ဝမ်းဝမ်းအား ပြေး ပွေ့လိုက်ပြီး ဝမ်းသာအားရ ပြောလိုက်သည်။

"ကျုပ်က အမှန်တရားဘက်က လူပဲ၊ ဘယ်တော့မှဖြစ်မှာ မဟုတ်ပါဘူး၊ မင်း ဘာမှမဖြစ်တာကိုဘဲ ဝမ်းသာလှပါပြီ"

အားလုံးသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေကြ လေ၏။

သူတို့အားလုံးသည် ဆယ့်ငါးမိုင်ခန့်အကွာ၌ ရှိသော သိုင်း ရာဇာကျူးစန်း၏အိမ်သို့ လိုက်သွားကြလေတော့သည်။

စာစဉ်(၃) ပြီး၏

စာစဉ်(၄)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ် နေလင်းအောင်